### ရွေးချယ်တင်မြှောက်ပုံစနစ်

## ရွေးချယ်တင်မြှောက်ပုံစနစ်များ-အပိုင်း (၂)

ခင်မောင်ဝင်း

အခြေခံဥပဒေရေးရာစာစောင် အမှတ်စဉ် (၁၂)မှာ မဲများသူနိုင်စတမ်းစနစ် (First Pass The Post)နဲ့ မဲအများစုစနစ် (Majority system) တွေဖြစ်တဲ့ ဒုတိယမဲပြားစနစ် (Second round) နဲ့ ပြောင်းလဲနိုင်သောမဲပေးစနစ် (Alternative vote)ဆိုတာတွေကို တင်ပြခဲ့ပါတယ်။ အဲဒီစနစ်တွေမှာ အားနည်းချက်တွေရှိပါတယ်။ အဲဒီအားနည်းချက်တွေကတော့ ရရှိတဲ့ထောက်ခံမဲထက် ပိုပြီးကိုယ်စားပြုသွားခြင်းဆိုတဲ့ over representing ပြဿနာဖြစ်ပါတယ်။ ဒါကြောင့် ဒီနေရာမှာ ပိုပြီးကိုယ်စားပြုခြင်း over representing အကြောင်းတင်ပြချင်ပါတယ်။ အရွေးခံရသူတွေဟာ မဲဆန္ဒနယ် (constituency) အတွင်းမှာရှိတဲ့ မဲဆန္ဒရှင်ပြည်သူအားလုံးရဲ့ ထောက်ခံမှုမရရှိပေမဲ့ မဲဆန္ဒနယ်တခုလုံးကို ကိုယ်စားပြုသွားတာဟာ ပိုပြီးကိုယ်စားပြုခြင်း မျိုးဖြစ်ပါတယ်။ ဥပမာမြန်မာနိုင်ငံမှာ လွတ်လပ်ရေးမရခင်ကတည်းကနေ ကျင့်သုံးလာခဲ့တဲ့ မဲများသူနိုင်စတမ်းစနစ်မှာဆိုယင် မဲဆန္ဒနယ်တခုမှာ ကိုယ်စားလှယ်ပေါင်းစုံအရွေးခံရမှာ အဲဒီမဲဆန္ဒနယ်မှာ စုစုပေါင်းဆန္ဒမဲရဲ့ ထက်ဝက်မကျော်ပေမဲ့ ကိုယ်စားလှယ်လောင်းတွေကြားမှာ မဲအများဆုံးရထားရုံနဲ့ အရွေးခံရတာမျိုးရှိပါတယ်။

မဲအများစုစနစ်တွေဖြစ်တဲ့ ပြင်သစ်သမ္မတရွေးချယ်တင်မြှောက်ပွဲမှာကျင့်သုံးတဲ့ဒုတိယမဲပြားစနစ်နဲ့ ဩစတြေးလျနိုင်ငံအောက်လွှတ်တော် ရွေးချယ်တင်မြှောက်ပွဲမှာ ကျင့်သုံးလှဲပြောင်းပေးနိုင်တဲ့ မဲပြားစနစ်တွေမှာလည်း မဲအားလုံးရဲ့ထက်ဝက်ကျော် ထောက်ခံမှုရရှိသူကိုမှ ရွေးချယ်တယ်ဆိုပေမဲ့ သူတို့ဟာမဲဆန္ဒရှင်အားလုံး (ရာနှုန်းပြည့်)ထောက်ခံမှုရရှိတာမျိုး မဟုတ်ကြပါဘူး။ မဲများသူနိုင်စတမ်းစနစ်နဲ့ မဲအများစုစနစ်တွေ ကျင့်သုံးတဲ့ကမ္ဘာ့နိုင်ငံတွေ အတွေ့အကြုံရတဲ့ အဲဒီစနစ်တွေမှာ အရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်လောင်းတဦးဟာ မဲဆန္ဒနယ်တခုလုံးက မဲအားလုံးရဲ့ ၆၀ ရာနှုန်းကျော် ထောက်ခံမှုရတယ်ဆိုတာ ရှားရှားပါပါး ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီကိုယ်စားလှယ်လောင်းတဦး အရွေးခံလိုက်ရပြီဆိုတာနဲ့ မဲဆန္ဒနယ်တခုလုံးက ဆန္ဒမဲအားလုံးကို ကိုယ်စားပြုသွားတဲ့အတွက် ဆန္ဒမဲ တရာရာနှုန်းစလုံး ရရှိသွားပါတယ်။ အရွေးချယ်ခံလိုက်ရသူက အဲဒီလိုထောက်ခံမဲထက်ပိုပြီး ကိုယ်စားပြု

နေတာမို့ တခြားပါတီငယ်တွေက ကိုယ်စားလှယ်လောင်းတွေ နစ်နာရပါတယ်။ မဲများသူနိုင်စတမ်းစနစ်၊ ဒုတိယမဲပြားစနစ်နဲ့ လွှဲပြောင်းနိုင်တဲ့ မဲပြားစနစ်တွေအားလုံးမှာ အရွေးခံရသူက ထောက်ခံမှုရရှိတဲ့ မဲအချိုးအစားထက် ပိုပြီးကိုယ်စားပြုခွင့်ရနေသလို ထောက်ခံမဲအများဆုံးမဟုတ်ပေမဲ့ အနည်းငယ်စီထောက်ခံမှုရရှိတဲ့ ကိုယ်စားလှယ်လောင်းတွေကျတော့ သူရရှိတဲ့မဲအချိုးအစားတိုင်း ကိုယ်စားပြုခွင့်မရတာကိုလည်း တွေ့ရပါတယ်။ ဥပမာ ပြည်သူ့ဆန္ဒမဲ ၆၀ ရာနှုန်းထောက်ခံမှုရရှိတဲ့ ကိုယ်စားလှယ်လောင်းတဦးက အရွေးခံလိုက်ရတဲ့အတွက် အဲဒီကိုယ်စားလှယ်လောင်းက မဲတရာရာနှုန်းစလုံးကို ကိုယ်စားပြုသွားပါတယ်။ ဒါကြောင့် ၄၀ ရာနှုန်းထောက်ခံမှုရရှိထားတဲ့ ပါတီငယ်တွေက ကိုယ်စားလှယ်လောင်းတွေကို ထောက်ခံထားတဲ့ဆန္ဒမဲတွေက ကိုယ်စားပြုခွင့်မရတော့ပဲ အလေအလွင့်ဖြစ်သွားရပါတယ်။

မဲများသူနိုင်စတမ်းစနစ်နဲ့ မဲအများစုစနစ်တွေမှာ နှာတဖြားသာနေတဲ့ ပါတီကြီးတွေကို ထောက်ခံမှုရှိတာထက် ပိုပြီးအခွင့်အရေးပေးထားပြီး အားငယ်တဲ့ပါတီငယ်တွေကို အခွင့်အလမ်းပိတ်ထားသလို ဖြစ်နေပါတယ်။ ဒါကြောင့် ပညာရှင်တွေက အဲဒီစနစ်တွေကို တရားမျှတမှုမရှိတဲ့စနစ်လို့ မြင်လာကြပါတယ်။ တရားမျှတမှုရှိတဲ့ စနစ်ဆိုယင် နိုင်ငံရေးပါတီတွေဟာ သူတို့ရရှိတဲ့ထောက်ခံမှုမဲအချိုးအစားနဲ့ ရရှိမဲ့ကိုယ်စားပြုမှုတို့ အချိုးညီဖို့လိုတယ်လို့ဆိုပါတယ်။ ဥပမာ ဆန္ဒမဲ ၆၀ ရာနှုန်းထောက်ခံမှုရှိယင် ကိုယ်စားပြုမှုလည်း ၆၀ ရာနှုန်းသာ ရှိသင့်ပါတယ်၊ တရာရာနှုန်းမဖြစ်သင့်ပါဘူး။ ဒါကြောင့် မဲများသူနိုင်စတမ်းစနစ်နဲ့မဲအများစုစနစ်တွေမှာဖြစ်နေတဲ့ တရားမမျှတမှုတွေကို ကုစားနိုင်အောင် နည်းလမ်းရှာဖွေယင်း အချိုးကျကိုယ်စားပြုစနစ်ဆိုတဲ့ ရွေးချယ်တင်မြှောက်ပုံစနစ်ကို တီထွင်ခဲ့ကြပါတယ်။

## အချိုးကျ ကိုယ်စားပြုစနစ်

အချိုးကျကိုယ်စားပြုစနစ်(proportional representation) ဆိုတဲ့အတိုင်းထောက်ခံမှုရရှိတဲ့ ဆန္ဒမဲအချိုးအစားနဲ့ ကိုယ်စားပြုမှုအချိုးအစား ညီမျှအောင်လုပ်ရေးဟာ အဲဒီစနစ်ရဲ့ အဓိကလိုအပ်ချက် ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီလိုလုပ်နိုင်အောင် မဲဆန္ဒနယ်မြေစနစ်ကို အပြောင်းအလဲလုပ်ရပါတယ်။ Single-member constituency ခေါ် ကိုယ်စားလှယ်တဦးမဲဆန္ဒနယ်မြေစနစ်နဲ့ အချိုးကျကိုယ်စားပြုစနစ်ကို တွဲဖက်ကျင့်သုံးလို့ မရပါဘူး။ အချိုးကျကိုယ်စားပြုစနစ်မှာ ကျင့်သုံးတဲ့မဲဆန္ဒနယ်မြေစနစ်ဟာ မဲရေတွက်မှုကို တနိုင်ငံလုံးအတိုင်းအတာနဲ့လုပ်ရတဲ့ nationwide constituency ခေါ် တနိုင်ငံလုံးအတိုင်းအတာမဲဆန္ဒနယ်မြေစနစ်ဖြစ်ပြီး၊ တပိုင်နက်ထဲမှာ ကိုယ်စားလှယ်အများအပြားကို ရွေးချယ်ရတာမို့ multimember constituency ခေါ် ကိုယ်စားလှယ်စုံမဲဆန္ဒနယ်မြေစနစ်တွေဖြစ်ပါတယ်။ နိုင်ငံရေးပါတီအသီးသီးဟာ တနိုင်ငံလုံးရှိ မဲဆန္ဒရှင်တွေရဲ့ထောက်ခံမဲ ဘယ်လောက်စီ ရရှိကြသလဲဆိုတဲ့ရလဒ်တွေ တနိုင်ငံလုံးကမဲတွေကို စုပေါင်းရေတွက်ပြီးတဲ့အခါ သိလာပါတယ်။ ဒီနေရာမှာ ထောက်ခံမဲ ဘယ်လောက်ရသလဲဆိုတဲ့ ရေတွက်မှုကို ကိုယ်စားလှယ်လောင်း တဦးချင်းစီအခြေခံနဲ့ ပြုလုပ်တာမဟုတ်ပဲ နိုင်ငံရေးပါတီအခြေခံနဲ့ပြုလုပ်

တာကို သတိပြုဖို့လိုအပ်ပါတယ်။ ပါတီအသီးသီး တနိုင်ငံလုံးရရှိတဲ့ ထောက်ခံမဲ အချိုးအစားအလိုက် လွှတ်တော်အမတ်နေရာတွေကို ရွေးချယ်တင်မြှောက်ပွဲကော်မရှင်က ခွဲတမ်းချပေးပါတယ်။ ဥပမာ NLD ပါတီက ၁၉၉၀ ရွေးချယ်တင်မြှောက်ပွဲမှာ တနိုင်ငံလုံး လူထုဆန္ဒမဲရဲ့ ၆၁ ရာနှုန်းထောက်ခံမှုရရှိတာမို့ အဲဒါနဲ့ညီမျှတဲ့ လွှတ်တော်အမတ်နေရာ ၂၉၆ နေရာ ရရှိမှာဖြစ်ပါတယ်။ အဲဒီရွေးချယ်တင်မြှောက်ပွဲမှာ NLD ပါတီက အမတ်နေရာ ၃၉၈ နေရာ အနိုင်ရခဲ့တာဟာ မဲများသူနိုင်စတမ်းစနစ်ကြောင့် ဖြစ်ပါတယ်။ မဲများသူနိုင်စတမ်းစနစ်ကြောင့် NLD က အချိုးကျ ကိုယ်းစားပြုစနစ်မှာ ရရှိမဲ့အမတ်နေရာ အားလုံးပေါင်းထက် ၁၀၂ နေရာ ပိုမိုရရှိသွားတာကို တွေ့ရပါတယ်။ တကယ်လို့သာ ၁၉၉၀ ခုနှစ်ရွေးချယ်တင်မြှောက်ပွဲမှာ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးခဲ့မယ်ဆိုယင် အဲဒီ ၁၀၂ နေရာကို တခြားပါတီငယ်လေးတွေက ကိုယ်စားပြုခွင့်ရရှိကြမှာ ဖြစ်ပါတယ်။

အထက်မှာတင်ပြခဲ့တဲ့စနစ်ဟာ ကမ္ဘာမှာပထမဦးဆုံး ကျင့်သုံးခဲ့ကြတဲ့ အချိုးကျကိုယ်စားပြုစနစ်စစ်စစ် (pure proportional representation system) ဖြစ်ပါတယ်။ အဲဒီစနစ်မှာ မဲဆန္ဒရှင်တွေဟာ ကိုယ်စားလှယ်လောင်းတွေကို မဲပေးရတာမဟုတ်ပဲ နိုင်ငံရေးပါတီတွေရဲ့ ပေါ်လစီတွေကိုကြည့်ပြီး ပါတီကိုမဲပေးကြရပါတယ်။ ဒီစနစ်မှာ နိုင်ငံရေးပါတီအသီးသီးက တနိုင်ငံလုံးရရှိတဲ့ ထောက်ခံမဲအချိုးအစားအလိုက် လွှတ်တော်ကိုယ်စားလှယ်ဦးရေ ဘယ်လောက်ရရှိသလဲဆိုတာကို ရွေးချယ်တင်မြှောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာပါတယ်။ အဲဒီအခါကျယင် လွှတ်တော်မှာ ပါတီအသီးသီးက ဘယ်သူတွေပါဝင်မလဲဆိုတာကို ပါတီအုပ်ချုပ်ရေးအဖွဲ့က ဆုံးဖြတ်ရပါတယ်။ ဥပမာ NLD ပါတီက တနိုင်ငံလုံး ထောက်ခံမှုရရှိတဲ့ ဆန္ဒမဲ ၆၁ ရာနှုန်းနဲ့အညီ အမတ်နေရာ ၂၉၆ နေရာရရှိမယ်လို့ ရွေးချယ်တင်မြှောက်ပွဲကော်မရှင်က ကြေညာတဲ့အခါ အဲဒီ ၂၉၆ ယောက်ဟာဘယ်သူတွေလည်းဆိုတာကို ပါတီအလုပ်အမှုဆောင်အဖွဲ့က ဆုံးဖြတ်ပေးရပါတယ်။ မဲဆန္ဒရှင် တွေကသော်လည်းကောင်း၊ ရွေးချယ်တင်မြှောက်ပွဲကော်မရှင်ကသော်လည်းကောင်း ဆုံးဖြတ်ပိုင်ခွင့်မရှိပါဘူး။ ဒါဟာ ပထမဦးဆုံး ပေါ်ထွန်းခဲ့တဲ့ အချိုးကျကိုယ်စားပြုစနစ် စစ်စစ်မှာ ကျင့်သုံးတဲ့ နည်းနာဖြစ်ပါတယ်။

## အချိုးကျ ကိုယ်စားပြုစနစ်စစ်စစ်ရဲ့အားနည်းချက်

အချိုးကျ ကိုယ်စားပြုမှု စနစ်စစ်စစ်မှာ အာနည်းချက် တွေရှိပါတယ်။ အဲဒီအားနည်းချက်တွေကြောင့် သာလွန်ကောင်းမွန်တဲ့ အချိုးကျကိုယ်စားပြုစနစ် အမျိုးမျိုးကို တီထွင်ဖန်တီးလာကြပြန်ပါတယ်။

ဒုတိယကမ္ဘာစစ်မတိုင်မီ ဝိုင်မာသမ္မတနိုင်ငံ (Weimar Republic, 1919-1933)လို့ လူသိများတဲ့ ဂျာမနီနဲ့ တခြားဥရောပနိုင်ငံတွေမှာ ကျင့်သုံးခဲ့ဘူးတဲ့ အချိုးကျကိုယ်စားပြုစနစ် စစ်စစ်မှာ ပါတီကိုသာ မဲပေးရတဲ့အတွက် မဲဆန္ဒရှင်တွေက မိမိတို့ရွေးချယ်မဲ့ ကိုယ်စားလှယ်လောင်းတွေနဲ့ပတ်သက်လို့ ဘာမှမသိရှိပဲ မဲပေးရတာမို့ မဲဆန္ဒရှင်တွေက အားမလိုအားမရ ဖြစ်ကြရပါတယ်။ သူတို့ရဲ့ ကိုယ်စားလှယ်တွေအဖြစ် အရွေးခံမဲ့သူတွေကို သိထားပါမှ မဲဆန္ဒရှင်တွေအနေနဲ့ ရွေးချယ်တင်မြှောက်ပွဲမှာ မဲပေးရတာ ပိုပြီးအဓိပ္ပါယ်ရှိ

တယ်လို့ ယူဆကြတာ သဘာဝကျပါတယ်။ ဒ့ါအပြင် အချိုးကျကိုယ်စားပြုစနစ်စစ်စစ်မှာ ပါတီကို ကိုယ်စားပြုပြီသား လွှတ်တော်မှာပါဝင်မဲ့သူတွေကို ပါတီခေါင်းဆောင် (အလုပ်အမှုဆောင်အဖွဲ့)ကသာ ရွေးချယ်ရတာမို့ နိုင်ငံရေးပါတီယန္တယားတွေကို ထိန်းချုပ်ထားနိုင်တဲ့ ပါတီခေါင်းဆောင်တွေက ပါတီကို ကိုယ်စားပြုပြီး လွှတ်တော်မှာ ပါဝင်လာတာမျိုးတွေ ဖြစ်လာပါတယ်။ ဒါကြောင့် ရွေးချယ်တင်မြှောက်ပွဲမှာ မဲပေးလိုက်ရတယ်ဆိုပေမဲ့ ကိုယ်စားလှယ်အဖြစ်အရွေးခံရမဲ့သူ ရွေးချယ်ရေးမှာ မဲဆန္ဒရှင်တွေရဲ့ အခန်းကဏ္ဍလုံးဝမရှိတာ တွေ့ရပါတယ်။ ဒ့ါအပြင် အနိုင်ရပါတီတွေက ကိုယ်စားလှယ်တွေဟာ မဲဆန္ဒရှင်တွေက တိုက်ရိုက်ရွေးထားတာမဟုတ်တဲ့အတွက် ပါတီတခုလုံးအနေနဲ့ မဲဆန္ဒရှင်တွေကို စုပေါင်းတာဝန်ခံမှုရှိတယ်ဆိုပေမဲ့ ကိုယ်စားလှယ်တဦးချင်းစီက မဲဆန္ဒရှင်တွေကို တိုက်ရိုက်ပြန်လည်တာဝန်ခံတာမျိုး မရှိတော့ပါဘူး။

မဲများသူနိုင် စတမ်းနစ်နဲ့ မဲအများစုစနစ်တွေမှာ မဲဆန္ဒရှင်တွေက ကိုယ်စားလှယ်လောင်းတွေကို မဲပေးကြရတဲ့အတွက် မဲဆန္ဒရှင်တွေက အားရကြပါတယ်။ ဒ့ါအပြင် အရွေးခံလိုက်ရတဲ့ ကိုယ်စားလှယ်တွေက မဲဆန္ဒရှင်တွေကို တိုက်ရိုက်ပြန်လည် တာဝန်ခံမှုရှိပါတယ်။ ဒါပေမဲ့ မဲများသူနိုင်စတမ်းစနစ်နဲ့ မဲအများစုစနစ်တွေမှာက ပါတီတွေရရှိတဲ့ ထောက်ခံမဲနဲ့ ရရှိတဲ့ကိုယ်စားပြုမှု တရားမမျှတတာကြောင့် အချိုးကျကိုယ်စားပြုစနစ်ကို တီထွင်လာရတာလို့ အထက်ပိုင်းမှာ ကျနော်တင်ပြခဲ့ပါတယ်။ ဒါကြောင့် တီထွင်လိုက်တဲ့ အချိုးကျကိုယ်စားပြုစနစ်ဟာ ပါတီတွေရရှိတဲ့ ထောက်ခံမဲနဲ့ ရရှိတဲ့ကိုယ်စားပြုမှု အချိုးညီဖြစ်စေဖို့ စီမံရမှာဖြစ်သလို တဖက်ကလည်း မဲဆန္ဒရှင်တွေကို တာဝန်ခံမှုလည်းရှိ၊ မဲဆန္ဒရှင်တွေက ရွေးချယ်ခွင့်လည်းရစေမဲ့ အနေအထားဖန်တီးဖို့ လိုအပ်လာပါတယ်။ အဲဒီလို အပ်ချက်တွေကို ဖြည့်ဆီးနိုင်တဲ့ ရွေးချယ်တင်မြှောက်ပုံစနစ်တခုကတော့ ကိုယ်စားလှယ်လောင်းစာရင်းတင်ပြရတဲ့ အချိုးကျကိုယ်စားပြုစနစ်ပါပဲ။

## ကိုယ်စားလှယ်လောင်းစာရင်းတင်ပြရတဲ့ အချိုးကျ ကိုယ်စားပြုစနစ်

ကိုယ်စားလှယ်လောင်းစာရင်းတင်ပြရတဲ့ အချိုးကျကိုယ်စားပြုစနစ် (List Proportional Representation-List PR)ကို ကိုယ်စားလှယ်စုံမဲဆန္ဒနယ် (multimember constituency) တမျိုးဖြစ်တဲ့ တနိုင်ငံလုံးအတိုင်းအတာ မဲဆန္ဒနယ် (nationwide constituency)စနစ်နဲ့ တွဲဖက်ကျင့်သုံးပါတယ်။ နိုင်ငံရေးပါတီ အသီးသီးဟာ သူတို့ပါတီက အရွေးခံဖို့ရှိသူတွေအဖြစ် ပါတီက သဘောတူထားတဲ့ ကိုယ်စားလှယ်လောင်းစာရင်းကို ရွေးချယ်တင်မြှောက်ပွဲကော်မရှင်ရဲ့ အတည်ပြုချက်နဲ့ မဲဆန္ဒရှင်တွေထံ တင်ပြရပါတယ်။ ဥပမာ လွှတ်တော်မှာ အမတ်နေရာ ၄၈၅ နေရာရှိယင် ပါတီအသီးသီးဟာ ကိုယ်စားလှယ်လောင်း ၄၈၅ ဦးအမည်စာရင်း တင်ပြခွင့်ရှိပါတယ်။ ဒါပေမဲ့ ပါတီငယ်လေးတွေသာဖြစ်ယင် ကိုယ်စားလှယ်လောင်းနေရာ ၄၈၅ နေရာ တင်ပြဖို့အခက်အခဲရှိနိုင်တာမို့ တင်ပြနိုင်သလောက် ကိုယ်စားလှယ်လောင်းကိုသာ တင်ပြလေ့ရှိပါတယ်။ ဒါပေမဲ့ ပါတီတိုင်းကတော့ သူတို့ ပါတီအနိုင်ရမယ်လို့ ခန့်မှန်းထားတဲ့ ဦးရေထက်မနည်းတော့ တင်ပြကြပါတယ်။ ပါတီအသီးသီးက ဘယ်နှစ်ယောက် အနိုင်ရသလဲဆိုတဲ့ ရွေးချယ်တင်မြှောက်ပွဲ ရလဒ်ထွက်

လာတဲ့အခါ အဲဒီ ကိုယ်စားလှယ်လောင်းတွေထဲက အရွေးခံရပါတယ်။ ကိုယ်စားလှယ်လောင်းစာရင်းမှာ မပါတဲ့ အပြင်လူကို ရွေးခွင့်မရှိပါဘူး။ နိုင်ငံရေးပါတီ အသီးသီးက ကိုယ်စားလှယ်လောင်းတင်ပြရာမှာ အမှတ်စဉ်စီရာမှာ သတိထားဖို့လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ အရွေးခံရသူအဖြစ် သတ်မှတ်ခံရမဲ့သူတွေကို အမှတ်စဉ် (၁)ကနေစပြီး ရေတွက်လာမှာမို့ ကိုယ်စားလှယ်လောင်းစာရင်းမှာ နောက်ဆုံးပိုင်းရောက်နေတဲ့ ကိုယ်စားလှယ်လောင်းတွေ အရွေးခံရဖို့ အခွင့်အလမ်း နည်းပါတယ်။ ဒါကြောင့် ပါတီကို ကိုယ်စားပြုပြီး သေချာပေါက် အရွေးခံစေလိုတဲ့ ပုဂ္ဂိုလ်တွေကို ကိုယ်စားလှယ်လောင်းစာရင်းမှာ ထိပ်ပိုင်းက တင်ပြဖို့လိုပါတယ်။ ပါတီအသီးသီးက တင်ပြတဲ့ ကိုယ်စားလှယ်လောင်းတဦးချင်းကို ရွေးချယ်တင်မြှောက်ရေးကောင်မရှင်က တည်ဆဲဥပဒေတွေနဲ့ ညီညွတ်မှုရှိမရှိစိစစ်ပြီး နောက်မှာ ဘာမှငြိစွန်းမှုမရှိသူတွေကို အရွေးခံနိုင်ခွင့်ရှိတဲ့ ကိုယ်စားလှယ်လောင်းအဖြစ် သတ်မှတ်ကာ မဲပြားပေါ်မှာ ဖေါ်ပြရပါတယ်။ ငြိစွန်းမှုတခုခုဖြစ်နေယင်တော့ တခြားကိုယ်စားလှယ်လောင်းတွေကို ပြောင်းလဲတင်ပြဖို့ ပါတီမှာ အခွင့်အရေးရှိပါတယ်။

မဲဆန္ဒရှင်တွေဟာ ရွေးချယ်တင်မြှောက်ပွဲကျင်းပတဲ့နေ့မှာ ပါတီအသီးသီးကို မဲပေးကြရပါတယ်။ အဲဒီလို မဲပေးရာမှာ ပါတီအသီးသီးရဲ့ မူဝါဒလမ်းစဉ်တွေကိုလေ့လာပြီး ကြိုက်မကြိုက် စဉ်းစားနိုင်သလို ပါတီအသီးသီးကတင်ပြတဲ့ ကိုယ်စားလှယ်လောင်းတဦးချင်းကိုလည်း ကြိုက်မကြိုက် လေ့လာနိုင်ပါတယ်။ ဒါပေမဲ့ မဲဆန္ဒရှင်တွေကတော့ ပါတီကိုသာ မဲပေးရပါတယ်။ မဲဆန္ဒရှင်တွေအကြားမှာ လူကြိုက်နည်းတဲ့ သူတွေကို ကိုယ်စားလှယ်လောင်းအဖြစ် တင်ပြထားတဲ့ပါတီကတော့ ထောက်ခံမဲအရနည်းမှာ သေချာပါတယ်။ လူကြိုက်များတဲ့ ကိုယ်စားလှယ်လောင်းတွေကို တင်ပြထားတဲ့ ပါတီတွေကတော့ မဲဆန္ဒရှင်တွေရဲ့ ထောက်ခံမဲ အရများမယ်လို့ ပြောနိုင်ပါတယ်။

တနိုင်ငံလုံးအတိုင်းအတာ မဲဆန္ဒယ်မြေဖြစ်တာမို့ မဲရေတွက်ရာမှာ တနိုင်ငံလုံးကမဲရုံအားလုံးက လာတဲ့မဲတွေကို ပေါင်းပြီ ရေတွက်ရပါတယ်။ နိုင်ငံလုံးက မဲဆန္ဒရှင်တွေရဲ့ ထောက်ခံမဲ မည်မျှရရှိတယ်ဆိုတာကို မဲအားလုံး ရေတွက်ပြီးတဲ့အခါမှာ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ထုတ်ပြန်ကြေညာရပါတယ်။ ပါတီအသီးသီး ရရှိတဲ့မဲအရေအတွက် အချိုးအစားအပေါ်မူတည်ပြီး ဘယ်ပါတီက ကိုယ်စားလှယ်နေရာ ဘယ်လောက်အနိုင်ရသလဲဆိုတာကိုပါ ရွေးချယ်တင်မြှောက်ပွဲကော်မရှင်က ကြေညာရပါတယ်။ ဥပမာ ၁၉၉၀ ရွေးချယ်တင်မြှောက်ပွဲမှာ ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်ပြရတဲ့ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးတယ်ဆိုပါစို့။ အဲဒီ ရွေးချယ်တင်မြှောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တနိုင်ငံလုံးဆန္ဒမဲ ၆၁ ရာနှုန်း ရရှိပါတယ်။ အဲဒီတော့ အမတ် နေရာ ၄၈၅ နေရာအနက်က ၆၁ ရာနှုန်းနဲ့ညီမျှတဲ့ အမတ်နေရာ ၂၉၆ နေရာ အနိုင်ရရှိတယ်လို့ ကော်မရှင်က ကြေညာရမှာဖြစ်ပါတယ်။ အဲဒီမဲစာရင်းအရ ကိုယ်စားလှယ်ဦးရေ ဘယ်နှစ်ယောက်အရွေးခံရသလဲဆိုတဲ့ ကော်မရှင်က ထုတ်ပြန်ကြေညာတဲ့အခါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ကိုယ်စားပြုပြီ ဘယ်ကိုယ်စားလှယ်လောင်းတွေက လွှတ်တော်မှာ ပါဝင်မလဲဆိုတာကို စဉ်းစားဆုံးဖြတ်ရ ပါတယ်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က တင်ပြထားတဲ့ ကိုယ်စားလှယ်လောင်းတွေထဲက အမှတ်စဉ် (၁)ကနေ (၂၉၆)အထိ ကိုယ်စားလှယ်လောင်းတွေကို အရွေးခံရသူအဖြစ် သတ်မှတ်ပါတယ်။ တခြားပါတီတွေကလည်း ဒီလိုပါပဲ။ သူတို့ပါတီရရှိတဲ့ မဲအရေအတွက်နဲ့ အချိုးညီတဲ့ အမတ်ဦးရေ အရေအတွက်အနိုင်ရရှိပြီး အဲဒီအရေအတွက်ကို အမှတ်စဉ် (၁)ကနေစပြီး ရေတွက်ကာ အရွေးခံရသူအဖြစ် သတ်

မှတ်ပါတယ်။

ကိုယ်စားလှယ်လောင်းစာရင်းတင်ပြရတဲ့ အချိုးကျ ကိုယ်စားပြုစနစ်မှာ ပါတီကိုသာ မဲပေးတယ်ဆိုပေမဲ့ တဖက်က ကိုယ်စားလှယ်လောင်းတွေကလည်း ပြည်သူလူထု လက်ခံနိုင်တဲ့ ကိုယ်စားလှယ်လောင်းတွေ ဖြစ်ဖို့လိုအပ်ပါတယ်။ ဒီနည်းအားဖြင့် ပါတီမူဝါဒကလည်းကောင်း ကိုယ်စားလှယ်လောင်းအဖြစ် တင်ပြခံရသူ လူတွေလည်းကောင်းတဲ့ ပါတီတွေအနိုင်ရအောင် ဒီစနစ်က စီစဉ်ထားတာပါ။ ဒါကြောင့် ဒီစနစ်ကို ကိုယ်စားလှယ်လောင်းစာရင်း တင်ပြရတဲ့ အချိုးကျကိုယ်စားပြုစနစ် မဲပေးရတဲ့စနစ်လို့ခေါ်တာဖြစ်နိုင်ပါတယ်။

ကမ္ဘာပေါ်မှာ နိုင်ငံနဲ့နယ်မြေပေါင်း ၂၁၁ ခုကို သုတေသန ပြုလေ့လာရာမှာ ၆၇နိုင်ငံကကိုယ်စားလှယ်လောင်းစာရင်းတင်ပြရတဲ့ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးနေတာတွေ့ရပါတယ်။ အချိုးကျကိုယ်စားပြုစနစ် အမျိုးမျိုးရှိတဲ့အနက် ဒီစနစ်ကို အသုံးအများဆုံးဖြစ်တာတွေ့ရပါတယ်။ ဒါပေမဲ့ နိုင်ငံအားလုံးမှာ ဒီစနစ်ကို ပုံစံတမျိုးတည်းနဲ့ ကျင့်သုံးတာတော့မဟုတ်ပါဘူး။ ဥပမာ ထိုင်းနိုင်ငံမှာ ဒီစနစ်ကိုကျင့်သုံးရာမှာ လွှတ်တော် အမတ်နေရာ ၅၀၀ ထဲက ၁၀၀ ရွေးချယ်ဖို့အတွက်ပဲ ကိုယ်စားလှယ်လောင်းစာရင်းတင်ပြရတဲ့ အချိုးကျ ကိုယ်စားပြုစနစ်ကို ကျင့်သုံးပါတယ်။ ကျန်တဲ့ ၄၀၀ ကိုတော့ မဲများသူနိုင်စတမ်း စနစ်နဲ့ ရွေးပါတယ်။ ကိုယ်စားလှယ်လောင်းစာရင်းတင်ပြရတဲ့ အချိုးကျ ကိုယ်စားပြုစနစ်မှာလည်း အားနည်းချက်တွေရှိပါတယ်။ အဲဒီအားနည်းချက်တွေကြောင့် သာလွန်ကောင်းမွန်တယ်လို့ ယုံကြည်ရတဲ့စနစ်တချို့ကို နိုင်ငံတချို့မှာ တီထွင်ကျင့်သုံးလာတာတွေ့ရပါတယ်။

## ကိုယ်စားလှယ်လောင်းကိုမဲပေးရတဲ့ အချိုးကျကိုယ်စားပြုစနစ်

ကိုယ်စားလှယ်လောင်းစာရင်းတင်ပြရတဲ့အချိုးကျကိုယ်စားပြုစနစ် List PR စနစ်မှာ အားနည်းချက်တွေရှိတဲ့အတွက် ပိုကောင်းတဲ့အချိုးကျကိုယ်စားပြုစနစ်တွေကို တည်ထွင်လာခဲ့ကြပါတယ်။ ကိုယ်စားလှယ်လောင်း စာရင်းတင်ပြရတဲ့ အချိုးကျကိုယ်စားပြုစနစ်မှာ မဲဆန္ဒရှင်တွေဟာ ကိုယ်စားလှယ်လောင်း တဦးခြင်းကို ထောက်ခံမှုရှိမရှိ မဲပေးတာမျိုးမဟုတ်ပါဘူး။ ဒ့ါအပြင် တနိုင်ငံလုံးအတိုင်အတာနဲ့ ကိုယ်စားလှယ်လောင်းစာရင်း ပြုစုရတာမို့ မဲဆန္ဒရှင်တွေအနေနဲ့ ကိုယ်စားလှယ်လောင်းအားလုံးရဲ့ နောက်ကြောင်းရာဇဝင်နဲ့ အရည်အချင်းကို သိဖို့ဆိုတာ ခက်ခဲပါတယ်။ ဒါကြောင့်လည်း ကိုယ်စားလှယ်လောင်းစာရင်းသာ တွေ့ရပေမဲ့ တကယ်တမ်းမဲပေးတဲ့အခါ ပါတီကိုသာမဲပေးရအောင် စီမံထားတာဖြစ်နိုင်ပါတယ်။ ကိုယ်စားလှယ်လောင်းစာရင်းတင်ပြရတဲ့ အချိုးကျကိုယ်စားပြုစနစ်မှာ အားရကျေနပ်မှုမရှိသေးတဲ့ အချက်တွေကို ကုစားပြုပြင်ယင်း တီထွင်လာတဲ့ စနစ်တမျိုးကတော့ ကိုယ်စားလှယ်လောင်းကို မဲပေးရတဲ့ အချိုးကျကိုယ်စားပြုစနစ် (Personalized Proportional Representation) ဖြစ်ပါတယ်။

ကိုယ်စားလှယ်လောင်းစာရင်းတင်ပြရတဲ့ အချိုးကျကိုယ်စားပြုစနစ်နဲ့ ကိုယ်စားလှယ်လောင်းကိုမဲပေးရတဲ့ အချိုးကျကိုယ်စားပြုစနစ်နှစ်ခု အမည်ရောအနှစ်သာရပါ ခြားနားတာကို သတိပြုမိဖို့လိုပါတယ်။

ကိုယ်စားလှယ်လောင်းကို မဲပေးရတဲ့အချိုးကျကိုယ်စားပြုစနစ်ကို မဲဆန္ဒရှင်က ကိုယ်စားလှယ်လောင်းတွေကို မဲပေးထောက်ခံခွင့်ရအောင် ဖန်တီးထားရသလို ပါတီအသီးသီးရတဲ့ မဲအချိုးအစားအတိုင်း မျှမျှတတ ကိုယ်စားပြုခွင့်ရအောင်လည်း စီမံဖို့လိုပါတယ်။ ထို့အတူ မဲဆန္ဒရှင်တွေက ကိုယ်စားလှယ်လောင်းတွေကို မဲပေးရမှာမို့ အဲဒီကိုယ်စားလှယ်လောင်းတွေရဲ့ နောက်ကြောင်းရာဇဝင်နဲ့ အရည်အချင်းတွေကိုလည်း သိခွင့်ရနေဖို့လိုပါတယ်။ ဒါကြောင့် ကိုယ်စားလှယ်လောင်းကို မဲပေးရတဲ့ အချိုးကျကိုယ်စားပြုစနစ်မှာ ကိုယ်စားလှယ်လောင်းတွေကို မဲဆန္ဒရှင်တွေ သိနိုင်အောင်စီစဉ်ရတာမို့ မဲဆန္ဒနယ်မြေ အရွယ်အစားဟာအရေးကြီးလာပါတယ်။ တနိုင်ငံလုံးအတိုင်းအတာ မဲဆန္ဒနယ်ဆိုယင် ကိုယ်စားလှယ်လောင်းတွေများနေပြီး သူတို့အားလုံးကို မဲဆန္ဒရှင်တွေက သိဖို့ခက်ပါတယ်။ ဒါက မဲဆန္ဒနယ်ကြီးလွန်းယင် ဖြစ်လာတဲ့ ပြဿနာပါ။ မဲဆန္ဒနယ်သေးငယ်လွန်းယင် အချိုးကျခွဲတမ်းချပေးဖို့ ခက်တာမို့ သိပ်ငယ်လွန်းလို့လည်း မဖြစ်ပါဘူး။ ဒါကြောင့် အလယ်အလတ်အဆင့်ဖြစ်တဲ့ Statewide constituency ခေါ် ပြည်နယ်အတိုင်းအတာမဲဆန္ဒနယ်စနစ်ကို ကျင့်သုံးရပါတယ်။ အဲဒီ ပြည်နယ်အတိုင်းအတာမဲဆန္ဒနယ်မြေကနေ ကိုယ်စားလှယ်တဦးထက်ပိုပြီး ရွေးချယ်ပေးရမှာမို့ အဲဒီမဲဆန္ဒနယ်ဟာ ကိုယ်စားလှယ်စုံ မဲဆန္ဒနယ် (multimember constituency) လည်းဖြစ်ပါတယ်။

ကိုယ်စားလှယ်လောင်းကို မဲပေးရတဲ့စနစ်ကို ကျင့်သုံးနေတဲ့နိုင်ငံအားလုံးမှာ ကိုယ်စားလှယ်ဦးရေ ၁၀–၂၀ ပတ်ဝန်းကျင် ရွေးချယ်ပေးရတဲ့ မဲဆန္ဒနယ်မျိုးရအောင် သတ်မှတ်ပါတယ်။ ဒီစနစ်ကျင့်သုံးတဲ့ နိုင်ငံတွေကိုလေ့လာတဲ့အခါ အနည်းဆုံး ၅ယောက် အများဆုံး ၂၅ ယောက်လောက်ထိ ရှိတာမျိုးတွေ့ရပါတယ်။ အဲဒီလို ကိုယ်စားလှယ်ဦးရေ မနည်းလွန်းမများလွန်းပါမှ ကိုယ်စားလှယ်လောင်းစာရင်းကို မဲပေးရတဲ့ အချိုးကျကိုယ်စားပြုစနစ်အလုပ်လုပ်နိုင်ပါတယ်။ ၁၉၉၀ ခုနှစ် ရွေးချယ်တင်မြှောက်ပွဲတုံးက မြန်မာနိုင်ငံမှာ ကျင့်သုံးခဲ့တဲ့ မဲဆန္ဒနယ်မြေစနစ်အရ ကရင်ပြည်နယ်မှာ မဲဆန္ဒနယ် (၁၄)ခုရှိပါတယ်။ တကယ်လို့သာ ၁၉၉၀ ခုနှစ်က ရွေးချယ်တင်မြှောက်ပုံစနစ်အဖြစ် ကိုယ်စားလှယ်လောင်းကို မဲပေးရတဲ့ အချိုးကျကိုယ်စားပြုစနစ်ကိုကျင့်သုံးခဲ့မယ်ဆိုယင် ကရင်ပြည်နယ်တခုလုံးကို မဲဆန္ဒနယ်မြေတခုအဖြစ် သတ်မှတ်ရမှာဖြစ်ပြီး အဲဒီကရင်ပြည်နယ် မဲဆန္ဒနယ်က ရွေးချယ်ရမဲ့ ကိုယ်စားလှယ်ဦးရေကတော့ ၁၄ ဦးဖြစ်ပါလိမ့်မယ်။ အဲဒီမဲဆန္ဒနယ်မျိုးကို ပြည်နယ်အတိုင်းအတာ၊ ကိုယ်စားလှယ်စုံမဲဆန္ဒနယ်မြေ (statewide multimember constituency)လို့ ခေါ်တာဖြစ်ပါတယ်။ ရှမ်းပြည်နယ်လို ကိုယ်စားလှယ် ၄၅ ယောက်ရွေးချယ်ပေးရတဲ့ ပြည်ကြီးဆိုယင်တော့ ကိုယ်စားလှယ်လောင်းစာရင်းကို မဲပေးရတဲ့ အချိုးကျကိုယ်စားပြုစနစ်အတွက် သိပ်ကြီးလွန်းတာမို့ မဲဆန္ဒနယ်နှစ်ခုအဖြစ် ပြန်ခွဲတာမျိုး လုပ်နိုင်ပါတယ်။

ကိုယ်စားလှယ်လောင်းကို မဲပေးရတဲ့ အချိုးကျကိုယ်စားပြုစနစ်မှာ နိုင်ငံရေးပါတီအသီးသီးဟာ မိမိတို့ယှဉ်ပြိုင်အရွေးခံတဲ့ မဲဆန္ဒနယ်က ရွေးချယ်ရမဲ့ ကိုယ်စားလှယ်ဦးရေနဲ့အညီအမျှ ကိုယ်စားလှယ်လောင်း တင်ပြရပါတယ်။ ရွေးချယ်တင်မြှောက်ပွဲကော်မရှင်က ထုံးစံအတိုင်း စိစစ်မှုတွေလုပ်ပြီးတဲ့အခါ မဲပြားပေါ်မှာ အဲဒီ ကိုယ်စားလှယ်လောင်းအမည်တွေကို ဖော်ပြရပါတယ်။ ဥပမာ ကိုယ်စားလှယ် ၁၄ ယောက် ရွေးချယ်တင်မြှောက်ရမဲ့ ကရင်ပြည်နယ်မဲဆန္ဒနယ်မှာ နိုင်ငံရေးပါတီ ၅ ခုဝင်ရောက်ယှဉ်ပြိုင်အရွေးခံပြီး ပါတီတိုင်းက ကိုယ်စားလှယ်လောင်း ၁၄ဦးစီတင်ပြတယ်ဆိုယင် စုစုပေါင်း ကိုယ်စားလှယ်လောင်း ၇၀ ရှိ

ပါမယ်။ အဲဒီအထဲက ကိုယ်စားလှယ် ၁၄ ဦးရအောင် မဲဆန္ဒရှင်တွေကရွေးချယ်ပေးရမှာပါ။ ဒါပေမဲ့ ပါတီအသီးသီးတင်ပြတဲ့ ကိုယ်စားလှယ်လောင်းတွေအားလုံး ရောနှောလိုက်တာမျိုးမဟုတ်ပဲ ပါတီတခု မဲပြားတခုအနေနဲ့ ထားပြီးအဲဒီမဲပြားပေါ်မှာ ပါတီကတင်ပြတဲ့ ကိုယ်စားလှယ်လောင်းတွေကို ဖေါ်ပြထားပါတယ်။

မဲပေးတဲ့အခါ မဲဆန္ဒရှင်တွေဟာ ပါတီပေါင်းစုံက တင်ပြထားတဲ့ကိုယ်စားလှယ်လောင်း ၇၀ ထဲက အကြိုက်ဆုံး ၁၄ ယောက်ကို အမှတ်အသားလုပ်မဲပေးရပါတယ်။ ပါတီတခုထဲကတင်ပြတဲ့ ကိုယ်စားလှယ်လောင်း ၁၄ ယောက်စလုံးကို မဲဆန္ဒရှင်တွေ မဲပေးတာမျိုးရှိနိုင်သလို ပါတီအသီးသီးက မိမိတို့ကြိုက်တဲ့ ကိုယ်စားလှယ်လောင်းတွေကို မျှပြီးမဲပေးတာလည်း ဖြစ်နိုင်ပါတယ်။ ၁၄ ယောက်ပြည့်အောင်တော့ မဲပေးရပါတယ်။ ဒါ့ကြောင့် မဲဆန္ဒရှင်တဦးဟာ ၁၄ မဲပေးရတဲ့ သဘောဖြစ်ပါတယ်။ ဒါကြောင့် မဲဆန္ဒရှင်တသန်းရှိတဲ့ မဲဆန္ဒနယ်မြေဆိုယင် မဲအားလုံးပေါင်း ၁၄ သန်းရှိတဲ့ သဘောဖြစ်သွားပါတယ်။ ကိုယ်စားလှယ်လောင်းတွေဟာ ပါတီရဲ့ ကိုယ်စားလှယ်လောင်းတွေဖြစ်တာမို့ သူတို့ကို မဲပေးတာဟာ တဖက်က ပါတီကိုမဲပေးတဲ့ သဘောလည်း ဖြစ်ပါတယ်။ ဥပမာ မဲဆန္ဒရှင်တဦးက NLD ပါတီ ကိုယ်စားလှယ်လောင်း ၁၄ ယောက်ထဲက ၅ ယောက်ကို မဲပေးတယ်ဆိုယင် NLD ပါတီက ထောက်ခံမဲ ၅ မဲ ရရှိပါတယ်။ ၁၄ ယောက်ကို ထောက်ခံမဲပေးခဲ့ယင်တော့ ၁၄ မဲစလုံးရရှိမှာဖြစ်ပါတယ်။

ရွေးချယ်တင်မြှောက်ရေးကော်မရှင်က ပြည်နယ်တခုလုံးက မဲအားလုံးကို ရေတွက်တဲ့အခါ မဲ ၁၄ သန်းမှာ ပါတီအသီးသီးက ထောက်ခံမဲ ဘယ်နှစ်ရာခိုင်နှုံးရရှိသလဲဆိုတဲ့ စာရင်းထွက်ပေါ်လာပါတယ်။ မဲအားလုံးပေါင်းကို တရာရာနှုံးအဖြစ် သတ်မှတ်ပြီး အဲဒီတရာရာနှုံးထဲက ပါတီတခုစီ ဘယ်နှစ်ရာနှုံး ရရှိသလဲဆိုတာကို တွက်ချက်ရပါတယ်။ ပါတီအသီးသီးရရှိတဲ့ ထောက်ခံမဲရာနှုံးနဲ့အချိုးညီ ကိုယ်စားလှယ်လောင်း ၁၄ ယောက်ကို ခွဲတမ်းချပေးတဲ့အခါ ပါတီတခုချင်းစီ ဘယ်နှစ်ယောက် အရွေးခံရသလဲဆိုတဲ့ ခွဲတမ်းထွက်လာပါတယ်။ ဥပမာ NLD ပါတီက မဲအားလုံးရဲ့ ၅၀ ရာနှုံးထောက်ခံမှု ရတယ်ဆိုယင် ကိုယ်စားလှယ် ၁၄ နေရာရဲ့ ၅၀ ရာနှုံးဖြစ်တဲ့ ကိုယ်စားလှယ် ၇ နေရာ အနိုင်ရမှာဖြစ်ပါတယ်။ အဲဒီလိုပဲ တခြားပါတီတွေလည်း သူတို့ထောက်ခံမှုရှိတဲ့ မဲအချိုးအစားနဲ့အညီ ကိုယ်စားလှယ်နေရာ အနိုင်ရရှိမှာဖြစ်ပါတယ်။

ပါတီအသီးသီးက အနိုင်ရရှိတဲ့ ကိုယ်စားလှယ်စာရင်းထွက်ပေါ်လာပြီး နောက်မှာပါတီကတင်ပြထားတဲ့ ကိုယ်စားလှယ်လောင်းတွေထဲက ပါတီကို ကိုယ်စားပြုပြီး ဘယ်ကိုယ်စားလှယ်လောင်းတွေ အရွေးခံမလဲဆိုတဲ့ ကိစ္စကိုဆုံးဖြတ်ဖို့ လိုအပ်လာပါတယ်။ မဲဆန္ဒရှင်တွေ မဲပေးစဉ်က ကိုယ်စားလှယ်လောင်းတွေကို မဲခွဲရတာမို့ ပါတီအသီးသီးက ကိုယ်စားလှယ်လေင်းတဦးချင်းစီ ရရှိထားတဲ့ ထောက်ခံမှုမဲစာရင်းလည်း မဲရေတွက်တဲ့အခါ ထွက်ပေါ်လာပါတယ်။ ခုနက ဥပမာအရ NLD ပါတီက အရွေးခံရတဲ့ ၇ ယောက်က ဘယ်သူတွေလည်းဆိုတာနဲ့ ပတ်သက်လို့ဆုံးဖြတ်ရာမှာ ကိုယ်စားလှယ်လောင်း ၁၄ ယောက်ထဲက မဲအများဆုံး ထောက်ခံမှုရရှိထားတဲ့ ကိုယ်စားလှယ်လောင်းတွေကို ရွေးချယ်လိုက်ပါတယ်။ သဘောက ပြည်သူတွေထောက်ခံမှု များများရတဲ့သူတွေကိုသာ ရွေးချယ်တဲ့သဘော ဖြစ်ပါတယ်။

ကိုယ်စားလှယ်လောင်းစာရင်းတင်ပြရတဲ့ အချိုးကျကိုယ်စားပြုစနစ် (List PR)မှာက အရွေးခံရသူတွေကို ဆုံးဖြတ်ရာမှာ နိုင်ငံရေးပါတီတွေက ပြင်ဆင်ထားတဲ့ ကိုယ်စားလှယ်

လောင်းစာရင်းထဲကနေ အမှတ်စဉ်တစ်ကစလို့ အစဉ်လိုက်သတ်မှတ်တယ်လို့ အထက်ပိုင်းမှာ တင်ပြခဲ့တာ မှတ်မိမယ်ထင်ပါတယ်။ အဲဒီစနစ်မှာ ကိုယ်စားလှယ်လောင်း တဦးချင်းစီရရှိတဲ့ မဲဘယ်လောက်လဲဆိုတာ မစဉ်းပါဘူး။ ကိုယ်စားလှယ်လောင်းကို မဲပေးရတဲ့ အချိုးကျကိုယ်စားပြုစနစ်(Personalized Proportional Representation system) မှာက ပါတီတွေက အရွေးခံရသူကို ဆုံးဖြတ်ရာမှာ ကိုယ်စားလှယ်လောင်း တဦးချင်းစီရရှိတဲ့ မဲအရေအတွက် ဘယ်လောက်လဲဆိုတဲ့အချက်က အဓိကဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီစနစ်ကို ကိုယ်စားလှယ်လောင်းကို မဲပေးရတဲ့ အချိုးကျကိုယ်စားပြုစနစ်အဖြစ် သတ်မှတ်တာဖြစ်ပါတယ်။

ကိုယ်စားလှယ်လောင်းကို မဲပေးရတဲ့ အချိုးကျကိုယ်စားပြုစနစ်မှာ နိုင်ငံရေးပါတီတွေက အချိုးကျမျှတစွာ ကိုယ်စားပြုခွင့်ရတဲ့အတွက် တရားမျှတမှုရှိသလို မဲဆန္ဒရှင်တွေက ကိုယ်စားလှယ်လောင်းတွေကို ကြည့်ပြီး မဲပေးရတာမို့ သူတို့အတွက်လည်း အားရကျေနပ်မှုရှိပါတယ်။ ဒါပေမဲ့ အားနည်းချက်တွေကတော့ ရှိနေဆဲပါပဲ။ အဲဒီအားနည်းချက်တွေကို ကျော်လွှားဖို့ နည်းလမ်းရှာယင်း Single Transferable Vote (STV)ခေါ် မဲပြားလွှဲပြောင်းပေးနိုင်တဲ့ အချိုးကျ ကိုယ်စားပြုစနစ်ဆိုတာကို ဖန်တီးလာကြပြန်ပါတယ်။

## မဲပြားလွှဲပြောင်းပေးနိုင်တဲ့ အချိုးကျကိုယ်စားပြုစနစ်

ကိုယ်စားလှယ်လောင်းကို မဲပေးရတဲ့ အချိုးကျ ကိုယ်စားပြုစနစ်မှာ ပါတီအသီးသီးရရှိတဲ့ ထောက်ခံမဲအချိုးအစားအတိုင်း ကိုယ်စားလှယ်နေရာ ခွဲတမ်းချပုံကြပုံကို ရှင်းပြခဲ့ပါတယ်။ အထက်က ဥပမာမှာ တင်ပြခဲ့သလို ကိုယ်စားလှယ် ၁၄နေရာ ရွေးချယ်ပေးရမဲ့ ကရင်ပြည်နယ်မဲဆန္ဒနယ်မှာ NLD ပါတီကစုစုပေါင်း တပြည်နယ်လုံးဆန္ဒမဲ ၅၀ရာနှုန်းထောက်ခံမှုရယင် ၁၄ ယောက်ထဲက ၅၀ ရာနှုန်းနဲ့ညီမျှတဲ့ ကိုယ်စားလှယ် ၇ နေရာရရှိပါတယ်။ ဒီနေရာမှာ သတိပြုလေ့လာသင့်တဲ့ အချက်တွေရှိပါတယ်။ NLDက ကရင်ပြည်နယ်တခုလုံးက မဲ ၅၀ ရာနှုန်းရရှိတယ်ဆိုတာ NLD ပါတီက ကိုယ်စားလှယ်လောင်း ၁၄ ယောက်စလုံးရရှိတဲ့ မဲတွေကို ပေါင်းထားတာဖြစ်ပါတယ်။ ဒါပေမဲ့ NLD ရဲ့ ကိုယ်စားလှယ်လောင်းအဖြစ် ၇ ဦးကို ရွေးချယ်လိုက်တဲ့အခါ မဲအများဆုံးရထားတဲ့သူတွေကို ရွေးပါတယ်။ သင်္ချာသဘော၊ တရားမျှတမှုသဘောအရ ပြောယင် မဲဆန္ဒရှင်တသန်းရှိတဲ့ ကရင်ပြည်နယ်က ကိုယ်စားလှယ် ၁၄ ဦးရွေးချယ်တဲ့အခါ အရွေးခံရမဲ့ ကိုယ်စားလှယ်လောင်း တဦးဟာ မဲဆန္ဒရှင်တသန်းရဲ့ ဆယ့်လေးပုံတပုံနဲ့ ညီမျှတဲ့ ၇၁၅၀၀ ထက်မနည်း ရဖို့လိုပါတယ်။ မဲအများဆုံးရထားသူ ၇ ဦးကိုရွေးတဲ့အခါ အဲဒီသူတွေအားလုံး တဦးကို မဲ ၇၁၅၀၀ စီရတာမျိုး မဟုတ်ပါဘူး။ တချို့က အဲဒီမဲထက်ပိုရတာမျိုး ရှိနိုင်သလို တချို့ကလျော့ရနေတာမျိုးဖြစ်နိုင်ပါတယ်။ အဲဒါဆိုယင် အရွေးခံလိုက်ရသူတချို့ဟာ ရရှိသင့်တဲ့ ထောက်ခံမဲမရရှိပဲ အရွေးခံရတာမျိုးဖြစ်တဲ့အတွက် တရားမျှတမှု မရှိဘူးလို့ မြင်လာကြပါတယ်။ ဒ့ါအပြင် အထက်ပိုင်းမှာ တင်ပြခဲ့တဲ့ အချိုးကျ ကိုယ်စားပြုစနစ်တွေဟာ တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း (independent candidate) တွေ ပါဝင်ခွင့်မရတဲ့အတွက်လည်း တရားမျှတမှုမရှိဘူးလို့ တချို့က ထောက်ပြပါတယ်။ ဒါကြောင့် ပိုပြီးတရားမျှတတဲ့စနစ်ကို တီထွင်ယင်း

မဲပြားလွှဲပြောင်းပေးနိုင်သော အချိုးကျ ကိုယ်စားပြုစနစ် (Single Transferable Vote-STV) ဆိုတာကို တချို့နိုင်ငံတွေမှာ တီထွင်ကျင့်သုံးလာကြပြန်ပါတယ်။ STV မှ အချိုးကျ ကိုယ်စားပြုမှုရရှိအောင် ဖန်တီးထားသလို တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းတွေလည်း ပါဝင်ယှဉ်ပြိုင်ခွင့်ရနေတာ တွေ့ရမှာ ဖြစ်ပါတယ်။

မဲပြားလွှဲပြောင်းပေးနိုင်သော အချိုးကျကိုယ်စားပြုစနစ်နဲ့ တွဲဖက်ကျင့်သုံးတဲ့ မဲဆန္ဒနယ်မြေစနစ်ဟာ ကိုယ်စားလှယ်လောင်းကိုမဲပေးရတဲ့အချိုးက ကိုယ်စားပြုစနစ်မှာ ကျင့်သုံးတဲ့ မဲဆန္ဒနယ်မြေနဲ့အတူတူ ပြည်နယ်အတိုင်းအတာ ကိုယ်စားလှယ်စုံ မဲဆန္ဒနယ်မြေ (statewide multimember constituency) ပါပဲ။ ဒါပေမဲ့ ထူးခြားတာက တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းတွေ ပါဝင်ယှဉ်ပြိုင်ခွင့်ရခြင်း ဖြစ်ပါတယ်။ ရွေးချယ်တင်မြှောက်ပွဲကော်မရှင်က ပါတီအသီးသီးက တင်ပြတဲ့ ကိုယ်စားလှယ်လောင်းတွေနဲ့ တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း အားလုံးရဲ့ အမည်စာရင်းကို မဲပြားပေါ်မှာ ဖော်ပြထားရ ပါတယ်။

ဥပမာအားဖြင့် ကိုယ်စားလှယ်လောင်း ၅ ဦးရွေးချယ်ပေးရမဲ့ မဲဆန္ဒနယ်တခုမှာ ကိုယ်စားလှယ်လောင်း ၁၅ ယောက် ယှဉ်ပြိုင်အရွေးခံပုံကို ဥပမာအဖြစ် လေ့လာကြပါစို့။ သာမန်အားဖြင့်စဉ်းစားယင် ကိုယ်စားလှယ်တဦး မဲဆန္ဒနယ် တခုလုံးမှအတည်ပြုနိုင်တဲ့ စုပေါင်းမဲရဲ့ ငါးပုံတပုံရရှိယင် ကိုယ်စားလှယ်အဖြစ် အရွေးခံရဖို့လိုအပ်တဲ့ မဲအရေအတွက် ပြည့်မီတဲ့သဘောဖြစ်ပါတယ်။ ဒါပေမဲ့ မဲပေးတဲ့အခါ မဲဆန္ဒရှင်တွေက အဲဒီလို မဲ ငါးပုံတပုံ အချိုးအစားအတိုင်း အတိအကျရအောင်ပေးလိုက်တာမျိုးမဟုတ်ပါဘူး။ တချို့ကထောက်ခံမဲငါးပုံတပုံအောက် လျော့နဲရနိုင်သလို တချို့ကလည်းပိုပြီးရနေတာမျိုး ဖြစ်နေမှာကတော့ သေချာပါတယ်။ ဒီနေရာမှာ သချာသဘောအရ အသေအချာ စဉ်းစားဖို့လိုပါတယ်။ ငါးပုံတပုံကျော် ထောက်ခံမဲရသူတွေဟာ ဘယ်လိုနည်းနဲ့မှ ငါးယောက် မပြည့်နိုင်ပါဘူး။ ဒါကြောင့် မဲငါးပုံတပုံကျော်သူတွေကိုသာ ရွေးချယ်မယ်ဆိုယင် ဘယ်လိုနည်းနဲ့မှ ကိုယ်စားလှယ်လောင်း ငါးယောက်ရွေးနိုင်မှာ မဟုတ်ပါဘူး။ ငါးယောက်ပြည့်အောင် မဲငါးပုံတပုံအောက် လျော့နည်းထောက်ခံမှုရတဲ့ ကိုယ်စားလှယ်လောင်းကို ရွေးချယ်ပြန်ယင်လည်း တရားမျှတမှုရှတယ်လို့ မဆိုနိုင်ပါဘူး။ မဲပြားလွှဲပြောင်းပေးနိုင်တဲ့ အချိုးကျကိုယ်စားပြုစနစ်ဟာ အဲဒီလို အခြေအနေမျိုးမှာ ကိုယ်စားလှယ်ငါးယောက်ကို တရားမျှတမှုရှိစွာနဲ့ ရွေးချယ်နိုင်အောင် စီမံထားတာဖြစ်ပါတယ်။

ရွေးချယ်တင်မြှောက်ပွဲကော်မရှင်က မဲရေတွက်ခြင်းလုပ်ငန်းစဉ်ကို အောက်ပါအတိုင်းဆောင်ရွက်ပါတယ်။

## ဦးစားပေးအဆင့်သတ်မှတ်ကာ မဲပေးခြင်း

မဲဆန္ဒရှင်တွေအနေဖြင့် မဲပြားပေါ်မှာဖော်ပြထားတဲ့ ကိုယ်စားလှယ်လောင်းများအနက်မှ မိမိတို့ နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို မဲပေးရွေးချယ်ရပါတယ်။မဲဆန္ဒနယ်ကို ကိုယ်စားပြုမဲ့ ကိုယ်စားလှယ်ဦးရေမည်မျှပင်ရှိပါစေ မဲဆန္ဒရှင်တွေအနေနဲ့ မဲတပြားသာပေးခွင့်ကြပါတယ်။ သို့သော် မဲဆန္ဒရှင်တိုင်း ၎င်းတို့ပေးလိုက်တဲ့ မဲပြားတိုင်းမှာ ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေး၊ စတုတ္ထဦးစားပေး စသည်ဖြင့် ထိုမဲဆန္ဒနယ်မှ ရွေးချယ်ပေးရမည့် စုစုပေါင်း ကိုယ်စားလှယ်ဦးရေနှင့်ညီမျှတဲ့ ဦးရေကို ဦးစားပေးအဆင့်သတ်မှတ်ဖော်ပြပေးရပါတယ်။ ကိုယ်စားလှယ်လောင်း မည်မျှပင်များစေကာမူ ဦးစားပေး

အဆင့်သတ်မှတ်ပေးရတဲ့ ဦးရေကတော့ ရွေးချယ်ပေးရမည့် ကိုယ်စားလှယ်ဦးရေထက် မပိုစေရပါဘူး။ ပိုပြီး ဒါမှမဟုတ် လျော့နည်းပြီး ဆန္ဒပြုထားယင် ပယ်မဲဖြစ်ပါတယ်။ ဦးရေအတိအကျပေး ဦးစားပေးအဆင့် သတ်မှတ်ထားပါမှ အတည်ပြုနိုင်တဲ့ မဲပြားအဖြစ် သတ်မှတ်ပါတယ်။ ဥပမာ ကိုယ်စားလှယ်လောင်း ငါးဦးရွေးချယ်ရမဲ့ ဆန္ဒနယ်တခုမှာ မဲဆန္ဒရှင်တဦးဟာ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံတဲ့ ကိုယ်စားလှယ်လောင်းတွေထဲက ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေး၊ စတုတ္တဦးစားပေး၊ ပဉ္စမဦးစားပေး ငါးယောက် သတ်မှတ်မဲပေးရပါတယ်။ မဲဆန္ဒရှင်တိုင်းက အဲဒီလိုဦးစားပေးအဆင့် သတ်မှတ်မဲပေးထားတာမို့ ယှဉ်ပြိုင်အရွေးခံတဲ့ ကိုယ်စားလှယ်လောင်းတိုင်းဟာလည်း မဲပေးပွဲပြီးလို့မဲရေတွက်တဲ့အခါ ပထမဦးစားပေးမဲပြား၊ ဒုတိယဦးစားပေးမဲပြား၊ တတိယဦးစားပေးမဲပြား၊ စတုတ္တဦးစားပေးမဲပြား၊ ပဉ္စမဦးစားပေးမဲပြား စသဖြင့် ဦးစားပေးအဆင့်တိုင်းအတွက် မဲအရေအတွက် စာရင်းပေါ်ထွက်လာမှာဖြစ်ပါတယ်။ ဦးစားပေးအဆင့် သတ်မှတ်ရခြင်းဟာ မဲပြားတွေကို လိုအပ်သလို လွှဲပြောင်းပေးနိုင်အောင် ဖြစ်ပါတယ်။

## ထောက်ခံမဲအရေအတွက် တွက်ချက်ခြင်း

မဲပေးပွဲပြီးပြီဆိုတာနဲ့ ပထမဦးဆုံးလုပ်ရတဲ့ အလုပ်ကတော့ အတည်ပြုနိုင်တဲ့ မဲပြားအရေအတွက် တွက်ချက်ခြင်းဖြစ်ပါတယ်။ အဲဒီအတည်ပြုနိုင်တဲ့ မဲပြားအရေအတွက်အပေါ်မှာ မူတည်ပြီး ကိုယ်စားလှယ်တဦးအရွေးခံရဖို့ လိုအပ်တဲ့ ထောက်ခံမဲအရေအတွက်ကို အောက်ပါပုံသေနည်းအရ တွက်ချက်ရပါတယ်။ အဲဒီလိုတွက်ချက်တာကို အင်္ဂလိပ်လိုပညာရှင်တွေက "Droop Quota" လို့ခေါ်ပါတယ်။

ကိုယ်စားလှယ်တဦးရရှိရမည့် မဲအရေအတွက် = $\{V / (S+1)\} + 1$
V= vote= စုစုပေါင်းအတည်ပြုနိုင်သော မဲအရေအတွက်
S= seats = ရွေးချယ်ပေးရမည့် ကိုယ်စားလှယ်ဦးရေ

ဥပမာ ကိုယ်စားလှယ် ၅ ဦးရွေးချယ်ပေးရမဲ့ မဲဆန္ဒနယ်မြေတခုလုံးမှ အတည်ပြုနိုင်သော မဲအရေအတွက် (၁၂၀၀၀၀)ရရှိတယ်ဆိုပါစို့။ အထက်ပါ ပုံသေနည်းအရ အရွေးခံရမဲ့ ကိုယ်စားလှယ်တဦး ရရှိရမဲ့ မဲအရေအတွက်ကို တွက်ချက်တဲ့အခါ အခုလို ဖြစ်ပါတယ်။

ကိုယ်စားလှယ်တဦးရရှိရမည့် မဲအရေအတွက် $= [V / (S+1)] + 1$
$= [120000/(5 + 1)] + 1]$
$= 20001$

ပုံသေနည်းနဲ့ပတ်သက်လို့ အနည်းငယ်ရှင်းလင်းဖို့ လိုအပ်ပါတယ်။ အရွေးခံရမဲ့ ကိုယ်စားလှယ်တဦး ရရှိရမဲ့ မဲအရေအတွက်ကိုတွက်ရာမှာ အတည်ပြုနိုင်တဲ့ မဲအားလုံးကို ရွေးချယ်ရမဲ့ ကိုယ်စားလှယ်ဦးရေနဲ့ စားတာမျိုးမဟုတ်ပဲ ကိုယ်စားလှယ်ဦးရေ အရေအတွက်ကို ၁ ပေါင်းပြီးမှစားတာတွေ့ရပါတယ်။ အဲဒီလို ၁ ပေါင်းရတာဟာ မဲစာရင်းရလဒ်ကို စီမံခန့်ခွဲရာမှာ ကိုယ်စားလှယ်နေရာအတိအကျနဲ့ စားလို့ရတဲ့ မဲစာရင်းရလဒ်မျိုးဆိုယင်

အခက်အခဲရှိနိုင်တဲ့အတွက် ၁ ပေါင်းပြီးမှ စားရတာဖြစ်ပါတ်။ တခါ အဲဒီလို ၁ ပေါင်းပြီးစားလိုက်လို့ရလာတဲ့ မဲခွဲတမ်းအတိုင်းဆိုယင် ရံဖန်ရံခါ ရှားရှားပါးပါး ကိုယ်စားလှယ်လောင်း ခြောက်ယောက် အဲဒီမဲခွဲတမ်းရရှိနေတာမို့ လိုအပ်တဲ့ ငါးယောက်ထက်ပိုပြီး ခြောက်ယောက်ရွေးချယ်ရတာမျိုး ဖြစ်နေတတ်ပါတယ်။ အဲဒါမျိုးမဖြစ်ရအောင် ၁ ပေါင်းပြီးစားလို့ရလာတဲ့ ရလဒ်ကို နောက်ထပ်တခါ ၁ ပေါင်းထားတာဖြစ်ပါတယ်။ သင်္ချာသဘောအရ သေချာစဉ်းစားယင် နောက်ဆုံးရလဒ်အရဆိုယင် အတည်ပြုနိုင်တဲ့ မဲ ၁၂၀၀၀၀ ရှိတဲ့ မဲဆန္ဒနယ်မှာ ဘယ်တော့မှ ကိုယ်စားလှယ်လောင်းခြောက်ယောက်က ၂၀၀၀၁ မဲထက်ပိုပြီး ရတာမျိုးမဖြစ် တော့ပါဘူး။

## မဲပြားရေတွက်ခြင်း

ရွေးကောက်ပွဲကော်မရှင် သို့မဟုတ် အာဏာပိုင်အဖွဲ့ဟာ အတည်ပြုနိုင်တဲ့ ဆန္ဒမဲပြားတိုင်းရဲ့ ပထမဦးစားပေးအဆင့် မဲပြားများကို ပထမ ရေတွက်ရပါတယ်။ပထမဦးစားပေးမဲပြားစာရင်းမှာ (၂၀၀၀၁)မဲနဲ့ အထက်ရရှိတဲ့ ကိုယ်စားလှယ်လောင်းတွေကို အရွေးခံရသူအဖြစ် သတ်မှတ်ပါတယ်။ ကိုယ်စားလှယ်တဦး အရွေးခံရဖို့လိုအပ်တဲ့ မဲအရေအတွက်ထက် ကျော်လွန်ရရှိထားသူတွေရဲ့ ပိုနေတဲ့မဲပြားတွေကို အခြားကိုယ်စားလှယ်လောင်းတွေကို လွှဲပြောင်းပေးရပါတယ်။ အဲဒီလိုလွှဲပြောင်းပေးတာဟာ မဲဆန္ဒရှင်တွေ မဲပေးစဉ်က ပထမဦးစားပေး၊ ဒုတိယဦးစားပေး အဆင့်သတ်မှတ် မဲပေးထားလို့ဖြစ်ပါတယ်။ အဲဒီလို လွှဲပြောင်းပေးရာမှာ မဲပြားကျော်လွန်ရရှိသူတွေရဲ့ မဲပြားများစုစုပေါင်း (အားလုံးပေါင်း)မှာပါရှိတဲ့ ဒုတိယဦးစားပေး အဆင့်ဖေါ်ပြထားတဲ့ အချိုးအစားအပေါ်မူတည်ပြီး ပိုနေတဲ့မဲပြားတွေကို ခွဲတမ်းချရပါတယ်။ ဥပမာ ကိုယ်စားလှယ်တဦးဟာ ပထမဦးစားပေးမဲပြားစုစုပေါင်း ၄၅၀၀၁ ရရှိတယ်ဆိုပါစို့။ ထိုကိုယ်စားလှယ်လောင်း အရွေးခံရဖို့ လိုအပ်တဲ့ မဲပြားက ၂၀၀၀၁ မဲသာဖြစ်တာမို့ မဲ ၂၅၀၀၀ ပိုနေပါတယ်။ အဲဒီမဲပို ၂၅၀၀၀ ကို တခြားကိုယ်စားလှယ်လောင်းတွေထံ လွှဲပြောင်းပေးရပါတယ်။ ဘယ်လိုအချိုးအစားနဲ့ လွှဲပြောင်းပေးမလဲဆိုတာ တွက်ချက်ဖို့ လိုပြန်ပါတယ်။ အဲဒီအခါကျယင် မဲပိုရထားသူ ကိုယ်စားလှယ်လောင်းရရှိတဲ့ မဲအားလုံး ၄၅၀၀၁ မဲကို ပြန်ကြည့်ရပါတယ်။ မဲ ၄၅၀၀၁ ပြားမှာ ဒုတိယဦးစားပေးအဆင့်အဖြစ် သတ်မှတ်ခံထားရသူတွေကတော့ အမျိုးမျိုးဖြစ်နိုင်ပါတယ်။ ဥပမာ မဲ ၄၅၀၀၁ မဲရရှိတဲ့ ဦးစိမ်းရဲ့ မဲပြားတွေမှာ ဒုတိယဦးစားပေးအဖြစ်သတ်မှတ်တဲ့မဲပြားတွေက ဦးဖြူကို ၅၀ ရာနှုန်း၊ ဦးမဲကို ၃၀ ရာနှုန်း၊ ဦးဝါကို ၂၀ ရာနှုန်း ဖြစ်နေနိုင်ပါတယ်။ ဒါကြောင့်မဲပို ၂၅၀၀၀ ကို ဦးဖြူ၊ ဦးမဲနဲ့ ဦးဝါ တို့ထံကို အဆိုပါ အချိုးအစား ၅၀ရာနှုန်း၊ ၃၀ ရာနှုန်း၊ ၂၀ ရာနှုန်းအတိုင်း လွှဲပြောင်းပေးရပါတယ်။

## နောက်တကြိမ်မဲပြားများ လွှဲပြောင်းပေးခြင်း

အဲဒီလို မဲပြားတွေ လွှဲပြောင်းပေးလိုက်တဲ့အတွက် မူလက ပထမဦးစားပေးအဆင့်မှာ ၂၀၀၀၁ မဲမရရှိတဲ့ ကိုယ်စားလှယ်လောင်းတွေမှာ မဲပိုလာပြီး ၂၀၀၀၁ မဲ ပြည့်လာတာမျိုး ဖြစ်နိုင်ပါတယ်။ အဲဒီလို ပြည့်သွားယင် ပြည့်သွားသူကို အရွေးခံရသူအဖြစ် သတ်မှတ်လိုက်ပါတယ်။ အဲဒီလို မဲပြားလွှဲပြောင်းပေးမှုကို အရွေးခံရမဲ့သူ ငါးဦးပြည့်တဲ့အထိ လုပ်ရမှာ

ဖြစ်ပါတယ်။ ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေး၊ စတုတ္ထဦးစားပေး၊ ပဉ္စမဦးစားပေး၊ အဆင့်ဆင့်ရှိနေတဲ့အတွက် လွှဲပြောင်းမှုကို အကြိမ်ကြိမ်လုပ်နိုင်ပါတယ်။ ဒီလိုမဲပိုရထားသူတွေရဲ့မဲပြားအားလုံး လွှဲပြောင်းပြီးတဲ့အခါမှာ ကိုယ်စားလှယ် ငါးဦးအရွေးခံရတဲ့ အဖြေလည်းရနိုင်သလို ငါးဦးမပြည့်သေးတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ မဲပိုလည်း လွှဲပြောင်းပေးစရာမရှိ၊ အရွေးခံရသူကလည်း ငါးဦးမပြည့်သေးဘူးဆိုယင် အကြိမ်ကြိမ် လွှဲပြောင်းထားပြီးလို့ ရလာတဲ့မဲစာရင်းမှာ မဲအနည်းဆုံးရထားသူရဲ့မဲပြားတွေကို လွှဲပြောင်းပေးရပါတယ်။ မဲအနည်းဆုံးရထားသူတဦးရဲ့ မဲပြားတွေကို တခြားသူတွေထံ လွှဲပြောင်းပေးလို့မှ တခြားသူတွေမှာ ၂၀၀၀၁ မဲမရလာသေးဘူးဆိုယင် ဒုတိယနောက်တခါ မဲအနည်းဆုံးဖြစ်နေတဲ့ ကိုယ်စားလှယ်လောင်းရဲ့မဲပြားကို ထပ်မံလွှဲပြောင်းပေးရပါတယ်။ ဒီလိုနဲ့ နောက်ဆုံးတော့ အရွေးခံရသူ ငါးဦးတော့ ရရှိလာမှာ သေချာပါတယ်။

## ပိတ်ဆို့မဲပေးစနစ်

အခုအချိန်အထိ တင်ပြခဲ့ပြီးဖြစ်တဲ့ ရွေးချယ်တင်မြှောက်ပုံစနစ်အမျိုးမျိုးကို အကြမ်းဖျဉ်း အုပ်စုကြီးနှစ်ခု ခွဲခြားနိုင်ပါတယ်။ ပထမအုပ်စုက မဲအများစု စနစ်များ (plurality-majority systems) အုပ်စုဖြစ်ပြီး ဒုတိယကတော့ အချိုးကျကိုယ်စားပြုစနစ်အမျိုးမျိုး ဖြစ်ပါတယ်။

မဲအများစုစနစ်တွေကို မဲဆန္ဒနယ်ထဲက ကိုယ်စားလှယ်တဦးတည်းကိုသာ ရွေးချယ်ပေးရတဲ့ ကိုယ်စားလှယ်တဦးမဲဆန္ဒနယ်မြေစနစ် (single-member constituency)နဲ့ တွဲဖက်ကျင့်သုံးပြီး အချိုးကျကိုယ်စားပြုစနစ်တွေကိုတော့ ကိုယ်စားလှယ်အများအပြားရွေးချယ်ပေးရတဲ့ ကိုယ်စားလှယ်စုံ မဲဆန္ဒနယ်မြေစနစ် (multimember constituency) တွေနဲ့ တွဲဖက်ကျင့်သုံးတယ်လို့ အယင်က တင်ပြခဲ့တာတွေကို မှတ်မိဦးမယ်လို့ ယူဆပါတယ်။ ကိုယ်စားလှယ်တဦး မဲဆန္ဒနယ်မြေလား၊ ကိုယ်စားလှယ်စုံမဲဆန္ဒနယ်မြေလားဆိုတာကို ကြည့်ပြီး မဲအများစုစနစ်လား၊ အချိုးကျကိုယ်စားပြုစနစ်လားဆိုတာကို ခွဲခြားနိုင်တယ်လို့လည်း အကြမ်းဖျဉ်း ပြောနိုင်ပါတယ်။ ဒါပေမဲ့ ကမ္ဘာ့နိုင်ငံတချို့မှာ မဲအများစုစနစ်ကို ကိုယ်စားလှယ်စုံစနစ်နဲ့ တွဲဖက် ကျင့်သုံးနေတာကို တွေ့နိုင်ပါတယ်။ အဲဒီကိုယ်စားလှယ်စုံစနစ်နဲ့ တွဲဖက်ကျင့်သုံးတဲ့ မဲအများစုစနစ်ကို အင်္ဂလိပ်လို Block Vote လို့ခေါ်ပြီး မြန်မာဘာသာအားဖြင့်တော့ ပိတ်ဆို့မဲပေးစနစ်လို့ ဘာသာပြန် ခေါ်ဆိုနိုင်ပါတယ်။ ပိတ်ဆို့မဲပေးစနစ်မှာ ကျင့်သုံးနေတဲ့ နိုင်ငံတွေထဲမှာ စင်္ကာပူ၊ ဖိလစ်ပိုင်၊ ပါလက်စတိုင်း၊ ဖီဂျီ၊ လာအို့(စ)၊ ကူဝိတ်နဲ့ မောရစ်ရှ (စ)နိုင်ငံတွေ ပါဝင်ပါတယ်။

ပိတ်ဆို့ မဲပေးစနစ် (Block Vote)ကို မငယ်လွန်း၊ မကြီးလွန်းတဲ့ မဲဆန္ဒနယ်မြေစနစ်နဲ့ ကျင့်သုံးတာမို့ နိုင်ငံအများစုမှာ ပြည်နယ်အတိုင်းအတာ ကိုယ်စားလှယ်စုံမဲဆန္ဒနယ်မြေစနစ်နဲ့ တွဲဖက် ကျင့်သုံးကြပါတယ်။ နိုင်ငံရေး ပါတီအသီးသီးသီးဟာ မဲဆန္ဒနယ်မြေအတွင်းအရွေးခံရမဲ့ ကိုယ်စားလှယ်ဦးရေနဲ့ ညီမျှတဲ့ ကိုယ်စားလှယ်လောင်းတွေ တင်ပြကြပါတယ်။ မဲဆန္ဒရှင်တွေက မဲပေးတဲ့အခါ ပါတီအသီးသီးက တင်ပြထားတဲ့ ကိုယ်စားလှယ်လောင်းစာရင်းကိုကြည့်ပြီး မဲပေးရတာမို့ ဒီစနစ်ကို ပါတီအခြေခံ ပိတ်ဆို့မဲပေးစနစ်

(Party Block Vote)လို့လည်း ပညာရှင်တွေက ခေါ်ဝေါ်ကြပါတယ်။ မဲဆန္ဒရှင်တွေက မဲပေးတဲ့အခါ ကိုယ်စားလှယ်လောင်း တဦးတည်းကိုသော်လည်းကောင်း တဦးထက်ပိုပြီးသော်လည်းကောင်း ပေးနိုင်ကြပါတယ်။ အများဆုံးကတော့ အဲဒီမဲဆန္ဒနယ်မြေက ရွေးချယ်ပေးရမဲ့ ကိုယ်စားလှယ်ဦးရေ အရေအတွက်နဲ့အညီအမျှ ဖြစ်ပါတယ်။ ဥပမာ ကိုယ်စားလှယ်လောင်း ၁၄ ယောက်ရွေးချယ်ပေးရမဲ့ ကရင်ပြည်နယ်မဲဆန္ဒနယ်မှာ မဲဆန္ဒရှင်တဦးဟာ အနည်းဆုံး တမဲတည်းပေးနိုင်သလို အများဆုံးမဲပြား ၁၄ ပြားအထိလည်း ပေးနိုင်ပါတယ်။ ဒါကြောင့် ကိုယ်စားလှယ် ၁၄ ယောက်အတွက် မဲပေးတဲ့ ကရင်ပြည်နယ်က မဲဆန္ဒရှင်တဦးဟာ နိုင်ငံရေးပါတီတခုတည်းက ကိုယ်စားလှယ်လောင်း ၁၄ ယောက်ကို မဲပေးတာမျိုးဖြစ်နိုင်သလို ၁၄ ယောက်ပြည့်အောင် ပါတီပေါင်းစုံက ကိုယ်စားလှယ်လောင်းတွေကို ရောနှော မဲပေးတာမျိုးလည်း ဖြစ်နိုင်ပါတယ်။

ရွေးချယ်တင်မြှောက်ပွဲပြီးလို့ မဲတွေရေတွက်တဲ့အခါ ကိုယ်စားလှယ်လောင်း အသီးသီးရရှိတဲ့ မဲစာရင်း ပထမ ရရှိပါတယ်။ အဲဒီနောက် ပါတီတူတဲ့ ကိုယ်စားလှယ်လောင်း အသီးသီး ရရှိတဲ့မဲတွေကို ပေါင်းလိုက်တဲ့အခါ နိုင်ငံရေးပါတီအသီးသီးက ရရှိတဲ့ မဲစာရင်း ထွက်ပေါ်လာပါတယ်။ မဲအများဆုံးရထားတဲ့ နိုင်ငံရေးပါတီဟာ အဲဒီမဲဆန္ဒနယ်တခုလုံးက ကိုယ်စားလှယ်လောင်းနေရာ အားလုံးကို အနိုင်ရရှိပါတယ်။ ဥပမာ ၁၉၉၀ ပြည့်နှစ် ရွေးချယ်တင်မြှောက်ပွဲမှာ ပါတီအခြေခံပိတ်ဆို့မဲပေးစနစ်ကို ကျင့်သုံးခဲ့တယ်ဆိုယင် ကရင်ပြည်နယ်မဲဆန္ဒနယ်မှာ နိုင်ငံရေးပါတီပေါင်းစုံက ဝင်ရောက်အရွေးခံရာမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မဲအများဆုံးရရှိတယ်ဆိုယင် ကရင်ပြည်နယ်က ကိုယ်စားလှယ်နေရာ ၁၄ နေရာစလုံးကို အနိုင်ရမှာဖြစ်ပါတယ်။ အရွေးခံရမဲ့သူတွေကတော့ ကိုယ်စားလှယ်လောင်းစာရင်းမှာ တင်ပြထားတဲ့ သူတွေဖြစ် ပါတယ်။

ဒီစနစ်မှာ နာတဖြားသာတဲ့ နိုင်ငံရေးပါတီက မဲဆန္ဒနယ်တခုလုံးက ကိုယ်စားလှယ်နေရာအားလုံးကို အနိုင်ရရှိအောင် စီစဉ်ထားခြင်းဟာ တခြားပါတီတွေကို ကိုယ်စားပြုခွင့်လုံးဝမရတော့အောင် ပိတ်ဆို့တားဆီးသလို ဖြစ်နေတာမို့ ပိတ်ဆို့မဲပေးစနစ်လို့ ခေါ်တာဖြစ်နိုင်ပါတယ်။ ဒီစနစ်မှာ နိုင်ငံရေးပါတီကြီးတွေကို အားပေးပြီး ပါတီငယ်တွေအတွက် အရွေးခံရဖို့အလားအလာ မရှိသလောက် ဖြစ်နေတာကိုတွေ့ရပါတယ်။ ဒါကြောင့် ဒီစနစ်ဟာ တိုင်းရင်းသားလူမျိုးစုံနေထိုင်တဲ့ နိုင်ငံတွေမှာကျင့်သုံးယင် တလူမျိုး တမျိုးတည်းလွှမ်းမိုးတဲ့ ပါတီတွေအမြဲတမ်းလိုလို အနိုင်ရနေခြင်းမျိုးမရှိအောင် တားဆီးတဲ့သဘောနဲ့ ပါတီတွေက ကိုယ်စားလှယ်လောင်းတင်ပြရာမှာ တိုင်းရင်းသားပေါင်းစုံ ပါဝင်ရမယ်လို့ ရွေးချယ်တင်မြှောက်ပွဲဥပဒေ ဒါမှမဟုတ် နိုင်ငံရေးပါတီများဥပဒေတွေမှာ ကန့်သတ်ချက်လုပ်ထားတတ်ပါတယ်။ ဥပမာ စင်္ကာပူနိုင်ငံမှာ ကိုယ်စားလှယ်လောင်းစာရင်းထဲမှာ အနည်းဆုံး မလေးတိုင်းရင်းသား၊ သို့မဟုတ်၊ အိန္ဒိယတိုင်းရင်းသား၊ သို့မဟုတ် တရုတ်တိုင်းရင်းသား တဦးပါဝင်ရမယ်လို့ ကန့်သတ်ထားတာမို့ လူမျိုးတမျိုးတည်းက လွှမ်းမိုးတာမျိုးမဖြစ်အောင် တားဆီးထားတီးမှု လုပ်ထားတဲ့ သဘောဖြစ်ပါတယ်။ စင်္ကာပူနိုင်ငံစနစ်မှာ ထူးခြားမှုတခုရှိနေတာက မဲဆန္ဒနယ်အားလုံးဟာ ကိုယ်စားလှယ်စုံ မဲဆန္ဒနယ်တွေမဟုတ်ပဲ တချို့က ကိုယ်စားလှယ်တဦး မဲဆန္ဒနယ်မြေတွေဖြစ်ပြီး တချို့က ကိုယ်စားလှယ်စုံမဲဆန္ဒနယ်တွေဖြစ်နေတဲ့အချက်ပါ။ ကိုယ်စားလှယ်စုံ မဲဆန္ဒနယ်တွေမှာ ပါတီအခြေခံ ပိတ်ဆို့မဲပေးစနစ်ကို ကျင့်သုံးတာဖြစ်ပါတယ်။

ပိတ်ဆို့မဲပေးစနစ်ဟာ တကယ်တော့ မဲများသူနိုင်စတမ်းစနစ်တမျိုးဖြစ်ပါတယ်။

ဒါပေမဲ့ ခြားနားမှု တခုတော့ ရှိပါတယ်။ အဲဒါက ကိုယ်စားလှယ်လောင်းကို ရွေးချယ်ရခြင်းနဲ့ ပါတီကို ရွေးချယ်ရခြင်းဖြစ်ပါတယ်။ မဲများသူနိုင်စတမ်းနစ်ဟာ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံတဲ့ ကိုယ်စားလှယ်လောင်းတွေထဲက ထောက်ခံမဲအများဆုံးရတဲ့ ကိုယ်စားလှယ်လောင်းတဦးကို ရွေးချယ်တဲ့စနစ် ဖြစ်ပါတယ်။ ပိတ်ဆို့မဲပေးစနစ်မှာက မဲအများဆုံးရတဲ့ ကိုယ်စားလှယ်လောင်းကို ရွေးတာမဟုတ်ပဲ မဲအများဆုံးရထားတဲ့ နိုင်ငံရေးပါတီကို ရွေးတာဖြစ်ပါတယ်။ မဲအများဆုံးရတဲ့ ပါတီဟာ အဲဒီမဲဆန္ဒနယ်မြေက ကိုယ်စားလှယ်နေရာ အားလုံးကို အနိုင်ရပါတီအဖြစ် သတ်မှတ်ခံရပါတယ်။ မဲများသူနိုင်စတမ်းစနစ်မှာက ကိုယ်စားလှယ်တဦးမဲဆန္ဒမြေဖြစ်ပြီး ပိတ်ဆို့မဲပေးစနစ်မှာက ကိုယ်စားလှယ်စုံ မဲဆန္ဒနယ်မြေစနစ်ဖြစ်ပါတယ်။

## မဲပြားလွှဲပြောင်းစရာမလိုသော အချိုးကျကိုယ်စားပြုစနစ်

ပိတ်ဆို့မဲပေးစနစ်မှာလည်း ထုံးစံအတိုင်း အားနည်းချက်တွေရှိပါတယ်။ ပိတ်ဆို့မဲပေးစနစ်ကို ကိုယ်စားလှယ်စုံမဲဆန္ဒနယ်မြေစနစ်နဲ့ မဲများသူနိုင်စတမ်းစနစ်နဲ့ တွဲဖက်ကျင့်သုံးရာမှာ မဲဆန္ဒနယ်မြေတခုမှာ မဲအများဆုံးအနိုင်ရထားတဲ့ ပါတီဟာ အဲဒီမဲဆန္ဒနယ်မြေတခုလုံးက ကိုယ်စားလှယ်နေရာ အားလုံးကို အနိုင်ရပါတယ်။ ကိုယ်စားလှယ်ဦးရေ ၁၄ နေရာ ရွေးချယ်ပေးရမဲ့ ကရင်ပြည်နယ် မဲဆန္ဒနယ်မြေမှာ နိုင်ငံရေးပါတီ ၅ခု ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံကြတယ်လို့ ဥပမာအနေနဲ့ သတ်မှတ်လေ့လာကြည့်ကြရအောင်။ ပါတီများတဲ့အတွက် လူထုဆန္ဒမဲတွေဟာ ပါတီအသီးသီးကို ပြန့်နှံ့သွားပါတယ်။ ပါတီ တခုကစုစုပေါင်းမဲရဲ့ ၄၀ ရာနှုန်းနဲ့ မဲအများဆုံးရရှိတဲ့ ပါတီဖြစ်နေတယ်ဆိုပါစို့။ အဲဒီ မဲလေးဆယ်ရာနှုန်းရပါတီဟာ ကိုယ်စားလှယ်နေရာ ၁၄ နေရာစလုံးကို အနိုင်ရတဲ့ ပါတီဖြစ်သွားပါတယ်။ အများစုကြီးဖြစ်တဲ့ ကျန် ၆၀ ရာနှုန်းသောမဲတွေဟာ ကိုယ်စားပြုခွင့်မရတော့တာ တွေ့နိုင်ပါတယ်။ အနိုင်ရပါတီအဖြစ် သတ်မှတ်ခံရတဲ့ ပါတီကလည်း မတန်တဆကြီး ရရှိတဲ့မဲထက် ပိုပြီးကိုယ်စားပြုသွားတာကို တွေ့နိုင်ပါတယ်။

အဲဒီလို ပိတ်ဆို့မဲပေးစနစ်မှာ ရရှိတဲ့ ထောက်ခံမဲနဲ့ ကိုယ်စားပြုမှု အချိုးမညီတဲ့အားနည်းချက်ကို ပြုပြင်ယင်းပေါ်လာတဲ့ စနစ်ကတော့ Signal Non-Transferable Vote (SNTV)ဆိုတဲ့ စနစ်ဖြစ်ပါတယ်။ SNTV မှာ နိုင်ငံရေးပါတီတွေရတဲ့ မဲအရေအတွက်နဲ့ ကိုယ်စားပြုမှု အချိုးအစားညီမျှအောင် စီမံထားတာမို့ SNTV ဟာ အချိုးကျကိုယ်စားပြုမှုစနစ်အုပ်စုဝင် ရွေးချယ်တင်မြှောက်ပုံ စနစ်တမျိုးဖြစ်တယ်လို့ သတ်မှတ်ပါတယ်။ အချိုးကျကိုယ်စားပြုစနစ်တွေအကြောင်း တင်ပြခဲ့စဉ်က Single Transferable Vote ဆိုတာကို မဲပြားလွှဲပြောင်းပေးနိုင်တဲ့ အချိုးကျကိုယ်စားပြုစနစ်လို့ မြန်မာလို ပြန်ဆိုခဲ့ပါတယ်။ ဒါကြောင့် Single Non-Transferable Vote ကို မဲပြားလွှဲပြောင်းပေးစရာမလိုတဲ့ အချိုးကျကိုယ်စားပြုစနစ်လို့ ဘာသာပြန်ဆိုချင်ပါတယ်။

မဲပြားလွှဲပြောင်း ပေးစရာမလိုတဲ့ အချိုးကျ ကိုယ်စားပြုစနစ် (Single Non-Transferable Vote)ကို ကိုယ်စားလှယ်အများအပြား ရွေးချယ်ပေးရတဲ့ ကိုယ်စားလှယ်စုံ မဲဆန္ဒနယ်မြေစနစ် (multimember constituency) နဲ့ တွဲဖက်ကျင့်သုံးပါတယ်။ ပါတီ

တွေက ကိုယ်စားလှယ်လောင်းတွေရော တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းတွေပါ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကြပါတယ်။ ပါတီတခုက အမည်စာရင်း တင်သွင်းနိုင်တဲ့ ကိုယ်စားလှယ်လောင်းအရေအတွက်ကတော့ စုစုပေါင်း ရွေးချယ်ရမဲ့ ကိုယ်စားလှယ် ဦးရေနဲ့အညီအမျှ ဖြစ်ပါတယ်။ လျော့နည်း တင်ပြလို့လည်းရပါတယ်။ မဲဆန္ဒရှင်တွေကတော့ လူတကိုယ် မဲတပြားစီပဲ ပေးခွင့်ရှိပါတယ်။ မဲပေးပွဲပြီးလို့ ရွေးချယ်တင်မြှောက်ပွဲကော်မရှင်က မဲတွေရေတွက်တဲ့အခါ ပါတီတခုခြင်းစီ ရရှိတဲ့စာရင်း ထွက်ပေါ်လာပါတယ်။ ပါတီကိုယ်စားပြုမှုမရှိတဲ့ တသီးပုဂ္ဂလိက ကိုယ်စားလှယ်လောင်းတွေဝင်ရောက် အရွေးခံတယ်ဆိုယင်လည်း သူတို့ရရှိတဲ့ မဲစာရင်းလည်း ထွက်ပေါ် လာပါတယ်။ ကိုယ်စားလှယ် လေးယောက်ရွေးချယ်ပေးရမဲ့ မဲဆန္ဒနယ်မြေတခုမှာ မဲပြားလွှဲပြောင်းပေးစရာ မလိုတဲ့ အချိုးကျကိုယ်စားပြုစနစ်ကိုသုံးပြီး ရွေးချယ်တင်မြှောက်ပွဲ ကျင်းပပုံကို ဥပမာအဖြစ် လေ့လာကြည့်ကြရအောင်။ သင်္ချာသဘောအရ ပြောရယင် မဲဆန္ဒနယ်တခုလုံးက စုစုပေါင်းမဲရဲ့ လေးပုံတပုံရယင် ကိုယ်စားလှယ်လောင်းတဦး ရွေးချယ်ခံရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ လေးပုံတပုံအတိအကျ သတ်မှတ်ထားယင် မဲခွဲတမ်းချ တွက်ချက်ဖို့ ခက်ခဲတဲ့အတွက် ငါးပုံတပုံ သတ်မှတ်ပါတယ်။ ဒါကြောင့် ငါးပုံတပုံအထက် ထောက်ခံမှုရတဲ့ ပါတီတိုင်း၊ ဒါမှမဟုတ် ကိုယ်စားလှယ်လောင်းတိုင်း အနိုင်ရမှာဖြစ်ပါတယ်။ စုစုပေါင်းမဲ ၇၀ ရာနှုန်းလောက် ထောက်ခံမှုရတဲ့ ပါတီဆိုယင်တော့ သုံးနေရာ အနိုင်ရမှာဖြစ်ပါတယ်။

မဲပြားလွှဲပြောင်းပေးနိုင်တဲ့အချိုးကျ ကိုယ်စားပြုစနစ် Single Transferable Vote မှာ အရွေးခံရဖို့ ကိုယ်စားလှယ်လောင်းတဦးရရှိရမဲ့ မဲအရေအတွက် ဘယ်လောက်လဲဆိုတာကို မဲဆန္ဒနယ်တခုလုံးက အတည်ပြုနိုင်တဲ့ မဲပြားတွေအပေါ်မူတည်ပြီး တွက်ချက်ရကြောင်း၊ အဲဒီ မဲအရေအတွက် ပြည့်မီတဲ့ ကိုယ်စားလှယ်တွေ အရွေးခံရကြောင်း၊ တကယ်လို့ ကိုယ်စားလှယ်လောင်း တဦးဦးဟာ အဲဒီမဲအရေအတွက်ထက် ကျော်လွန်နေယင် တခြားကိုယ်စားလှယ်လောင်းတွေကို လွှဲပေးရကြောင်း ကျနော် တင်ပြခဲ့ပါတယ်။ မဲပြားလွှဲပြောင်းပေးနိုင်တဲ့ အချိုးကျကိုယ်စားပြုစနစ်ဟာ ကိုယ်စားလှယ်လောင်းတွေကို ဦးစားပေးရွေးချယ်ရတဲ့ စနစ်ဖြစ်လို့ တဦးဦးက ပိုမိုရရှိတဲ့ မဲပြားတွေကို တခြားကိုယ်စားလှယ်လောင်းတွေထံ လွှဲပြောင်းပေးဖို့ လိုအပ်လာပါတယ်။ မဲပြားလွှဲပြောင်းပေးစရာမလိုတဲ့အချိုးကျကိုယ်စားပြုစနစ် Single Non-Transferable Vote မှာက ပါတီတွေကို ကိုယ်စားပြုပြီး ဝင်ရောက်အရွေးခံတဲ့ ကိုယ်စားလှယ်လောင်းတွေကို ပါတီအနေနဲ့ပဲ စဉ်းစားပါတယ်။ အစောပိုင်းက ကျနော် တင်ပြခဲ့တဲ့ ဥပမာမှာ ပါတီတခုက ကိုယ်စားလှယ်သုံးနေရာ အနိုင်ရတယ်ဆိုယင် အဲဒီသုံးဦးအကြားမှာ မဲပြားပိုရတာ၊ မရတာကို ထည့်သွင်းမစဉ်းစားတော့ပဲ သုံးဦးစလုံးကို ပါတီတခုတည်းအနေနဲ့ စဉ်းစားပါတယ်။ ဆိုလိုတာက ပါတီကိုကိုယ်စားပြုပြီး အရွေးခံရမဲ့ ကိုယ်စားလှယ်လောင်းတွေအကြားမှာ မဲပြားပိုရသူနဲ့ လျော့ရသူတွေအကြား မဲပြားလွှဲပြောင်းမှု လုပ်စရာ မလိုတော့ပါဘူး။ ကိုယ်စားလှယ်လောင်းသုံးဦးကို ပါတီကို ကိုယ်စားပြုပြီးအနိုင်ရသူအဖြစ် သတ်မှတ် လိုက်ရုံပါပဲ။ မဲပြားလွှဲပြောင်းပေးမှု မလိုပါလူး။ ဒါကြောင့် ဒီစနစ်ကို မဲပြားလွှဲပြောင်းပေးစရာမလိုတဲ့ အချိုးကျကိုယ်စားပြုစနစ်လို့ ခေါ်တာဖြစ်ပါနိုင်ပါတယ်။

မဲပြားလွှဲပြောင်းပေးစရာမလိုတဲ့ အချိုးကျ ကိုယ်စားပြုစနစ်မှာ အားနည်းချက်တွေရှိပေမဲ့ ပညာရှင်တွေက အားသာချက်တွေက ပိုများတယ်လို့ပညာရှင်တွေက မြင်ကြပါတယ်။ ပထမအားသာချက်ကတော့ ပါတီကြီးတခုတည်းက ရွေးချယ်တင်မြှောက်ပွဲတွေမှာ

အသာစီးယူနေတာကို တားဆီးပြီး ပါတီငယ်တွေနဲ့ တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းတွေကိုပါ အခွင့်အလမ်းပေးတဲ့အချက်ဖြစ်ပါတယ်။ ဒုတိယအားသာချက်ကတော့ ရရှိတဲ့ မဲအရေအတွက်နဲ့ အနိုင်ရရှိမဲ့ ကိုယ်စားလှယ်ဦးရေအရေအတွက် အတိုင်းအတာတခုအထိ အချိုးကျညီတဲ့အတွက် မျှတမှုရှိတဲ့ အချက်ဖြစ်ပါတယ်။ တတိယ အားသာချက်ကတော့ မဲဆန္ဒရှင်တွေမဲပေးရာမှာ ရှုတ်ထွေးမှုမရှိပဲ အလွယ်တကူ မဲပေးနိုင်ခြင်းဖြစ်ပါတယ်။

မဲပြားလွှဲပြောင်းပေးစရာ မလိုတဲ့ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးတဲ့နိုင်ငံတွေထဲမှာ ဂျော်ဒန်၊ တိုင်ဝမ်နဲ့ ၁၉၉၃ ခုနှစ်အထိ ဂျပန်နိုင်ငံတွေ ပါဝင်ပါတယ်။

## စနစ်များရောနှောကျင့်သုံးခြင်း

ဘယ်ရွေးချယ်တင်မြှောက်ပုံစနစ်မဆို နိုင်ငံတခုအတွက် အားကောင်းချက် ရာနှုန်းပြည့် မပေးနိုင်သလို ဘယ်စနစ်ကမှလည်း သုံးမရအောင် အားနည်းနေတာမျိုးမဟုတ်ပါဘူး။ သဘောက စနစ်တိုင်းမှာ အားသာချက်အားနည်းချက်တွေက ရှိနေမြဲပါ။ ဒါကြောင့် ဒုတိယကမ္ဘာစစ်အပြီး နိုင်ငံတွေမှာ ရွေးချယ်တင်မြှောက်ပုံစနစ်ကို သတ်မှတ်ရာမှာ နိုင်ငံအတော်များများဟာ စနစ်တမျိုးတည်းကို သတ်မှတ်ခြင်းထက် စနစ်နှစ်မျိုးကို ပူးတွဲသတ်မှတ်တာမျိုးတွေ လုပ်လာတာ၊ အဲဒါမျိုး နှစ်မျိုးတွဲစနစ်တွေက ပိုခေတ်စားလာတာ တွေ့ရပါတယ်။ ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံဟာဆိုယင် အဲဒါမျိုး နှစ်မျိုးပေါင်း စနစ်ကျင့်သုံး တဲ့နိုင်ငံတွေထဲမှာ စံပြနိုင်ငံလို့ ခေါ်နိုင်ပါတယ်။ ဂျာမနီမှာ အောက်လွှတ်တော်ထဲက အမတ်နေရာထဲက ၅၀ ရာနှုန်းကို မဲများသူနိုင်စတမ်းစနစ်နဲ့ရွေးချယ်ပြီး ကျန် ၅၀ ရာနှုန်းကိုတော့ ကိုယ်စားလှယ်လောင်းကိုမဲပေးရတဲ့ အချိုးကျ ကိုယ်စားပြုစနစ်နဲ့ ရွေးချယ်ပါတယ်။ အလားတူပဲ တခြားကမ္ဘာ့နိုင်ငံ ၂၀ လောက်မှာလည်း စနစ်နှစ်မျိုးကို ရောနှောကျင့်သုံးနေတာ တွေ့ရပါတယ်။ ရောနှောတဲ့ စနစ်နှစ်မျိုးမှာ တမျိုးကမဲများသူနိုင်စတမ်း မဲအများစုစနစ် အုပ်စုဖက်က တမျိုးမျိုးဖြစ်ပြီး အခြားတမျိုးကတော့ အချိုးကျကိုယ်စားပြုစနစ် အုပ်စုဖက်က ဖြစ်ပါတယ်။ ဒါပေမဲ့ နိုင်ငံအသီးသီးမှာ ရောစပ်မှုအချိုးအစား ကွာတာလည်းတွေ့နိုင်ပါတယ်။ ဂျာမနီနဲ့ ရုရှားလိုနိုင်ငံတွေမှာ တဝက်စီရောစပ်ပါတယ်။ ထိုင်းနိုင်ငံမှာ အောက်လွှတ်တော် အမတ်နေရာ ၈၀ ရာနှုန်းကို မဲများသူနိုင်စတမ်းစနစ်နဲ့ရွေးပြီး ၂၀ ရာနှုန်းကို ကိုယ်စားလှယ်လောင်းစာရင်း တင်ပြရတဲ့ အချိုးကျကိုယ်စားပြုစနစ်နဲ့ ရွေးချယ်ပါတယ်။ ဒါကြောင့် ထိုင်းနိုင်ငံမှာ စနစ်နှစ်မျိုးကို ၈၀–၂၀ ရာနှုန်းနဲ့ ရောစပ်တယ်လို့ပြောရမှာဖြစ်ပါတယ်။ ဂျပန်မှာက အောက်လွှတ်တော်အမတ်တွေထဲက ၆၀ ရာနှုန်းကို မဲအများစုစနစ်နဲ့ ရွေးချယ်ပြီး ကျန်တဲ့ ၄၀ ရာနှုန်းကို ကိုယ်စားလှယ်လောင်းတင်ပြရတဲ့ အချိုးကျ ကိုယ်စားပြုစနစ်နဲ့ ရွေးချယ်ပါတယ်။ ။ (ဆက်လက်ဖော်ပြပါမည်။)

*အယ်ဒီတာ့မှတ်ချက်။ ။ ဒီမိုကရက်တစ်မြန်မာ့အသံမှ စာရေးသူထုတ်လွှင့်ခဲ့သော အသံလွှင့်ဆောင်းပါးများကို အခြေခံဥပဒေရေးရာစာစောင်စာဖတ်ပရိတ်သတ်များအတွက် အပိုင်းခွဲ၍ ပြန်လည် တင်ပြခြင်းဖြစ်သည်။ အပိုင်း(၁)ကို ဇန်နဝါရီလ၊ ၂၀၀၂ ခုနှစ်ထုတ် အခြေခံဥပဒေရေးရာစာစောင် အမှတ်(၁၂) တွင် ဖော်ပြခဲ့ပါသည်။*

လူ့အခွင့်အရေး

# နိုင်ငံတကာရာဇဝတ်တရားရုံး-မိတ်ဆက်

စိုင်းစိုးဝင်းလတ်

မကြာခင်ကာလအတွင်း ကမ္ဘာပေါ်တွင် နိုင်ငံတကာနှင့်ဆိုင်သော နောက်ထပ်တရားရုံးအသစ်တစ်ခု ပေါ်ပေါက်လာရန် အလားအလာရှိပါသည်။ လက်ရှိကာလတွင် နိုင်ငံနှစ်နိုင်ငံအကြား အငြင်းပွားမှုများကို ဖြေရှင်းပေးမည့် International Court of Justice (ICJ)ဟုခေါ်သော ကမ္ဘာ့တရားရုံးအပြင် သက်ဆိုင်ရာနိုင်ငံများအတွက်သာ ထူထောင်ထားသော International Criminal Tribunal for former Yugoslavia (ICTY)ခေါ် ယူဂိုစလားဗီးယားနိုင်ငံဆိုင်ရာ ရာဇဝတ် အထူးခုံရုံးနှင့် International Criminal Tribunal for Rwanda (ICTR)ခေါ် ရဝမ်ဒါနိုင်ငံဆိုင်ရာ ရာဇဝတ်အထူးခုံရုံးကဲ့သို့သော နိုင်ငံဆိုင်ရာရုံးများ ဟူ၍ရှိပါသည်။ ယခုပေါ်ပေါက်လာမည့်ကမ္ဘာ့တရားရုံးမှာ လူအစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၊ လူမျိုးသန့်စင်သည့်အနေဖြင့် ကျူးလွန်မှု၊ လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်မှု စသည့် အမှုများကျူးလွန်သူတို့အပေါ် တရားစွဲဆိုနိုင်မည့် နိုင်ငံတကာရာဇဝတ်တရားရုံး (International Criminal Court - ICC) ဖြစ်သည်။ ထိုတရားရုံးနှင့်ပတ်သက်သော ယေဘုယျသိရှိထားသင့်သောအချက်များကို မြန်မာစာဖတ်ပရိသတ်များသိရှိ ထားနိုင်ရန် မိတ်ဆက်တင်ပြပေးလိုက် ပါသည်။

နိုင်ငံတကာရာဇဝတ်တရားရုံးသည် ကမ္ဘာ့ပြစ်မှုကျူးလွန်မှုများအပေါ် တာဝန်ရှိသူများအား တစ်ဦးချင်းစီအလိုက် တရားစွဲဆိုသွားမည့် နိုင်ငံတကာအမြဲတမ်းအထူးခုံရုံးကြီးဖြစ်သည်။ ကမ္ဘာ့ပြစ်မှုဆိုသည်မှာ လူအစုလိုက်အပြုံလိုက် သတ်ဖြတ်မှု၊ လူမျိုးသန့်စင်သည့်အနေဖြင့်ကျူးလွန်မှု၊ လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်မှုစသည်တို့ကိုဆိုလိုသည်။ ထိုတရားရုံးထူထောင်ရေး သဘောတူညီချက်အား မူကြမ်းရေးဆွဲရန် အီတလီနိုင်ငံ ရောမမြို့တွင် ၁၉၉၈ ခုနှစ်က ကုလသမဂ္ဂက ကမကထပြု၍ ညီလာခံတစ်ရပ်ကျင်းပခဲ့ရာ နိုင်ငံပေါင်း ၁၆၀ မှ ကိုယ်စားလှယ် များတက်ရောက်ခဲ့ပါသည်။ ရက်သတ္တပတ် ၅ ပတ်တာ အကြိတ်အနယ်ဆွေးနွေးကြပြီးနောက် ထိုမူကြမ်းအားနိုင်ငံ ၁၂၀ က ထောက်ခံမဲပေးခဲ့ကြသည်။ သို့သော်တရုတ်၊ လစ်ဗြား၊ အီရက်နှင့်အမေရိကန်ပြည်ထောင်

စုအပါအဝင် နိုင်ငံ ၇ နိုင်ငံကဆန့်ကျင်ခဲ့ပြီး ၂၁ နိုင်ငံက ကြားနေခဲ့ပါသည်။ လက်ရှိကာလအထိ ထိုတရားရုံးအား တရားဝင်ဖွဲ့စည်း ထူထောင်နိုင်ခြင်းမရှိသေးပေ။ အကြောင်းမှာ ထိုသဘောတူညီချက်အား နိုင်ငံ ၆၀ က အတည်ပြုလက်မှတ်ရေးထိုးမှသာ တရားဝင်ဖွဲ့စည်းထူထောင်နိုင်မည်ဖြစ်သောကြောင့် ဖြစ်သည်။

နိုင်ငံတကာ ရာဇဝတ်တရားရုံးသဘောတူညီချက်တွင် စွပ်စွဲခံရသူများအနေဖြင့် အပြစ်မရှိကြောင်းယူဆခွင့်၊ ရှေ့နေငှားရမ်းခွင့်၊ သက်သေအထောက်အထားများ တင်ပြခွင့်၊ မေးခွန်းများအားမဖြေပဲနေခွင့် စသည့် အခွင့်အရေးများအပါအဝင် စွပ်စွဲခံရသူများ၏ ခံစားခွင့်အခွင့်အရေးများကို စာရင်းပြုစုထားရှိသည်။

နိုင်ငံတကာရာဇဝတ်တရားရုံးတွင် သဘောတူညီချက်အား လက်မှတ်ရေးထိုးထားသည့်နိုင်ငံများမှ နိုင်ငံသားများ သို့မဟုတ် လက်မှတ်ရေးထိုးထားသည့် အစိုးရပိုင်နယ်နိမိတ်အတွင်း အထက်ဖော်ပြပါ ပြစ်မှုကျူးလွန်သူ မည်သူ့ကိုမဆို တရားစီရင်ရန်အခွင့်အာဏာရှိမည်ဖြစ်သည်။ ထိုတရားရုံးသည် အရပ်သား၊ စစ်ဖက်အရာရှိ ၊ အစိုးရအရာရှိ စသဖြင့် ခွဲခြားခြင်းမရှိပဲ တသီးပုဂ္ဂလ ပြစ်မှုကျူးလွန်သူမှန်သမျှအား တရားစွဲဆိုမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံအတွင်း၌ကျူးလွန်ခဲ့သော အဆိုပါပြစ်မှုများအတွက် နိုင်ငံတကာမှဝင်ရောက်အရေးယူသည်ဟုဆိုရာတွင် နိုင်ငံတကာတရားရုံးသည် ၎င်းစိတ်ကြိုက်ဝင်ရောက်ကိုင်တွယ်နိုင်လိမ့်မည် မဟုတ်ပေ။ ဆိုလိုသည်မှာ ကမ္ဘာ့ပြစ်မှုကျူးလွန်ခဲ့ကြသူများအား သက်ဆိုင်ရာနိုင်ငံများက ဦးစွာပထမ တရားစီရင်ရေးကိစ္စဆောင်ရွက်ရမည်။ အကယ်၍ ထိုနိုင်ငံများက စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် သင့်လျော်သောတရားရုံးတင်ခြင်းများအား တရားမျှတစွာဆောင်ရွက်ရန် ပျက်ကွက်လာမှသာလျှင် နိုင်ငံတကာတရားရုံးကဝင်ရောက်ကိုင်တွယ်မည် ဖြစ်သည်။

နိုင်ငံတကာရာဇဝတ်တရားရုံးသည် တရားခံများအား ၎င်းတို့၏သက်ဆိုင်ရာနိုင်ငံများတွင်သာ တရားစွဲဆိုလိုသည်ဟူသည့်နိုင်ငံများကို လမ်းညွှန်မှုများနှင့် မက်လုံးများပေးသွားမည်ဖြစ်သကဲ့သို့ အကြမ်းဖက်မှုများ၊ ခြိမ်းခြောက်မှုများကြောင့်လည်းကောင်း၊ တရားစွဲဆိုနိုင်ရန်လိုအပ်သော အရင်းအမြစ်များ၊ နိုင်ငံရေးဆန္ဒများ လိုအပ်မှုများကြောင့်လည်းကောင်း ၎င်းတို့ကိုယ်တိုင် တရားစွဲဆိုနိုင်ခြင်း သို့မဟုတ် တရားစွဲလိုခြင်းမရှိသည့်နိုင်ငံများအား တရားစီရင်နိုင်ရေးအတွက် ထောက်ပံ့ကူညီသွားမည်ဖြစ်သည်။ ထို့ကြောင့် အချို့နိုင်ငံများတွင် ယခင်အစိုးရက ပြစ်မှုများကျူးလွန်သွားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကျူးလွန်ခဲ့သူများအား တရားစွဲဆိုလိုခြင်းမရှိကြတော့ဟူသောအခြေအနေမျိုးဆက်လက်ရှိနေတော့မည် မဟုတ်ပေ။ တရားခံများအားတရားစွဲဆိုရေးတွင် ပဏာမတာဝန်ရှိသူမှာ သက်ဆိုင်ရာနိုင်ငံများ၏ တရားစီရင်ရေးစနစ်သာလျှင်ဖြစ်ပြီး နိုင်ငံတကာရာဇဝတ်တရားရုံးအနေဖြင့် သက်ဆိုင်ရာနိုင်ငံများ၏တရားရုံးများသို့ မည်သို့မှ အစားထိုးဝင်ရောက်နိုင်လိမ့်မည် မဟုတ်ပေ။ သို့ရှိရာ ပြစ်မှုကျူးလွန်မှုများအပေါ် အမှန်တရားရှာဖွေခြင်းတွင် တရားမျှတစွာ၊ ရိုးသားမှန်ကန်စွာနှင့် မိမိတို့၏တာဝန်ရှိမှုအပေါ် မှန်ကန်တိကျစွာဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတကာရာ ဇဝတ်တရားရုံးမပါပဲ သက်ဆိုင်ရာနိုင်ငံများက တရားခံများအား မိမိတို့ဘာသာမိမိတို့ တရားစီရင်နိုင်ပေလိမ့်မည်။

ကမ္ဘာ့ပေါ်တွင် နိုင်ငံတကာနှင့်ဆိုင်သည့် အခြားတရားရုံးများရှိပြီးဖြစ်သော်လည်း ဤနိုင်ငံတကာ ရာဇဝတ်တရားရုံးထူထောင်ရန် အဘယ်ကြောင့်ကြိုးပမ်းနေကြသနည်းဟုမေးခွန်းထုတ်စရာရှိပါသည်။ အပြည်ပြည်ဆိုင်ရာတရားမျှတရေးတရားရုံး (International

Court of Justice - ICJ) (သို့)ကမ္ဘာ့တရားရုံး (World Court)ဟုခေါ်သောတရားရုံးသည် နိုင်ငံနှစ်နိုင်ငံအကြားဖြစ်ပွားသည့် အငြင်းပွားမှုများအား လက်ခံကြားနာစစ်ဆေးသည့် တရားမ တရားရုံးဖြစ်သည်။ ယူဂိုစလားဗီးယားဆိုင်ရာ နိုင်ငံတကာရာဇဝတ်အထူးခုံရုံးဟုခေါ်သော (International Criminal Tribunal for the former Yugoslavia - ICTY) နှင့် ရဝမ်ဒါဆိုင်ရာ နိုင်ငံတကာ ရာဇဝတ်အထူးခုံရုံး (International Criminal Tribunal for Rwanda-ICTR)တို့သည် ယခုနိုင်ငံတကာရာဇဝတ်တရားရုံး (International Criminal Court - ICC) နှင့်ဆင်တူသော်လည်း ထိုတရားရုံးနှစ်ခုလုံးမှာ ယူဂိုစလားဗီးယားနှင့် ရဝမ်ဒါနိုင်ငံနှစ်နိုင်ငံနှင့်သာ သက်ဆိုင်ပြီး ယာယီသာလျှင်ဖြစ်ပါသည်။ သို့ရာတွင် ICC မှာ ကမ္ဘာပေါ်ရှိနိုင်ငံများအားလုံးနှင့်သက်ဆိုင်ပြီး ရာဇဝတ်အမှုများကို စစ်ဆေးမည့် အမြဲတမ်းတရားရုံးဖြစ်ပါသည်။

ICC ၏အမြဲတမ်းတရားရုံးအား နယ်သာလန်နိုင်ငံ၊ သဟိတ်မြို့တွင်ထားရှိမည်ဖြစ်ပြီး အခြေအနေအရ အခြားနိုင်ငံများတွင်ထားရှိရန်လိုအပ်ပါကလည်း လိုအပ်သလို စီစဉ်သွားမည်ဖြစ်သည်။ ကုန်ကျစရိတ်ကျခံရေးနှင့်ပတ်သက်၍ တရားရုံးအဖွဲ့ဝင်နိုင်ငံများနှင့် ကမ္ဘာ့ကုလသမဂ္ဂ (အထူးသဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ လွှဲပြောင်းပေးအပ်လာသော အမှုများအား စုံစမ်းစစ်ဆေးနေစဉ်နှင့် တရားစွဲဆိုနေစဉ်)တို့မှ ထည့်ဝင်ကုန်ကျခံသွားမည်ဖြစ်သည်။

လုံခြုံရေးကောင်စီသည် အချို့အမှုအား စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲဆိုရန် နိုင်ငံတကာရာဇဝတ်တရားရုံးသို့ လွှဲပြောင်းပေးအပ်နိုင်သည်။ ထို့ပြင်အကယ်၍ ICC ၏ ဆောင်ရွက်ချက်တစုံတရာသည် လုံခြုံရေးကောင်စီ၏ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးထိန်းသိမ်းရန်ကြိုးပမ်းချက်အား အနှောင့်အယှက်ဖြစ်စေနိုင်သည်ဟု ယူဆရသော အချိန်အခါမျိုးတွင် စုံစမ်းစစ်ဆေးမှုများအား ၁၂ လ ရပ်ဆိုင်းပေးရန် ICC သို့တောင်းခံနိုင်သည်။

တရားရုံးသဘောတူညီချက်တွင် နိုင်ငံရေးလှုပ်ဆော်သည့်အမှုများနှင့် ကရော်ကမာအမှုများအား ကြိုတင်ကာကွယ်ရန် ပြဋ္ဌာန်းချက်များရှိပါသည်။ ဆိုလိုသည်မှာ စွဲချက်တိုင်းသည် ပဏာမစုံစမ်းစစ်ဆေးရေးတရားရုံး တရားသူကြီးများ၏ အတည်ပြုချက်လိုပါသည်။ ထိုစွဲချက်များအားခိုင်မာစေသည့် သက်သေအထောက်အထားများကိုလည်း စွဲချက်အားမထုတ်ပြန်မီ ထိုတရားသူကြီးများမှ စစ်ဆေးသွားရမည်ဖြစ်သည်။ စွဲချက်များအားအတည်ပြုမည့် ပဏာမစစ်ဆေးရေးတရားခွင်တွင် စွပ်စွဲခံရသည့်တရားခံများက စွဲချက်နှင့်ပတ်သက်၍ ငြင်းချက်ထုတ်ခွင့်ရှိသည်။ တဖန် နိုင်ငံရေး ရောယှက်မှုများမှရှောင်ရှားနိုင်ရန်အလို့ငှာ တရားရုံးရှေ့နေများစတင်သည့် စုံစမ်းစစ်ဆေးရေးတိုင်းသည် ပဏာမစစ်ဆေးရေးတရားရုံးကခွင့်ပြုမှသာ စတင်နိုင်သည်။

နိုင်ငံတကာတရားရုံး သဘောတူညီချက်ကို လက်မှတ်ထိုးခြင်းဖြင့် ကမ္ဘာပေါ်ရှိနိုင်ငံအားလုံးသည် ထိုတရားရုံး၏ အဖွဲ့ဝင်နိုင်ငံဖြစ်နိုင်ပါသည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တရားရုံး၏ တရားစီရင်ပိုင်ခွင့်အာဏာအား သဘောတူရမည်ဖြစ်ပြီး အမှုများအား စုံစမ်းစစ်ဆေးရေး၊ တရားစွဲဆိုရေးနှင့် ဥပဒေများအား လေးစားလိုက်နာရေးတို့တွင် တရားရုံးနှင့်ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။ တရားရုံးသဘောတူညီချက်အား လက်မှတ်မထိုးသောနိုင်ငံများမှ တရားသူကြီးများနှင့် ရှေ့နေများသည် ICC တရားသူကြီးနှင့် ရှေ့နေများအဖြစ်ရွေးချယ်ခံခွင့်ရှိမည်မဟုတ်ပေ။ ထို့အတူ အသုံးစရိတ်နှင့် စီမံခန့်ခွဲရေးကိစ္စရပ်များဆုံးဖြတ်ခြင်းနှင့်ပတ်သက်၍လည်း အထူးအခွင့်အရေးများ ရရှိလိမ့်မည် မဟုတ်ပေ။

တရားရုံးသဘောတူညီချက်တွင် တရားရုံးတရားသူကြီးများနှင့် ရှေ့နေများအား ရွေးချယ်ရာ၌ ဂုဏ်သိက္ခာရှိမှု၊ စိတ်နေသဘောထား၊ လွတ်လပ်စွာလုပ်ဆောင်နိုင်မှု စသည်တို့ အပါအဝင် စံနှုန်းများအား တင်းကြပ်စွာသတ်မှတ်ထား ပါသည်။ ၎င်းတို့အား တရားရုံးတွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း ၎င်းတို့၏ လွတ်လပ်စွာစစ်ဆေးဆောင်ရွက်နိုင်မှုကို ထိခိုက်စေမည့်လုပ်ရပ်များမှ တားမြစ်သည်။ ထို့အပြင် ဘက်လိုက်သည်ဟူသော အငြင်းပွားမှုများရှိလာပါက သက်ဆိုင်ရာအမှုတွင် ထိုတရားသူကြီးပါဝင်ဆောင်ရွက်ခွင့်အား တားမြစ်နိုင်သည်။ အကယ်၍ ၎င်းတို့သည် လုပ်ပိုင်ခွင့်အာဏာအလွဲသုံးစားပြုပါက အရေးယူခြင်းပင်ခံရမည်ဖြစ်သည်။

ICC တရားသူကြီးများနှင့် ရှေ့နေများရွေးချယ်ရန် တရားရုံးအဖွဲ့ဝင်နိုင်ငံတိုင်းသည် တရားသူကြီးများနှင့် ရှေ့နေများ၏ အမည်စာရင်းတင်သွင်းနိုင်သည်။ သို့ရာတွင် တရားသူကြီးအမည်စာရင်း တင်သွင်းခြင်းခံရသောသူသည် သက်ဆိုင်ရာနိုင်ငံများ၌ အမြင့်ဆုံးတရားရုံးများတွင် တာဝန်ထမ်းဆောင်နိုင်စွမ်းရှိသူများ သာဖြစ်ရမည်။ တရားရုံးသဘောတူညီချက်အား နိုင်ငံ ၆၀ က လက်မှတ်ရေးထိုးပြီးပါက ထိုတရားရုံးကို စတင်ဖွဲ့စည်းထူထောင်နိုင်မည်ဖြစ်ပြီး ပညာရှင်များနှင့် လူ့အခွင့်အရေးလှုပ်ရှားသူများက တရားရုံးအား ၂၀၀၂ ခုနှစ် နှစ်လယ်ပိုင်းခန့်တွင် ဖွဲ့စည်းနိုင်လိမ့်မည်ဟု ခန့်မှန်းကြသည်။ နိုင်ငံတကာ ရာဇဝတ်တရားရုံးသဘောတူညီချက်အား အောက်ပါနိုင်ငံများက အတည်ပြုလက်မှတ်ရေးထိုးထားပြီးဖြစ်သည်။

| စဉ် နိုင်ငံ | လက်မှတ်ထိုးသည့်နေ့(ရက်၊ လ၊ ခုနှစ်) |
|---|---|
| (၁) အန်ဒိုရာ | ၃၀ ၊ ၀၄ ၊ ၂၀၀၁ |
| (၂) အန်တီဂွာနှင့် ဘာဘူဒါ | ၁၈ ၊ ၀၆ ၊ ၂၀၀၁ |
| (၃) အာဂျင်တီးနား | ၀၈ ၊ ၀၂ ၊ ၂၀၀၁ |
| (၄) ဩစတြီးယား | ၂၈ ၊ ၁၂ ၊ ၂၀၀၀ |
| (၅) ဘယ်လ်ဂျီယမ် | ၂၈ ၊ ၀၆ ၊ ၂၀၀၀ |
| (၆) ဘီလစ်ဇ် | ၀၅ ၊ ၀၄ ၊ ၂၀၀၀ |
| (၇) ဘီနင် | ၂၂ ၊ ၀၁ ၊ ၂၀၀၂ |
| (၈) ဘော့စဝါနာ | ၀၈ ၊ ၀၉ ၊ ၂၀၀၂ |
| (၉) ကနေဒါ | ၀၇ ၊ ၀၆ ၊ ၂၀၀၀ |
| (၁၀)အလယ်ဥရောပသမ္မတနိုင်ငံ | ၀၃ ၊ ၁၀ ၊ ၂၀၀၁ |
| (၁၁)ကော့စတာ–ရီကာ | ၀၇ ၊ ၀၆ ၊ ၂၀၀၁ |
| (၁၂)ခရိုအေးရှ | ၂၁ ၊ ၀၅ ၊ ၂၀၀၁ |
| (၁၃)စိုက်ပရပ်စ် | ၀၇ ၊ ၀၃ ၊ ၂၀၀၂ |
| (၁၄)ဒိန်းမတ် | ၂၁ ၊ ၀၆ ၊ ၂၀၀၁ |
| (၁၅)ဒီးဂျ်ဘိုဒီ ဒိုမေနီကာ | ၁၂ ၊ ၀၂ ၊ ၂၀၀၁ |
| (၁၆)အက်ကွေဒေါ | ၀၅ ၊ ၀၂ ၊ ၂၀၀၂ |
| (၁၇)အက်စ်တိုးနီးယား | ၂၀ ၊ ၀၁ ၊ ၂၀၀၂ |
| (၁၈)ဖီဂျီ | ၂၉ ၊ ၁၁ ၊ ၁၉၉၉ |
| (၁၉)ဖင်လန် | ၂၉ ၊ ၁၂ ၊ ၂၀၀၀ |

| | |
|---|---|
| (၂၀)ပြင်သစ် | ၀၉ ၊ ၀၆ ၊ ၂၀၀၀ |
| (၂၁)ဂါဘွန် | ၂၀ ၊ ၀၉ ၊ ၂၀၀၀ |
| (၂၂)ဂျာမဏီ | ၁၁ ၊ ၁၂ ၊ ၂၀၀၀ |
| (၂၃)ဂါနာ | ၂၀ ၊ ၁၂ ၊ ၁၉၉၉ |
| (၂၄)ဟန်ဂေရီ | ၂၀ ၊ ၁၁ ၊ ၂၀၀၁ |
| (၂၅)အိုင်းစ်လန်း | ၂၅ ၊ ၀၅ ၊ ၂၀၀၀ |
| (၂၆)အီတလီ | ၂၆ ၊ ၀၇ ၊ ၁၉၉၉ |
| (၂၇)လက်ဆိုတို | ၀၆ ၊ ၀၉ ၊ ၂၀၀၀ |
| (၂၈)လစ်ချ်တန်စတိန်း | ၀၂ ၊ ၁၀ ၊ ၂၀၀၁ |
| (၂၉)လူစင်ဘတ် | ၀၈ ၊ ၀၉ ၊ ၂၀၀၀ |
| (၃၀)မာလီ | ၁၆ ၊ ၀၈ ၊ ၂၀၀၀ |
| (၃၁)မာရှယ်ကျွန်းစုများနိုင်ငံ | ၀၇ ၊ ၁၁ ၊ ၂၀၀၀ |
| (၃၂)မူရီတက်စ် | ၀၅၊ ၀၃ ၊ ၂၀၀၂ |
| (၃၃)နူရူ | ၁၂ ၊ ၁၁ ၊ ၂၀၀၁ |
| (၃၄)နယ်သာလန် | ၁၇ ၊ ၀၆ ၊ ၂၀၀၁ |
| (၃၅)နယူးဇီလန် | ၀၇ ၊ ၀၉ ၊ ၂၀၀၀ |
| (၃၆)နိုင်ဂျီးရီးယား | ၂၇ ၊ ၀၉ ၊ ၂၀၀၁ |
| (၃၇)နော်ဝေ | ၁၆ ၊ ၀၂ ၊ ၂၀၀၀ |
| (၃၈)ပနားမား | ၂၁ ၊ ၀၃ ၊ ၂၀၀၂ |
| (၃၉)ပါရာဂွေး | ၁၄ ၊ ၀၅ ၊ ၂၀၀၁ |
| (၄၀)ပီရူး | ၁၀၊ ၁၁ ၊ ၂၀၀၁ |
| (၄၁)ပိုလန် | ၁၂ ၊ ၁၁ ၊ ၂၀၀၁ |
| (၄၂)ပေါ်တူဂီ | ၀၅ ၊ ၀၂ ၊ ၂၀၀၂ |
| (၄၃)ဆန် မာရီနို | ၃၁ ၊ ၀၅ ၊ ၁၉၉၉ |
| (၄၄)ဆီနီဂါ | ၀၂ ၊ ၀၂ ၊ ၁၉၉၉ |
| (၄၅)ဆီရီရာ လီယွန်း | ၁၅ ၊ ၀၉ ၊ ၂၀၀၀ |
| (၄၆)ဆလိုဗေးနီးယား | ၃၁ ၊ ၁၂ ၊ ၂၀၀၁ |
| (၄၇)တောင်အာမေရိက | ၂၇ ၊ ၁၁ ၊ ၂၀၀၀ |
| (၄၈)စပိန် | ၂၄ ၊ ၁၀ ၊ ၂၀၀၀ |
| (၄၉)ဆွီဒင် | ၂၈ ၊ ၀၆ ၊ ၂၀၀၁ |
| (၅၀)ဆွစ်ဇလန် | ၁၂ ၊ ၁၀ ၊ ၂၀၀၁ |
| (၅၁)တာဂျီကစ်စတန် | ၀၅ ၊ ၀၅ ၊ ၂၀၀၀ |
| (၅၂)မက်ဆီဒိုးနီးယား | ၀၆ ၊ ၀၃ ၊ ၂၀၀၂ |
| (၅၃)ဒရိုင်နီးဒက်နှင့် တိုဘာကို | ၀၆ ၊ ၀၄ ၊ ၁၉၉၉ |
| (၅၄)အင်္ဂလန်နှင့်မြောက်ပိုင်းအိုင်ယာလန် | ၀၄ ၊ ၁၀ ၊ ၂၀၀၁ |
| (၅၅)ဗင်နီဇွဲလား | ၀၇ ၊ ၀၆ ၊ ၂၀၀၀ |
| (၅၆)ယူဂိုစလားဗီးယား | ၀၆ ၊ ၀၉ ၊ ၂၀၀၁ |

လူ့အခွင့်အရေး

# လူ့အခွင့်အရေးစာချုပ်များထွန်းကားလာပုံသမိုင်းကြောင်း(၁)

ခင်မောင်ဝင်း

## အင်္ဂလိပ်လူ့အခွင့်အရေး စာချုပ်များ

လူ့အခွင့်အရေး အယူအဆနဲ့ လှုပ်ရှားမှုတွေ တကယ်တမ်းအားကောင်းလာတာက ဒုတိယကမ္ဘာစစ်အပြီးမှ ဖြစ်ပါတယ်။ ဒါပေမဲ့ လူ့အခွင့်အရေးအယူအဆတွေစတင်လာတာကတော့ နှစ်ပေါင်းရာထောင်ချီနေပြီလို့ သုတေသီတချို့ကထောက်ပြ ကြပါတယ်။ဒီကနေ့ ကမ္ဘာမှာအဓိကကျတဲ့ ဘာသာကြီးတွေထဲက လူသားတွေငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးအတွက်သွန်သင်ဆုံးမမှုတွေဟာ တခြားလူတွေရဲ့အခွင့်အရေးကို မထိခိုက်အောင် ကာကွယ်ပေးတဲ့သွန်သင်မှုတွေဖြစ်တာမို့ လူ့အခွင့်အရေးကာကွယ်ပေးတဲ့ အယူအဆတွေဖြစ်ကြောင်း သုတေသီတချို့က ထောက်ပြပါတယ်။ BC ၄–၅ ရာစုက ပေါ်ထွန်းခဲ့တဲ့ ဂရိအတွေးအခေါ်ပညာရှင်တွေဖြစ်တဲ့ ပလေတို (Plato, BC 428-348)နဲ့ အရစ္စတိုတယ် (BC 384-388)တို့ရဲ့ အတွေးအခေါ်တချို့ဟာ နိုင်ငံသားတွေရဲ့အခွင့်အရေးနဲ့ပတ်သက်ပြီး အလေးအနက်ထား တင်ပြခဲ့တာတွေရှိတာမို့ အဲဒီအချိန်တွေကတည်းက လူ့အခွင့်အရေး အယူအဆ ရှိခဲ့တာလို့ တချို့က ထောက်ပြကြပါတယ်။

စာချုပ်ပုံစံနဲ့ ပြဋ္ဌာန်းချက်တွေလုပ်ပြီး လူသားတွေရဲ့အခွင့်အရေးကို တိတိကျကျဖေါ်ထုတ်လာတာကတော့ အင်္ဂလန်နိုင်ငံမှာ မဟာစာချုပ်ကြီးလို့ အဓိပ္ပါယ်ရတဲ့ Magna Carta (1215) စာချုပ်ကြီးပြဋ္ဌာန်းလိုက်တဲ့ ၁၂၁၅ ခုနှစ်ကဖြစ်ပါတယ်။ ဂျွန်ဘုရင်လို့လူသိများတဲ့ ဂျွန်–လက်လန်း(John Lackland 1167-1216)ဘုရင်ဟာ ၁၁၉၉ခုနှစ်မှာ အင်္ဂလန်ဘုရင်ဖြစ်လာပါတယ်။ တိုင်းပြည်အုပ်ချုပ်ရာမှာညံ့ဖျင်းခြင်း၊ သူ့အုပ်ချုပ်မှုအောက်မှာနိုင်ငံခြားတိုင်းပြည်တွေကို စစ်ရှုံးခြင်း၊ ပြည်သူတွေအပေါ် အခွန်တိုးမြှင့်ကောက်ခံခြင်း၊ အာဏာရှင်ဆန်ဆန် အုပ်ချုပ်လာခြင်းတို့ကြောင့် လူဂုဏ်ထံအသိုင်းအဝိုင်းက သူ့ကိုစတင်အာခံတော်လှန်လာပါတယ်။ နောက်ဆုံးတော့ အာဏာလက်လွှတ်တာနဲ့စာယင် အာခံသူတွေကျေနပ်ပါစေတော့ဆိုတဲ့ သဘောနဲ့ မဂ္ဂနာကာတာစာချုပ်ကို ၁၂၁၅ ခုနှစ်မှာလက်မှတ်

ရေးထိုးလိုက်ရပါတယ်။

ဒါပေမဲ့ ဘုရင်ဂျွန်က မဂ္ဂနာစာချုပ်ကို သူလက်ခံရတာဟာ သူ့ကို baron ခေါ်ဘုရင်နဲ့နီးစပ်ပြီး ပညာတတ်လူဂုဏ်ထံတွေက ဖိအားပေးခံရလို့ဖြစ်ကြောင်းပြောကာ မဂ္ဂနာကာတာစာချုပ်ကို ပယ်ဖျက်ပေးဖို့ ရောမမြို့မှာရှိတဲ့ ပုပ်ရဟန်းမင်းကြီးထံ တိုင်တန်းခဲ့ပါသေးတယ်။

လူ့အခွင့်အရေးဆိုတဲ့ ဝေါဟာရမျိုး မဂ္ဂနာကာတာစာချုပ်မှာ ခေါ်ဝေါ်အသုံးပြုခြင်းမရှိပေမဲ့ အအုပ်ချုပ်ခံပြည်သူ့တွေရဲ့ သဘောဆန္ဒအရသာ အုပ်ချုပ်ဖို့ စာချုပ်ပါစာပိုဒ် ၆၃ ပိုဒ်က ပုံဖော်ထားပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ အင်္ဂလန်မှာထွန်းကားလာတဲ့ အခွင့်အရေးလှုပ်ရှားမှုတွေနဲ့ ကမ္ဘာ့လူ့အခွင့်အရေး လှုပ်ရှားမှုတွေအတွက် မဂ္ဂနာကာတာစာချုပ်ကြီးဟာ ကိုးကားစရာစာချုပ်ကြီး ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် မဂ္ဂနာကာတာ စာချုပ်ကြီးဟာ ကမ္ဘာ့လူ့အခွင့်အရေးလှုပ်ရှားမှုသမိုင်းမှာ ပထမဦးဆုံးပေါ်ထွက်လာတဲ့ စာနဲ့ရေးသားမှတ်တမ်းတင်ခဲ့တဲ့ လူ့အခွင့်အရေး စာချုပ်ဖြစ်တယ်ဆိုတဲ့အချက်ကိုတော့ အငြင်းမပွါးကြပဲ အားလုံးက တညီတညွှတ်တည်း လက်ခံထားကြပါတယ်။

မဂ္ဂနာကာတာ စာချုပ်ကြီးမှာ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို အကာအကွယ်ပေးတဲ့ ပြဌာန်းချက်တွေ၊ တရားစီရင်မှုကို စနစ်တကျဖြစ်စေမဲ့ ပြဌာန်းချက်တွေပါနေတာမို့ အဲဒီခေတ်အတွက်တော့ အတော်ကိုခေတ်မှီတဲ့ စာချုပ်ကြီးလို့ ပြောနိုင်ပါတယ်။ ဒါပေမဲ့ မဂ္ဂနာကာတာစာချုပ်ဟာ အင်္ဂလန်မှာ နေထိုင်သူတွေအားလုံးရဲ့ အခွင့်အရေးကို အကာအကွယ်ပေးတာမျိုးတော့ မဟုတ်ပါဘူး။ လူဂုဏ်ထံတွေအတွက်သာ မဂ္ဂနာကာတာစာချုပ်က အကာကွယ်ပေးပြီး သာမန်လူတန်းစားတွေ၊ အောက်တန်းစား လူတန်းစားတွေအတွက် အကာကွယ်မပေးတဲ့အတွက် ဒီကနေ့ ပြောဆိုနေတဲ့လူသားအားလုံး ညီမျှမှုရှိရေး (equality) ဆို တဲ့မူနဲ့တော့ မကိုက်ညီပါဘူး။



မဂ္ဂနာကာတာ စာချုပ်ကြီး (၁၂၁၅)

မဂ္ဂနာကာတာ စာချုပ်မှာ မပြည့်မစုံဖြစ်နေတဲ့ အင်္ဂလိပ်လူမျိုးတွေရဲ့ အခွင့်အရေးကို ပိုမိုပြည့်ပြည့်စုံစုံ ဖေါ်ပြထားတဲ့ လူ့အခွင့်အရေးစာချုပ်တခုကတော့ ၁၆၈၉ ခုနှစ်ကပြဋ္ဌာန်းတဲ့ အင်္ဂလိပ်လူ့အခွင့်အရေး ဥပဒေလို့ လူအများကသတ်မှတ်တဲ့ Bill of Rights (1689) ဖြစ်ပါတယ်။ အင်္ဂလိပ်လူ့အခွင့်အရေး ဥပဒေပေါ်လာရခြင်းရဲ့ အကြောင်းအရင်းကလည်း ပြည်သူတွေရဲ့ တော်လှန်ရေးကြောင့် ဖြစ်ပါတယ်။ ၁၇ ရာစုအတွင်း အင်္ဂလန်မှာ ဘုရင်ကို တော်လှန်တဲ့ တော်လှန်ရေး နှစ်ကြိမ်ဖြစ်ပါတယ်။ ၁၆၄၀ ပြည့်လွန်နှစ်တွေမှာဖြစ်ခဲ့တဲ့ ပထမတော်လှန်ရေးက သွေးထွက်သံယိုမှုတွေများခဲ့ပါတယ်။ အင်္ဂလန်၊ စကော့တလန်နဲ့ အိုင်ယာလန် လန်သုံးလန်ဘုရင်ဖြစ်တဲ့ ချားဘုရင်အမှတ်–၁ (Charles I, 1625-1649 ) ဟာအာဏာရှင်ဆန်တယ်၊ ပြည်သူတွေကို သတ်ဖြတ်တယ်၊ တိုင်းပြည်ရဲ့ ရန်သူဖြစ်တယ် ဆိုတဲ့စွဲချက်နဲ့ တော်လှန်ရေးအောင်မြင်သူတွေက ၁၆၄၉ ခုနှစ် ဇန်နဝါရီလမှာ တရားစီရင် ကွတ်မျက်ခဲ့ခြင်းဟာ ပထမတော်လှန်ရေးရဲ့ ထူးခြားတဲ့ဖြစ်ရပ်တခုပါ။ ဒုတိယတော်လှန်ရေးက ဂျိမ်းဘုရင်အမှတ်–၂(James II, 1633-1701)ကို ဖြုတ်ချပြီး ဝီလီယံဘုရင်အမှတ်–၃ (William III, 1650-1702)ကိုနန်းတင်ပေးခဲ့တဲ့ သွေးထွက်သံယိုမှုတစုံတရာမရှိပဲ အောင်မြင်ပြီးဆုံးခဲ့လို့ သမိုင်းပညာရှင်တွေက ကတီပါတော်လှန်ရေး (glorious revolution)လို့ တင်စားတဲ့ ၁၆၈၉ ခုနှစ် တော်လှန်ရေးဖြစ်ပါတယ်။ ဝီလျံဘုရင် နန်းတက်လာချိန်မှာ အတည်ပြုပေးတဲ့ ၁၆၈၉ ခုနှစ် အင်္ဂလိပ်လူ့အခွင့်အရေးဥပဒေဟာ လူထုတော်လှန်ရေးရဲ့ ရလဒ်လည်းဖြစ်ပါတယ်။

အင်္ဂလိပ် လူ့အခွင့်အရေးဥပဒေမှာ လူမဆန်တဲ့ အပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်၊ မတရား အချုပ်ကောက်ခံရခြင်းမှ ကင်းလွတ်ခွင့်၊ နိုင်ငံသားတွေမတရားအလုပ်ခံရယင် တရားစွဲဆိုခွင့် စတဲ့အခွင့်အရေးမျိုးတွေ သာမန်နိုင်ငံသားတွေပါ ခံစားခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါတယ်။ ၁၆၈၉ ခုနှစ် အင်္ဂလိပ်လူ့အခွင့်အရေးဥပဒေဟာ အင်္ဂလန်အခြေခံဥပဒေစနစ် (English constitutional law)မှာ အလွန်အရေးပါတဲ့ အုတ်မြစ်တခုဖြစ်ပါတယ်။ အဲဒီလူ့အခွင့်အရေးဥပဒေပြဋ္ဌာန်းချက်တွေကို အခြေခံကာ တခြားဥပဒေတွေကိုပြဋ္ဌာန်းပြီး အစိုးရအာဏာကို ကန့်သတ်ပြီး လူထုအခွင့်အရေးကို မြှင့်တင်နိုင်ခဲ့ပါတယ်။

အင်္ဂလန်သမိုင်းကြောင်းကို ပြန်ကြည့်ယင် ပြည်သူတွေ တောင်းဆိုတိုက်ပွဲဝင်မှုဟာ လူ့အခွင့်အရေး စာချုပ်တွေပေါ်လာရခြင်းရဲ့ အဓိကအကြောင်းအရင်းဖြစ်တာ တွေ့ရပါတယ်။

## အမေရိကန် လူ့အခွင့်အရေးစာချုပ်များ

လူ့အခွင့်အရေးကို စာချုပ်စာတမ်း ဥပဒေစာသားတွေနဲ့ ကမ္ဘာမှာ ဒုတိယမြောက်ပြဋ္ဌာန်းတဲ့ နိုင်ငံကတော့ အမေရိကန်ပြည်ထောင်စု ဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုအဖြစ်မပေါ်ပေါက်မှီအချိန်အထိ မြောက်အမေရိကတိုက်က ပြည်နယ် ၁၃ခုဟာ အင်္ဂလိပ်ကိုလိုနီ ဖြစ်ခဲ့ရပါတယ်။ ၁၇၇၆ ခုနှစ်မှာ အဲဒီပြည်နယ် ၁၃ ခုက လွတ်လပ်ရေးကြေညာစာတမ်း (Declaration of Independence-1776)တခု ထုတ်ပြန်ကြေညာပါတယ်။ လွတ်လပ်ရေးကြေညာစာတမ်းမှာ အဲဒီအချိန်က အင်္ဂလန်မှာ

ဘုရင်ဖြစ်နေတဲ့ ဂျော့အမှတ်-၃ (George III, 1738-1820)ကို အံခံတဲ့ကြေညာချက်၊ အင်္ဂလိပ်ကိုတော်လှန်တဲ့ တော်လှန်ရေးဟာတရားဝင်ကြောင်း ကြေညာချက်နဲ့ပြည်နယ် ၁၃ ခုလွတ်လပ်ရေးတည်ထောင်ကြောင်း ကြေညာချက်တွေ ပါဝင်ပါတယ်။ အဲဒီနောက် အင်္ဂလိပ်ကိုတော်လှန်တဲ့ တော်လှန်ရေးတရပ်ကို ၁၇၇၆ ခုနှစ်မှာစတင်ဆင်နွှဲခဲ့ပါတယ်။ အင်္ဂလိပ်တွေ အရေးနိမ့်ပြီး ၁၇၈၃ ခုနှစ် ပဲရစ်မှာ သဘောတူညီချက်တရပ်ကို လက်မှတ်ရေးထိုးလိုက်ရပြီး အမေရိကန် လွတ်လပ်ရေးကို အသိအမှတ်ပြု လိုက်ရပါတော့တယ်။

အမေရိကန် လူ့အခွင့်အရေးလှုပ်ရှားမှုသမိုင်းမှာ အဆိုပါ လွတ်လပ်ရေးကြေညာစာတမ်းဟာ ထင်ရှားပါတယ်။ ဒီကနေ့ လူ့အခွင့်အရေးလှုပ်ရှားမှုမှာ အပြောများနေတဲ့ လူတိုင်းတူညီစွာ မွေးဖွါးလာကြသည် (All men are created equal)ဆိုတဲ့ စာသားတွေဟာ အမေရိကန်လွတ်လပ်ရေးကြေညာစာတမ်း အဖွင့်စာသားတွေ ဖြစ်ပါတယ်။ သောမတ်– ဂျက်ဖါဆွန် (Thomas Jefferson, 1743-1826)အပါအဝင် လွတ်လပ်ရေးကြေညာစာတမ်း ရေးသားရာမှာ ပါဝင်တဲ့ အမေရိကန်တွေဟာ အင်္ဂလိပ်အတွေးအခေါ်ပညာရှင် ဂျွန်လော့ (John Locke, 1632-1704)ရဲ့ အတွေးအခေါ်ကို အားကျသူတွေဖြစ်ပါတယ်။ အင်္ဂလိပ်မှာ လူ့အခွင့်အရေး ဥပဒေကြေညာပြီးတနှစ်အကြာ ၁၆၉၀ ခုနှစ်မှာ ဂျွန်လော့ ရေးသားထုတ်ဝေတဲ့ (Two Treatises of Government)ခေါ် အစိုးရအပေါ်သုံးသပ်ချက်စာတမ်းနှစ်စောင်ထဲမှာ အသက်ရှင်ရပ်တည်ခွင့် (life)၊ လွတ်လပ်ခွင့် (liberty) နဲ့ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် (the right to property) တွေဟာ လူသားတွေမှာ မွေးကတည်းက ရရှိပိုင်ဆိုင် တဲ့သဘာဝအခွင့်အရေးတွေ (natural rights) ဖြစ်ကြောင်း ခိုင်ခိုင်မာမာ ရှင်းပြထားပါတယ်။ အဲဒီအတွေးအခေါ်ကိုအခြေခံပြီး အသက်ရှင်ရပ်တည်ခွင့်၊ လွတ်လပ်ခွင့်နဲ့ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် အခွင့်အရေးတွေအကြောင်း အမေရိကန် လွတ်လပ်ရေးကြေညာစာတမ်းမှာ ဖေါ်ကျူးခဲ့ကြပါတယ်။ အဲဒီအခွင့်အရေးတွေဟာ ဒီကနေ့အထိ အမေရိကန်လူ့အဖွဲ့အစည်းမှာ တန်ဖိုးထားတဲ့ အခွင့်အရေးတွေဖြစ်နေသလို ဂျွန်လော့ ဟာလည်း အမေရိကန် တွေလေးစားဂုဏ်ပြုတဲ့ အတွေးအခေါ်ပညာရှင် ဖြစ်နေဆဲပါပဲ။

ဒါပေမဲ့ အမေရိကန် လွတ်လပ်ရေးကြေညာစာတမ်းဟာ လွတ်လပ်ရေးနဲ့ တော်လှန်ရေးဆိုင်ရာ ပြဌာန်းချက်တွေကြားမှာ လူသားတွေရဲ့ လွတ်လပ်မှုအခွင့်အရေး အယူအဆကိုအခြေခံသဘောမျှသာ ပြဌာန်းနိုင်ခဲ့ ပါတယ်။ ပြည့်စုံတဲ့ လူ့အခွင့်အရေး စာချုပ်စာတမ်းမျိုးတော့ မဟုတ်ပါဘူး။

ဒီကနေ့ လူသိများတဲ့ အမေရိကန် လူ့အခွင့်အရေးဥပဒေ (Bill of Rights) ကတော့ အမေရိကန် ဖက်ဒရယ်ပြည်ထောင်စုအခြေခံဥပဒေနဲ့အတူ မွေးဖွါးလာတာဖြစ်ပါတယ်။ အမေရိကန်ပြည်နယ် ၁၃ ခုဟာအယင်က သီးသန့်စီနေထိုင်လာရာကနေ တစုတစည်းတည်း ဖယ်ဒရယ်ပြည်ထောင်စုတည်ထောင်ဖို့ တော်လှန်ရေးအောင်မြင်ပြီးနောက်မှာ ကျိုးပမ်းလာကြပါတယ်။ ဖက်ဒရယ်ပြည်ထောင်စု အခြေခံဥပဒေကို ၁၇၈၇ ခုနှစ်မှာအပြီးသတ်ရေးဆွဲပြီး အတည်ပြုပေးဖို့ ပြည်နယ်တွေကိုပေးပို့တဲ့အခါ လူ့အခွင့်အရေးပြဌာန်းချက်တွေမပါဝင်တဲ့အတွက် ပြည်နယ်တွေက အဲဒီအခြေခံဥပဒေကို အတည်ပြုဖို့ငြင်းဆန်ခဲ့ကြပါတယ်။ ဒါကြောင့် အခြေခံဥပဒေကို ပြင်ဆင်ဖြည့်စွက်ချက် ၁၀ ခုပြုလုပ်ပြီး လူ့အခွင့်အရေးပြဌာန်းချက်တွေကို ထည့်သွင်းလိုက်တော့မှ ပြည်နယ် ၁၃ ခုစလုံး ၁၇၉၁ ခုနှစ်မှာ ဖက်ဒရယ်ပြည်ထောင်စု အခြေခံဥပဒေကို အတည်ပြုလိုက်ကြပါတယ်။ အမေရိကန် လူ့အခွင့်အရေးဥပဒေဆိုတာ အခြေခံဥပဒေဖြည့်စွက်ချက် ၁၀ ချက် (10 Amendments)ကို ပြောတာဖြစ်ပါ

တယ်။

အဲဒီဖြည့်စွက်ချက် ၁၀ ခုအကြောင်း အတိုချုပ်တင်ပြရမယ်ဆိုယင် ပထမဖြည့်စွက်ချက်က လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ သတင်းစာလွတ်လပ်ခွင့်၊ လွတ်လပ်စွာစုဝေးခွင့်၊ အဖွဲ့အစည်းတည်ထောင်ခွင့်နဲ့ ဘာသာရေး လွတ်လပ်ခွင့်တွေကို ထိခိုက်မဲ့ ဘယ်လိုဥပဒေမျိုးကိုမှ မပြဋ္ဌာန်းဖို့တားမြစ် ထားပါတယ်။ ဒုတိယ ဖြည့်စွက်ချက်မှာ ခုခံကာကွယ်ရေးအတွက် လက်နက်ကိုင်ဆောင်ခွင့်ကို အာမခံထားပြီး၊ တတိယဖြည့်စွက်ချက်မှာ စစ်သားတွေ လူနေအိမ်တွေထဲ ဝင်ရောက်နေထိုင်ခြင်းကို တားမြစ်ထားပါတယ်။ စတုတ္ထဖြည့်စွက်ချက်မှာက အစိုးရအရာရှိတွေ အကြောင်းပြချက် ခိုင်ခိုင်မာမာမရှိပဲ လူနေအိမ်တွေမှာ ဝင်ရောက်ရှာဖွေခြင်း မပြုဖို့ တားမြစ်ထားပါတယ်။ ပဥ္စမဖြည့်စွက်ချက်မှာ မတရားဖမ်းဆီးတရားစွဲ ထောင်ချခြင်းမျိုးလို နိုင်ငံသားတွေကို အစိုးရက မတရားလုပ်ခွင့်မရှိကြောင်း တားမြစ်ထားပါတယ်။ ဆဋ္ဌမဖြည့်စွက်ချက်မှာ အမှုအခင်းတွေကို မျှတစွာနဲ့ မြန်မြန်ထက်ထက်စီရင်ဆုံးဖြတ် ရမဲ့အကြောင်းပြဋ္ဌာန်းထားပြီး၊ သတ္တမဖြည့်စွက်ချက်မှာ ဖက်ဒရယ်ပြည်ထောင်စုအဆင့်မှာ ဖြစ်ပွါးတဲ့တရားမမှုတချို့မှာ ဂျူရီလူကြီးတွေနဲ့စီရင်ရမဲ့အကြောင်း ပြဋ္ဌာန်းထားပါတယ်။ အဋ္ဌမဖြည့်စွက်ချက်မှာတော့ အာမခံရယူခွင့်နဲ့ လူမဆန်တဲ့အပြစ်ပေးခြင်းမျိုးမလုပ်ဖို့ တားမြစ်ချက်ပြဋ္ဌာန်းထားပါတယ်။ နဝမဖြည့်စွက်ချက်မှာ အခြေခံဥပဒေမှာ ဖော်ပြမထားတဲ့ အခွင့်အရေးတွေကိုလည်း အဲဒီလို မဖော်ပြထားတဲ့အတွက် အဲဒီအခွင့်အရေးကျင့်သုံးမှုကို ငြင်းဆိုခွင့်မရှိကြောင်း ပြဋ္ဌာန်းထားပါတယ်။ ဒသမနဲ့ နောက်ဆုံးဖြည့်စွက်ချက်မှာတော့ ဖက်ဒရယ်ပြည်ထောင်စုအခြေခံဥပဒေမှာ ဖော်ပြမထားတဲ့ အခွင့်အာဏာတွေကို ပြည်နယ်တွေနဲ့ ပြည်သူတွေက ကျင့်သုံးခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါတယ်။

အမေရိကန်ပြည်ထောင်စု အစိုးရပဲဖြစ်ဖြစ် ပြည်နယ်အစိုးရတွေပဲဖြစ်ဖြစ် လူ့အခွင့်အရေး ဥပဒေပြဋ္ဌာန်းချက်တွေနဲ့ ကွဲလွဲဆန့်ကျင်တဲ့ ဥပဒေတွေကို ပြဋ္ဌာန်းခွင့်မရှိပါဘူး။ အဲဒီလို ပြဋ္ဌာန်းလာယင်လည်း အသစ်ပြဋ္ဌာန်းတဲ့ဥပဒေဟာ တရားမဝင်တဲ့ဥပဒေအဖြစ် သတ်မှတ်ခံရပါတယ်။

အမေရိကန် လွတ်လပ်ရေးကြေညာစာတမ်းနဲ့ အမေရိကန် လူ့အခွင့်အရေးဥပဒေပါ အခွင့်အရေးတွေဟာ အခုအချိန်မှာ ကမ္ဘာ့လူ့အခွင့်အရေး လှုပ်ရှားမှုမှာပြောနေတဲ့ လူ့အခွင့်အရေးတွေ ဖြစ်နေပါတယ်။ အမေရိကန် လူ့အခွင့်အရေးဥပဒေဟာ ကမ္ဘာမှာအခိုင်ခန့်ဆုံး လူ့အခွင့်အရေးဥပဒေဖြစ်တယ်လို့ အမေရိကန် တရားရုံးချုပ် အဓိပ္ပါယ်ဖွင့်ဆိုမှုတခုမှာ ဖော်ပြဘူးပါတယ်။

သမိုင်းကိုပြန်ကောက်ယင်တော့ အမေရိကန် လူ့အခွင့်အရေးဥပဒေဟာလည်း တော်လှန်ရေးက မွေးထုတ်ပေးလိုက်တဲ့ လူ့အခွင့်အရေး စာချုပ်စာတမ်းဖြစ်နေတာကို တွေ့ရပါတယ်။

## ပြင်သစ်လူ့အခွင့်အရေး စာချုပ်များ

တော်လှန်ရေးကနေ လူ့အခွင့်အရေးစာချုပ်မွေးထုတ်ပေးလိုက်တဲ့ နိုင်ငံတွေစာရင်းမှာ ပြင်သစ်နိုင်ငံလည်း ပါပါတယ်။ ပြင်သစ်တော်လှန်ရေးဟာ အကြွင်းမဲ့သက်ဦးဆံပိုင်စနစ်

(absolute monarchy) နဲ့အုပ်ချုပ်နေတဲ့ လူဝီဘုရင် အမှတ်–၁၆ (Louise XVI, 1754-1793)ကို ပြင်သစ်လူထုက တော်လှန်ပုန်ကန်ပြီး နိုင်ငံသားတွေရဲ့ အခွင့်အရေးကို တိုက်ယူနိုင်ခဲ့တဲ့ တော်လှန်ရေး ဖြစ်ပါတယ်။

၁၇၇၀ ပြည့်နှစ်တွေမှာ ပြင်သစ်စီးပွါးရေးကျဆင်းလာပြီး ပေါင်မုန့်ဈေးနှုန်းမြင့်တက်လာပါတယ်။ အဲဒီအချိန်မှာ ဘာသာမတူ သူတွေကို နှိပ်ကွပ်မှု၊ နိုင်ငံသားတွေရဲ့ ပုဂ္ဂလိကဘဝမှာ ဝင်ရောက်စွက်ဖက်လာမှု၊ အခွန်တိုးမြှင့် ကောက်ခံလာမှု၊ အစိုးရအုပ်ချုပ်ရေးညံ့ဖျင်းမှု၊ တရားစီရင်ရေးစနစ် ဘက်လိုက်မှု စတာတွေလည်း တိုးတက်ဖြစ်ပေါ်လာတာမို့ ဘုရင်ကို ပြင်သစ်လူထုက မကျေမနပ်ဖြစ် နေပါတယ်။

အဲဒီအချိန်က Estates-General ခေါ် ဘုရင်ရဲ့အခွန်တော်ကိစ္စတွေကို ဆွေးနွေးတိုင်ပင်တဲ့ အတိုင်ပင်ခံလွှတ်တော်မှာ ဘာသာရေးခေါင်းဆောင်တွေရဲ့ ကိုယ်စားလှယ်အုပ်စု၊ မင်းမျိုးမင်းနွယ်အုပ်စုနဲ့ လူထုကိုယ်စားလှယ်အုပ်စုဆိုပြီး အုပ်စုသုံးခု ပါဝင်ပါတယ်။ အဲဒီလွှတ်တော်ကိုယ်စားလှယ် ရွေးချယ်မှုမှာ လူထုကိုယ်စားလှယ် များများပါဝင်ခွင့်ရအောင်တင်ပြတာကို ပယ်ချတဲ့အချက်ဟာ တော်လှန်ရေးစတင်ရခြင်းရဲ့ လတ်တလောအကြောင်းအရင်းဖြစ်ပါတယ်။ ဒီလိုနဲ့ ပြင်သစ်တော်လှန်ရေးကြီး လူထုအုံကြွမှုနဲ့အတူ ၁၇၈၉ ခုနှစ် ဇူလိုင်လဆန်းပိုင်းမှာ စတင်ခဲ့ပါတယ်။



**ပြင်သစ်အတိုင်ပင်ခံလွှတ်တော်** Estate-General **အစည်းအဝေးကျင်းပပုံမြင်ကွင်း၊**
အတိုင်ပင်ခံလွှတ်တော်ကို ၁၃၀၂ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပြီး ၁၇၈၉ ပြင်သစ်တော်လှန်ရေးအပြီးမှာတော့ အမျိုးသားလွှတ်တော် (National Assembly) အဖြစ်ပြောင်းလဲခဲ့ပါတယ်။

ပြင်သစ်တော်လှန်ရေးအကြောင်း ပြောတဲ့အခါ အရေးကြီးသမိုင်းဝင် အဆောက်အဦတခုအကြောင်းက ပါစမြဲ ဖြစ်ပါတယ်။ အဲဒါကတော့ ၁၃၇၀ ခုနှစ်ကတည်းက ပဲရစ်မြို့အရှေ့မြို့ရိုးပေါ်မှာ တည်ဆောက်ထားတဲ့ ဘက်စတီး(Bastille) အကျဉ်းထောင်ကြီးဖြစ်ပါတယ်။ အဲဒီအကျဉ်းထောင်မှာ ၁၇ ရာစုကစလို့ တော်လှန်ရေးဖြစ်ပွါးချိန်အထိ နိုင်ငံရေးအကျဉ်းသားတွေကို ချုပ်နှောင်ထားလေ့ရှိပါတယ်။ ဘုရင့်ဘက်တော်သားတွေရဲ့ ဖမ်းဆီးခြင်းခံလိုက်ရတဲ့ ပြင်သစ်နိုင်ငံက အလွှာပေါင်းစုံက ဘယ်သူမဆို အဲဒီအကျဉ်းထောင်ထဲမှာ

အမှုစစ်ဆေးမှုမရှိပဲ အချိန်အကန့်အသတ်မဲ့ ထိန်းသိမ်းခံရလေ့ရှိပါတယ်။ ပြင်သစ်က ဘက်စတီး အကျဉ်းထောင်နဲ့ မြန်မာနိုင်ငံက အင်းစိန်ထောင်တို့ နှိုင်းယှဉ်နိုင်မယ်ထင်ပါတယ်။

ပြင်သစ်တော်လှန်ရေးစတင်တဲ့အခါ လူထုတရပ်လုံးက အုံးအုံးကျွက်ကျွက်နဲ့ ဘုရင်ကိုအာခံတဲ့ဘက်က ပါဝင်လာပါတယ်။ ဘုရင့်စစ်သားတွေမှာက လက်နက်အပြည့်အစုံရှိနေပါတယ်။ လက်နက်မရှိတဲ့ လူထုက လက်နက်ရှာယင်း ဘက်စတီးအကျဉ်းထောင်ကို ဇူလိုင်လ ၁၄ ရက်နေ့မှာ ဝင်ရောက်စီးနင်းခဲ့ပါတယ်။ အဲဒီလိုစီးနင်းရာမှာ ဘုရင့်စစ်သားတချို့လည်းပါဝင် ကူညီခဲ့ပါတယ်။ နောက်နှစ်ရက်အကြာမှာတော့ဘက်စတီးအကျဉ်းထောင်ကြီးကို လူထုက ဖြိုချဖျက်ဆီးခဲ့ပါတယ်။ အခုချိန်မှာတော့ အဲဒီအကျဉ်းထောင်ကြီးကို လူအများလေ့လာကြည့်ရှုစရာ ဘက်စတီးရင်ပြင်အဖြစ်သတ်မှတ်ထားပြီး ဘက်စတီးထောင်ကို တော်လှန်ရေးသမားတွေ ဝင်ရောက်စီးနင်းတဲ့နေ့ ဇူလိုင် ၁၄ ရက်ကိုတော့နှစ်စဉ် နိုင်ငံတော် အားလပ်ရက်အဖြစ် သတ်မှတ်ထားပါတယ်။

ဘက်စတီးအကျဉ်းထောင်ကို ဖြိုချဖျက်ဆီးပြီးနောက်မှာ သက်ဦးဆံပိုင်နိုင်ငံရေးစနစ်ကို ဆက်လက်ဖြိုချဖျက်ဆီးပစ်ပြီး လူထုရဲ့အခွင့်အရေးကို အာမခံမဲ့ နိုင်ငံရေးစနစ်နဲ့အစားထိုးမဲ့ လုပ်ငန်းစဉ်တသီတတန်းကြီးကို လုပ်လာခဲ့ပါတယ်။ တချိန်က မင်းမျိုးမင်းနွယ်တွေ လွှမ်းမိုးထားတဲ့ အတိုင်ပင်ခံလွှတ်တော်ကို ပြည်သူ့ကိုယ်စားလှယ်တွေနဲ့ အစားထိုးထားတဲ့ အမျိုးသားလွှတ်တော်(National Assembly) နဲ့ အစားထိုးလိုက်ပါတယ်။ အဲဒီအမျိုးသားလွှတ်တော်က ၁၇၈၉ ဩဂုတ်လမှာ နိုင်ငံသားနဲ့လူသားအခွင့်အရေး ကြေညာစာတမ်း (Declaration of the Rights of Man and of the Citizen)ကိုအတည်ပြုပြဌာန်းလိုက်တဲ့အတွက် ပြင်သစ်လူ့အခွင့်အရေးကြေညာစာတမ်းကြီး ပေါက်ဖွားလာရပါတယ်။ ပြင်သစ်လူ့အခွင့်အရေး ကြေညာစာတမ်းကို တော်လှန်ရေးကပေါက်ဖွါးပေးလိုက်တယ်ဆိုတာ ရှင်းလင်းလှပါတယ်။

အဲဒီ ပြင်သစ်လူ့အခွင့်အရေး ကြေညာစာတမ်းမှာပိုဒ် ၁၇ ခုနဲ့ရေးသား ပြဌာန်းထားပါတယ်။ အသက်လုံခြုံမှုခံစားပိုင်ခွင့်၊ ပစ္စည်းပိုင်ဆိုင်ခွင့်၊ လွတ်လပ်စွာထုတ်ဖေါ်ပြောဆိုခွင့်အပါအဝင် နိုင်ငံသားတဦးချင်းစီရဲ့ အခွင့်အရေးအများအပြား ပါဝင်ပါတယ်။ ပိုဒ် (၁)မှာတော့အမေရိကန် လွတ်လပ်ရေးကြေညာစာတမ်းက အဖွင့်စာသားလိုပဲ လူသားတိုင်း လွတ်လပ်၍ညီမျှသော အခွင့်အရေးများဖြင့် မွေးဖွားလာပြီး၊ ထိုအတိုင်းရပ်တည်လျက်ရှိသည် (Men are born and remain free and equal in rights) လို့ ဖေါ်ပြထားတာကို တွေ့ရပါတယ်။ ဒါကြောင့် သုတေသီတွေက အမေရိကန်တော်လှန်ရေးနဲ့ လွတ်လပ်ရေးကြေညာစာတမ်းဟာ ပြင်သစ်တော်လှန်ရေးနဲ့ လူ့အခွင့်အရေးကြေညာစာတမ်းအပေါ် များစွာလွှမ်းမိုးမှုရှိကြောင်း ထောက်ပြတာ ဖြစ်ပါတယ်။ အချုပ်အခြာအာဏာဟာ တနိုင်ငံလုံး လူထုက ပိုင်ဆိုင်တဲ့အရာဖြစ်ပြီး လူထုကအာဏာအပ်နှင်းခံရခြင်းမရှိပဲ ဘယ်သူမှ အချုပ်အခြာအာဏာကျင့်သုံးခွင့်မရှိလို့ အပိုဒ်သုံးမှာဖေါ်ပြထားတာကြောင့် ဘုရင်ရဲ့အာဏာဟာ ဘုရားကအပ်နှင်းထားတဲ့ အခွင့်အာဏာ(divine right) ဖြစ်လို့ အမြဲတမ်းအုပ်ချုပ်ခွင့်ရှိတယ်ဆိုတဲ့ အယူအဆကို ရိုက်ချိုးဖျက်ဆီးခဲ့ပြီး လူထုက ရွေးချယ်တင်မြှောက်တဲ့ အစိုးရနဲ့ အစားထိုးရမယ်ဆိုတဲ့ အတွေးအခေါ်ကို ဖေါ်ထုတ်နိုင်ခဲ့ပါတယ်။ အဲဒီအချက်ဟာ လူထုရဲ့ဆန္ဒဟာ အစိုးရအာဏာပိုင်များအတွက် အခြေခံဖြစ်စေရမယ်ဆိုတဲ့ ၁၉၄၈ ခုနှစ်မှ ပြဌာန်းတဲ့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၂၁)ပြဌာန်းချက်နဲ့လည်း တူနေပါတယ်။

ပြင်သစ်လူ့အခွင့်အရေး ကြေညာစာတမ်းဟာ ပြင်သစ်မှာသာသြဇာတိက္ကမ ကြီးမားတာမဟုတ်ပါဘူး။ ၁၉ ရာစုနှစ်အတွင်း ဥရောပတခွင်က နိုင်ငံတွေမှာပြဋ္ဌာန်းတဲ့ လူ့အခွင့်အရေး ဥပဒေတွေမှာ ပြင်သစ်လူ့အခွင့်အရေး ကြေညာစာတမ်းပြဋ္ဌာန်းချက်တွေက လွှမ်းမိုးခဲ့ပါတယ်။ ပြင်သစ်လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၇ ဖြစ်တဲ့ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ဟာ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းက အပိုဒ် ၁၇ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် ပြဋ္ဌာန်းချက်နဲ့ အပိုဒ် နံပါတ်ရော အနှစ်သာရပါ တူနေတာကိုကြည့်ခြင်းအားဖြင့် ပြင်သစ်လူ့အခွင့်အရေးကြေညာစာတမ်း သြဇာတိက္ကမ ကြီးမားပုံကိုလည်း အလွယ်တကူ သိရှိနိုင်ပါတယ်။

## အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတဲ့အခါမှာ စစ်နိုင်မဟာမိတ်အုပ်စုက နာဇီဂျာမန်စစ်ခေါင်းဆောင်တွေကို တရားစီရင်အပြစ်ပေးခဲ့ပါတယ်။ ဂျာမနီနိုင်ငံ နူရင်ဘတ်မြို့မှာ ခုံရုံးဖွင့်ပြီး ဂျာမန်နာဇီခေါင်းဆောင်နဲ့ တာဝန်ရှိတဲ့အရပ်သား ၂၀၀ လောက်ကိုလူသားဖြစ်မှုကိုဆန့်ကျင်ကျူးလွန်တဲ့ပြစ်မှု(crime against humanity)၊ အမျိုးပြုန်းလူသတ်မှု (genocide)နဲ့ စစ်ဥပဒေချိုးဖေါက်မှုတွေအတွက် တရားစွဲဆိုခဲ့ခြင်းဖြစ်ပါတယ်။ တရားခံတချို့သေဒဏ်ချမှတ်ခံရပြီး တချို့ကထောင်ဒဏ်အပြစ်ပေးခံကြရပါတယ်။ နူရင်ဘတ် စစ်ခုံရုံးလိုမျိုး တိုကျိုမှာလည်း စစ်ခုံရုံးဖွင့်ပြီး ဖက်ဆစ်ဂျပန် စစ်ခေါင်းဆောင်တွေကိုတရားစွဲဆိုအပြစ်ပေးခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်ပြီးလို့ ကမ္ဘာ့ကုလသမဂ္ဂ တည်ထောင်တဲ့အခါမှာ အလားတူကမ္ဘာစစ်မျိုး မပေါ်ပေါက်အောင် တားဆီးဖို့၊ လူသားတွေရဲ့ အခွင့်အရေးကို လေးစားအကာအကွယ်ပေးဖို့၊ ကမ္ဘာ့ငြိမ်းချမ်းရေး တည်ဆောက်ဖို့ဆိုတာတွေဟာ ကုလသမဂ္ဂပဋိညာဉ်စာတမ်းရဲ့ အခြေခံမူတွေဖြစ်လာပါတယ်။ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးဆိုတာ ကမ္ဘာ့ကုလသမဂ္ဂရဲ့ အဓိကရည်မှန်းချက်ပန်းတိုင်တွေထဲက တခုဖြစ်လာပါတယ်။ ကုလသမဂ္ဂလူမှုရေးနဲ့စီးပွါးရေးကောင်စီ (ECOSOC)ကခန့်အပ်တဲ့ လူ့အခွင့်အရေးကော်မရှင်ကို အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်းတခုရေးဆွဲဖို့ တာဝန်အပ်နှင်းပါတယ်။ လူ့အခွင့်အရေးကြေညာစာတမ်း ရေးဆွဲရေးကော်မရှင်ကို ဦးဆောင်သူကတော့ အမေရိကန်သမ္မတဟောင်း ရုစဗဲ့ ရဲ့ကျန်ရစ်သူဇနီး အယ်လီနော–ရုစဗဲ့ (Eleanor Roosevelt) ဖြစ်ပါတယ်။ ကြေညာစာတမ်းကို ဦးဆောင်ရေးဆွဲသူတွေထဲမှာ အဓိကကျသူတဦးကတော့ ၁၉၆၈ ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်တဦးဖြစ်သူ ပြင်သစ်တရားသူကြီး ရီနီ–ကာဆင် (René Cassin 1887-1976) ဖြစ်ပါတယ်။

နူရင်ဘတ် စစ်ခုံရုံးမှာ အမှုကြားနာစဉ်က အဓိကစစ်ဆေးခဲ့ရတဲ့ ဂျူးလူမျိုးတွေအပေါ် နည်းမျိုးစုံနဲ့ ကျူးလွန်ချိုးဖေါက်ခံခဲ့ရတဲ့ အခွင့်အရေးတွေဟာ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းမှာ အဓိကထား အကာအကွယ်ပေးရမဲ့ လူ့အခွင့်အရေးတွေအဖြစ် ပေါ်ပြူလာပါတယ်။ ဥပမာ ဂျူးတွေကို ရက်ရက်စက်စက် သတ်ဖြတ်မှုလုပ်ခဲ့တာမျိုးဟာ လူသားတွေရဲ့ အသက်ရှင်ရပ်တည်ခွင့်၊ လွတ်လပ်ခွင့်တွေကို ချိုးဖေါက်တာဖြစ်လို့ အဲ

ဒီအခွင့်အရေးတွေကို အကာအကွယ်ပေးတဲ့အနေနဲ့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် (၃)မှာလူသားတိုင်း အသက်ရှင်ရပ်တည်ခွင့်၊ လွတ်လပ်ခွင့်၊ လူ ပုဂ္ဂိုလ်လုံခြုံခွင့်ရှိရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေ ညာစာတမ်း ထွက်ပေါ်လာအောင် တွန်းအားပေးတဲ့လတ်တလော အကြောင်းအရင်းတွေ ထဲမှာ ဟိုလိုကော့ (Holocaust) လို့လူသိများတဲ့ ဂျူး ခြောက်သန်းကို ဖက်ဆစ်နာဇီဂျာ မန်တွေ သတ်ဖြတ်ခဲ့မှုက အဓိကဖြစ်တယ်လို့ ထောက်ပြပါတယ်။ ဟိုလိုကော့ဆိုတာ ဂရိ စကား *Holo* နဲ့ *Caustos* တို့ ပေါင်းစပ်ထားတာဖြစ်ပြီး လုံးဝချေမှုန်းဖျက်ဆီးခြင်းလို့ အ ဓိပ္ပါယ်ရပါတယ်။ ဟိုလိုကော့ လူသတ်မှုဟာ ယနေ့အချိန်အထိ ကမ္ဘာမှာအကြီးမားဆုံး အမျိုးပြုန်းလူသတ်မှုဖြစ်ပါတယ်။ ဒါကြောင့်လည်း လူ့အခွင့်အရေးဆိုတာ ချိုးဖေါက်ခံလိုက် ရမှ ကာကွယ်ရကောင်းမှန်းသိတဲ့ အခွင့်အရေးမျိုးလို့လည်း ပညာရှင်တချို့က ပြောတာ ဖြစ်ပါတယ်။

ကြေညာစာတမ်း အပိုဒ် (၁)မှာ လူသားတိုင်းလွပ်လပ်မှုနဲ့ ဂုဏ်သိက္ခာအရာမှာ မွေး ဖွါးကတည်းက ညီတူညီမျှပိုင်ဆိုင်လာကြကြောင်း ပြဋ္ဌာန်းထားတဲ့အချက်ဟာ ၁၇၇၆ခုနှစ် အမေရိကန်လွတ်လပ်ရေးကြေညာစာတမ်းနဲ့ ၁၇၈၉ ခုနှစ် ပြင်သစ်လူ့အခွင့်အရေးကြေ ညာစာတမ်းတွေနဲ့ တူနေတာကိုတွေ့ရပါတယ်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေ ညာစာတမ်း ဦးဆောင်ရေးဆွဲသူတွေဟာ အမေရိကန်နဲ့ ပြင်သစ်တွေ ဖြစ်နေလို့အဲဒီလို တူနေတာလို့ လေ့လာသူတွေက ထောက်ပြပါတယ်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကို ပဲရစ်မြို့မှာ ၁၉၄၈ခုနှစ် ဒီ ဇင်ဘာလ (၁၀)ရက်နေ့ကကျင်းပတဲ့ ကုလသမဂ္ဂအထွေထွေ ညီလာခံအစည်းအဝေးမှာ တညီတညွတ်တည်း အတည်ပြုခဲ့ပါတယ်။ ဒါပေမဲ့ ဆိုဗီယက်အုပ်စုခြောက်နိုင်ငံ၊ ဆော်ဒီ အားရေးဗီယားနဲ့ တောင်အာဖရိကနိုင်ငံတွေက သဘောထားမပေးပဲ ရှောင်နှုတ်ပိတ်နေခဲ့ပါ တယ်။ ကျန်တဲ့ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအားလုံးကတော့ ထောက်ခံကြောင်း သဘော ထားပေးခဲ့ကြပါတယ်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းဟာ နိုင်ငံတွေအကြားချုပ်ဆို တဲ့ သဘောတူညီချက်မျိုးလို ဥပဒေအာနိသင်မရှိပါဘူး။ နိုင်ငံတွေအကြားချုပ်ဆိုတဲ့ စာ ချုပ်တွေက လက်မှတ်ရေးထိုးလိုက်ပြီ ဆိုတာနဲ့ အဲဒီနိုင်ငံတွေအပေါ် ဥပဒေသဘောအရ စည်းနှောင်မှုရှိသွားပြီး လိုက်နာဖို့ ပျက်ကွက်တဲ့နိုင်ငံတွေကို အပြည်ပြည်ဆိုင်ရာတရားရုံး မှာ တရားစွဲဆိုခြင်းအပါအဝင် ထိုက်သင့်တဲ့အရေးယူမှုတွေ လုပ်နိုင်ပါတယ်။ အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကို ကုလသမဂ္ဂ အထွေထွေညီလာခံမှာ အတည် ပြုရာမှာ မဲခွဲဆုံးဖြတ်မှုလည်းမရှိ၊ သဘောတူကြောင်းလည်း လက်မှတ်ရေးထိုးစရာမလိုတဲ့ နည်းနဲ့ အတည်ပြုခဲ့တာ ဖြစ်ပါတယ်။ အဲဒါမျိုးကြေညာချက်တွေဟာ ဥပဒေသဘောအရ ချည်နှောင်မှုမရှိပဲ နိုင်ငံတွေက လိုက်နာသင့်တဲ့လမ်းညွှန်မှု သဘောမျှသာဖြစ်ပါတယ်။ ဒါ ကြောင့်အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းပါ ပြဋ္ဌာန်းချက်တွေကိုလိုက် နာဖို့ တာဝန်မရှိကြောင်း တချို့နိုင်ငံတွေက စောဒက တက်ကြတာပါ။

အပြည်ပြည်ဆိုင်ရာဥပဒေဟာ ပြည်တွင်းဥပဒေတွေလို ဥပဒေပြုအာဏာပိုင်အဖွဲ့က ရေးဆွဲပြဋ္ဌာန်းတာမျိုး မဟုတ်ပါဘူး။ အပြည်ပြည်ဆိုင်ရာဥပဒေရဲ့ အရင်းအမြစ်တွေ အမျိုး မျိုးရှိတဲ့အနက် ယဉ်ကျေးတဲ့နိုင်ငံတွေက လိုက်နာလေ့ရှိတဲ့ ဓလေ့ထုံးတမ်းဟာအပြည် ပြည်ဆိုင်ရာဥပဒေရဲ့ အရင်းအမြစ် တခုဖြစ်ပါတယ်။ အဲဒါကို အပြည်ပြည်ဆိုင်ရာဓလေ့ထုံး

တမ်းဥပဒေ (international customary law)လို့ခေါ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေကို ကမ္ဘာ့နိုင်ငံအားလုံးလိုက်နာဖို့ တာဝန်ရှိလာပါတယ်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းဟာ ယဉ်ကျေးပြီး လူ့အခွင့်အရေးကိုလေးစားလိုက်နာလိုတဲ့ ကမ္ဘာ့နိုင်ငံအများစုက ကိုးကားစရာစာတမ်းအဖြစ် လက်ခံကာပြည်တွင်းလူ့အခွင့်အရေးဥပဒေတွေမှာ ထည့်သွင်းပြဌာန်းနေတာမို့ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းကို အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေအဖြစ် အခုအခါ ကမ္ဘာ့နိုင်ငံအားလုံးက လက်ခံထားပါတယ်။ ဒါကြောင့် အဲဒါကို မလိုက်နာနိုင်ဘူးလို့ ဆင်ခြေပေးတာဟာ လက်ခံနိုင်တဲ့ ဆင်ခြေမဟုတ်သလို၊ လိုက်နာဖို့ပျက်ကွက်တာဟာလည်း အပြည်ပြည်ဆိုင်ရာ ဥပဒေကို ချိုးဖေါက်ခြင်းတမျိုး ဖြစ်ပါတယ်။

## လူ့အခွင့်အရေးစာချုပ်နှစ်ခု

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း ရေးဆွဲခဲ့စဉ်ကအငြင်းပွါးမှုအများအပြား ဖြစ်ခဲ့ပါတယ်။ အဲဒီစာတမ်းရေးဆွဲချိန်မှာ ကမ္ဘာကြီးမှာ အရင်းရှင်နိုင်ငံများအုပ်စုနဲ့ ကွန်မြူနစ်နိုင်ငံများအုပ်စု နှစ်ခုက ခိုင်ခိုင်မာမာပေါ်ထွန်းနေပြီး စစ်အေးတိုက်ပွဲ စတင်တဲ့ကာလဖြစ်ပါတယ်။ ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့အရေးကိစ္စအားလုံးမှာ စစ်အေးတိုက်ပွဲရဲ့အရိပ်အငွေ့တွေ၊ တနည်းအားဖြင့် အမေရိကန်ဦးဆောင်တဲ့ ဈေးကွက်စီးပွါးရေးစနစ်ကျင့်သုံးတဲ့ အနောက်တိုင်းဒီမိုကရေစီနိုင်ငံတွေနဲ့ ဆိုဗီယက်ဦးဆောင်တဲ့ ကွန်မြူနစ်နိုင်ငံတွေအကြား နိုင်ငံရေးအတွေးအခေါ် ခြားနားမှုကြောင့် ဖြစ်ရတဲ့ပြဿနာတွေက လွှမ်းမိုးခဲ့ပါတယ်။ အဲဒီပြဿနာတွေဟာ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်းရေးဆွဲရာမှာလည်း လွှမ်းမိုးလာခဲ့ပါတယ်။

ဦးဆောင်ရေးဆွဲသူတွေက ဈေးကွက် စီးပွါးရေးစနစ်ကိုကျင့်သုံးတဲ့ အနောက်တိုင်း ဒီမိုကရေစီနိုင်ငံတွေက ကိုယ်စားလှယ်တွေဖြစ်ပါတယ်။ သူတို့က နိုင်ငံသားတဦးချင်းအခွင့်အရေး (individual rights)တွေကိုသာ လူ့အခွင့်အရေးကြေညာစာတမ်းမှာ ဖေါ်ပြလိုပါတယ်။ နိုင်ငံသားတဦးချင်းအခွင့်အရေးကို အကြမ်းဖျဉ်းအားဖြင့် နိုင်ငံသားနဲ့နိုင်ငံရေးအခွင့်အရေး (civil and political rights)လို့ ခေါ်ပါတယ်။ ဥပမာ အသက်ရှင်ရပ်တည်ခွင့်၊ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်၊ ဘာသာရေးလွတ်လပ်ခွင့်၊ လွတ်လပ်စွာထုတ်ဖေါ်ပြောဆိုခွင့်၊ နိုင်ငံရေးမှာ ပါဝင်ဆောင်ရွက်ခွင့်၊ မဲပေးခွင့် စတဲ့အခွင့်အရေးတွေဟာ နိုင်ငံသားနဲ့နိုင်ငံရေးအခွင့်အရေး တွေဖြစ်ပါတယ်။ အဲဒါမျိုးအခွင့်အရေးတွေကိုသာ လူ့အခွင့်အရေးကြေညာစာတမ်းမှာ ထည့်သွင်းဖေါ်ပြတာဟာ အရင်းရှင်စီးပွါးရေးစနစ်ကိုသာ အထောက်အကူပြုကြောင်း ကွန်မြူနစ်နိုင်ငံတွေက ယုံကြပါတယ်။ ဆိုရှယ်လစ်စနစ်အောက်မှာ အာမခံထားတဲ့ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေး စတဲ့အခွင့်အရေးတွေဟာ နိုင်ငံသားတဦးချင်းအခွင့်အရေးထက် အရေးကြီးတဲ့ စုပေါင်းအခွင့်အရေး (collective rights)ဖြစ်ကြောင်း ကွန်မြူနစ်အုပ်စုကပြောပြီး လူ့အခွင့်အရေးကြေညာစာတမ်းမှာထည့်ဖို့ တောင်းဆိုပါတယ်။ အဲဒါမျိုး အခွင့်အရေးတွေကို စီးပွါးရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုအခွင့်အရေး (economic, social and cultural rights)လို့ ကမ္ဘာ့လူ့အခွင့်အရေး လှုပ်ရှားမှုမှာ လူသိများပါတယ်။

လူ့အခွင့်အရေးကြေညာစာတမ်းတခု ရေးသားထုတ်ပြန်တာကို ကမ္ဘာ့နိုင်ငံအားလုံးက တညီတညွတ်တည်းထောက်ခံကြပေမဲ့ ဘာအခွင့်အရေးတွေ ထည့်မလဲဆိုတာနဲ့ပတ်သက်လို့တော့ ကွဲပြားမှုဖြစ်ခဲ့ရပါတယ်။ အနောက်အုပ်စုက နိုင်ငံသားနဲ့နိုင်ငံရေးအခွင့်အရေးတွေကို ဦးစားပေးဖော်ပြလိုပြီး၊ ကွန်မြူနစ်အုပ်စုက စီးပွါးရေး၊ လူမှုရေးနဲ့ယဉ်ကျေးမှု အခွင့်အရေးတွေကို ဦးစားပေးဖော်ပြလိုပါတယ်။

ရေးဆွဲမှုလုပ်ငန်းစဉ်အတွင်း ဖိအားပေးမှု၊ တောင်းဆိုမှုအမျိုးမျိုးနဲ့ ပြဿနာတွေကို ကျော်လွှားပြီး နောက်ဆုံးတော့ အပိုဒ် ၃၀ ပါဝင်တဲ့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းထွက်ပေါ် လာခဲ့ပါတယ်။ အဲဒီအပိုဒ် ၃၀ ထဲမှာ အပိုဒ် (၁)ကနေ (၂၁) အထိ နိုင်ငံသားနဲ့ နိုင်ငံရေးအခွင့်အရေးနဲ့ဆိုင်တဲ့ လူ့အခွင့်အရေးတွေကို ဖော်ပြထားပြီး၊ အပိုဒ် (၂၂)ကနေ (၂၇)အထိက စီးပွါးရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှု အခွင့်အရေးတွေကို ဖော်ပြထားပါတယ်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းဟာ နိုင်ငံတိုင်းကလမ်းညွှန်မှုတွေအနေနဲ့ လက်ခံသင့်တဲ့ ပြဋ္ဌာန်းတချို့ကိုသာ ဖော်ပြထားတာကတကြောင်း၊ ကြေညာစာတမ်းရေးဆွဲစဉ်ကဖြစ်ခဲ့တဲ့ ကွဲပြားခြားနားမှုတွေအတွက်အဖြေရှာဖို့ လိုတာကတကြောင်းတို့ကြောင့် နောက်ဆက်တွဲ လူ့အခွင့်အရေးစာချုပ်တွေကို ပြဋ္ဌာန်းဖို့လိုအပ်လာပါတယ်။ အဲဒီလိုလုပ်ရာမှာ လူ့အခွင့်အရေးကြေညာစာတမ်းရေးဆွဲစဉ်က ဖြစ်ခဲ့တဲ့ပြဿနာတွေမျိုး ထပ်မကြုံရအောင် သတိထားလုပ်ဆောင်ရပါတယ်။ ဒီလိုနဲ့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းမှာ မပြည့်မစုံဖြစ်နေတဲ့ အခွင့်အရေးတွေကို အဓိကစာချုပ်ကြီးနှစ်ခုရေးဆွဲပြီး ပြဋ္ဌာန်းလိုက်ပါတယ်။ အဲဒါတွေကတော့ နိုင်ငံသားနဲ့ နိုင်ငံရေးအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီချက် (International Covenant on Civil and Political Rights-ICCPR) နဲ့ စီးပွါးရေး၊ လူမှုရေးနဲ့ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီချက် (International Covenant on Economic, Social and Cultural Rights-ICESCR) တွေဖြစ်ပါတယ်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းရေးဆွဲစဉ်က အငြင်းပွါးမှုဖြစ်ခဲ့ရတဲ့ အခွင့်အရေးအုပ်စုနှစ်ခုကို သီးခြားစီခွဲထုတ်ပြီး စာချုပ်တခုစီအဖြစ် သီးသန့်ပြဋ္ဌာန်းခြင်း၊ စာချုပ်နှစ်ခုစလုံး ၁၉၆၆ ခုနှစ်ကပြဋ္ဌာန်းပြီး ၁၉၇၆ ခုနှစ်မှာ အတူတူ အသက်ဝင်လာခြင်းတို့ကြောင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း ရေးဆွဲစဉ်ကလို အငြင်းပွါးဖွယ် မဖြစ်တော့ပါဘူး။

အဲဒီစာချုပ်နှစ်ခုဟာ ဒီကနေ့ ပြောနေကြတဲ့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ (International Bill of Human Rights)မှာ အဓိကကျတဲ့ စာချုပ်နှစ်ခုဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်းဟာလည်း အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေရဲ့ အစိတ်အပိုင်း ဖြစ်ပါတယ်။ အဲဒီစာချုပ်နှစ်ခုဟာ လက်မှတ်ရေးထိုးအတည်ပြုထားတဲ့ နိုင်ငံတွေအတွက်သာ အကျိုးသက်ရောက်မှု ရှိပါတယ်။ ဈေးကွက်စီးပွါးရေးစနစ်ကျင့်သုံးတဲ့ အနောက်တိုင်းဒီမိုကရေစီနိုင်ငံအများစုက နိုင်ငံသားနဲ့နိုင်ငံရေး အခွင့်အရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးအတည်ပြုပြီး၊ ဆိုရှယ်လစ် ကွန်မြူနစ်နိုင်ငံအများစုက စီးပွါးရေး၊ လူမှုရေးနဲ့ယဉ်ကျေးမှု သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးအတည်ပြုကြပါတယ်။ စာချုပ်နှစ်ခုစလုံးကို လတ်မှတ်ရေးထိုးအတည်ပြုတဲ့ နိုင်ငံတွေထဲမှာ စကင်ဒီနေးဗီးယားနိုင်ငံအားလုံး၊ ဥရောပနိုင်ငံတချို့နဲ့ တတိယကမ္ဘာနိုင်ငံတချို့ ပါပါတယ်။

စာချုပ်နှစ်ခုစလုံးကို လက်မှတ်မရေးထိုးတဲ့ နိုင်ငံတွေစာရင်းမှာ မြန်မာနိုင်ငံ ပါဝင်ပါတယ်။ အမေရိကန်ပြည်ထောင်စုနဲ့ ထိုင်းနိုင်ငံတွေက နိုင်ငံသားနဲ့နိုင်ငံရေး သဘောတူစာချုပ်တခုကိုသာ လက်မှတ်ရေးထိုး အတည်ပြုတဲ့ နိုင်ငံတွေစာရင်းမှာ ပါပါတယ်။ စာချုပ်နှစ်ခုစလုံးကို လက်မှတ်ရေးထိုးအတည်ပြုပြီး လက်တွေ့မှာလည်းစာချုပ်ပြဋ္ဌာန်းချက်ပါ အခွင့်အရေးတွေကို အကောင်းဆုံး အကာအကွယ်ပေးနေတဲ့ နိုင်ငံတွေစာရင်းမှာ စကင်ဒီနေးဗီးယားနိုင်ငံတွေက ထိပ်ဆုံးကဖြစ်ပါတယ်။ စာချုပ်နှစ်ခုစလုံးကို လတ်မှတ်ရေးထိုးအတည်ပြုထားပြီး စာချုပ်ပါ အခွင့်အရေးတွေကို ကာကွယ်ပေးဖို့အပျက်ကွက်ဆုံး နိုင်ငံတွေစာရင်းမှာ အာဖဂန်နစ္စတန်နဲ့ ကမ္ဘောဒီးယားနိုင်ငံတွေက ထိပ်ဆုံးကဖြစ်ပါတယ်။ စာချုပ်နှစ်ခုစလုံးကို လက်မှတ်ရေးထိုးခြင်းလည်းမရှိ၊ လက်တွေ့မှာလည်း အခွင့်အရေးအချိုးဖေါက်ဆုံးဖြစ်တဲ့ နိုင်ငံတွေစာရင်းမှာ မြန်မာနိုင်ငံက ထိပ်ဆုံးက ဖြစ်ပါတယ်။ ။

ဖက်ဒရယ်ပြည်ထောင်စုရေးရာ

# ပြည်ထောင်စုအဖွဲ့ဝင်များ

မြန်မာနိုင်ငံရှေ့နေများကောင်စီ

## ပြည်ထောင်စုအဖွဲ့ဝင်အဆင့်သတ်မှတ်ခြင်း

ပြည်ထောင်စုနိုင်ငံကို အဖွဲ့ဝင်များဖြင့်စုပေါင်းဖွဲ့စည်းထားသည်။ ထိုပြည်ထောင်စုအဖွဲ့ဝင်များကို ကမ္ဘာပေါ်ရှိ ပြည်ထောင်စုနိုင်ငံများတွင် အဆင့်အမျိုးမျိုး၊ အခေါ်အဝေါ်အမျိုးမျိုး သတ်မှတ်ကြသည်။ အများအားဖြင့် ကမ္ဘာ့ပြည်ထောင်စုနိုင်ငံများတွင်ရှိသော ပြည်ထောင်စုအဖွဲ့ဝင်များမှာ–

(က) သမ္မတနိုင်ငံများ (Republics)
(ခ ) ပြည်နယ်များ (States)
(ဂ ) ကန်တွန်များ (Cantons)
(ဃ) ကိုယ်ပိုင်အုပ်ချုပ်ရေးခရိုင်များ (Autonomous Provinces)
(င ) ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ (Autonomous Regions)
(စ ) ပြည်ထောင်စုအထူးဒေသများ (Union Territories)
(ဆ) လူမျိုးစုဧရိယာများ (National Areas) စသည်တို့ဖြစ်သည်။

အထက်ပါတို့မှာ ပြည်ထောင်စုတွင်တိုက်ရိုက်ပူးပေါင်းသော သို့မဟုတ် လိုအပ်ချက်အရ ထူးခြားဖွဲ့စည်းထားရသော (ဥပမာ–လူမျိုးစုဧရိယာများ)ပြည်ထောင်စုအဖွဲ့ဝင်များ၏ အဆင့်သတ်မှတ်ချက်များ ဖြစ်သည်။ ၎င်းပြည်ထောင်စုအဖွဲ့ဝင်များအောက်တွင် ဒေသန္တရအရ အစိုးရအုပ်ချုပ်ရေးများချမှတ်နိုင်ရန် ထပ်မံခွဲခြမ်းစိတ် ဖြာထားရသည်။ ကောင်တီ (County) မြို့နယ် (Township)၊ မြို့ပြ၊ ရပ်ကွက် (Word) စသည်ဖြင့်အမျိုးမျိုးဖြစ်ကြသည်။ ၎င်းတို့ကိုပြန်လည် စုစည်းခြင်းသည် ပြည်ထောင်စုအဖွဲ့ဝင် တခုဖြစ်လာသည်။

ကမ္ဘာ့ပြည်ထောင်စုနိုင်ငံများတွင် ပြည်ထောင်စုအဖွဲ့ဝင်များကို အဆင့်ကွဲပြားစွာ သတ်မှတ်ခြင်းသည် မိမိနိုင်ငံ၏ လိုအပ်ချက်အရ သတ်မှတ်ခြင်းဖြစ်သည်။ မည်သည့်ပြည်

ထောင်စုနိုင်ငံမဆို ပြည်ထောင်စုအဖွဲ့ဝင် အဆင့်သတ်မှတ်ရာတွင် အောက်ပါစနစ်နှစ်ရပ်အနက် မိမိနိုင်ငံနှင့်သင့်တော်သောစနစ်ကို အခြေခံအသုံးပြုကြသည်။

### (က) ပထဝီအနေထားကိုအခြေခံ၍ ပြည်ထောင်စုအဖွဲ့ဝင်သတ်မှတ်ခြင်း

ဤစနစ်အရ ပြည်ထောင်စုအဖွဲ့ဝင်အဆင့်သတ်မှတ်ခြင်းကို လူမျိုးရေးပြဿနာမရှိသော နိုင်ငံများတွင်သာ ကျင့်သုံးနိုင်သည်။ နိုင်ငံတခုအတွင်းရှိ ပထဝီအနေထားအလျှောက်တည်ရှိနေသော မြေပြန့်လွင်ပြင်များ၊ တောင်ကုန်းတောင်တန်းများ၊ မြစ်၊ ချောင်းအင်းအိုင်များ၊ မြို့များကိုအစွဲပြုသော အမည်များမှည့်ခေါ်ခြင်းနှင့် ၎င်းတို့ကို နယ်နိမိတ်သတ်မှတ်ခြင်းပြုလျှင် ပြည်ထောင်စုအဖွဲ့ဝင်ဖြစ်လာသည်။ ဤစနစ် ကျင့်သုံးသောနိုင်ငံများတွင် ပြည်ထောင်စုအဖွဲ့ဝင်အဆင့်မှာလည်း အများအားဖြင့် တဆင့်သို့မဟုတ်နှစ်ဆင့်သာ ရှိတတ်သည်။ အမေရိကန်ပြည်ထောင်စု၊ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၊ ဩစတြေးလျစသည့်နိုင်ငံများတွင် ပထဝီအနေအထားကို အခြေခံ၍ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအဖြစ် သတ်မှတ်သည်။

### (ခ) လူမျိုးရေးကိုအခြေခံ၍ ပြည်ထောင်စုအဖွဲ့ဝင်သတ်မှတ်ခြင်း

ကမ္ဘာ့ပြည်ထောင်စုနိုင်ငံ အတော်များများတွင် ဤစနစ်အရ ပြည်ထောင်စုအဖွဲ့ဝင်သတ်မှတ်ခြင်းကို ကျင့်သုံးကြသည်။ တိုင်းရင်းသားလူမျိုးစုံ ရောပြွန်းနေထိုင်သော နိုင်ငံများတွင်ကျင့်သုံးသောစနစ်ဖြစ်ပြီး ခက်ခဲစွာသတ်မှတ်ရသည်။ ပြည်ထောင်စုအဖွဲ့ဝင် အဆင့်မှာလည်း ပထဝီအနေထားကိုအခြေခံသော စနစ်ထက်ပို၍များတတ်သည်။ လူမျိုးများစုပေါင်းနေထိုင်သော ဗဟုဝဒ်လူ့အဖွဲ့အစည်း (plural society) ရှိသည့် နိုင်ငံတခုတွင် မတူကွဲပြားသော လူမျိုးများ၏စည်းလုံးညီညွတ်မှု (unity in diversity)ရရှိစေရန်အတွက် လူမျိုးကိုအခြေခံသောမူအရ ပြည်ထောင်စုအဖွဲ့ဝင်များ သတ်မှတ်ကြသည်။ ထိုနိုင်ငံများတွင် ပြည်ထောင်စုအဖွဲ့ဝင်များ၏ အမည်များအဖြစ် လူမျိုးအမည်ကို အစွဲပြု၍ခေါ်ဝေါ်ကြသည်။ ယူဂိုဆလားဗီးယား၊ ဆိုဗီယက်ပြည်ထောင်စု၊ အိန္ဒိယ၊ ချက်ကိုစလိုဗက်ကီးယား စသောနိုင်ငံများသည် လူမျိုးများကိုအခြေခံ၍ ပြည်ထောင်စုအဖွဲ့ဝင်များ သတ်မှတ်သောနိုင်ငံများ ဖြစ်ကြသည်။ ပြည်ထောင်စုအဖွဲ့ဝင် အဆင့်ဆိုသည်မှာ ပြည်ထောင်စုတွင်စုပေါင်းဖွဲ့စည်းမည့် ပြည်ထောင်စုအဖွဲ့ဝင် အမျိုးအစားများထဲမှ အဆင့်ကိုဆိုလိုသည်။

## ပြည်ထောင်စုအဖွဲ့ဝင်သတ်မှတ်ရန်အခြေအနေ

အထက်တွင်ဖေါ်ပြခဲ့သော ပြည်ထောင်စုအဖွဲ့ဝင်များအဖြစ် သတ်မှတ်ရန်အောက်ပါအခြေအနေများနှင့် ညီညွတ်ရန်လိုအပ်သည်။ သို့သော် ဤအခြေအနေများသည် ယေဘုယျအခြေအနေများသာ ဖြစ်သည်။ ထိုအခြေအနေပေါ်မူတည်၍ အသေးစိတ်သတ်မှတ်ချက်များဖြင့် မိမိနိုင်ငံများနှင့်ကိုက်ညီအောင် ဖန်တီးယူကြရသည်။ အနည်းဆုံး အောက်ပါအချက်များကို ထည့်သွင်း စဉ်းစားရသည်။

(က) လူမျိုးနှင့်လူဦးရေ

နိုင်ငံတခုအတွင်း အမျိုးသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြလျှင် ထိုအမျိုးသားလူမျိုးများအတွက် ၎င်းတို့၏မွေးရာပါ အခွင့်အရေးများကို ဖေါ်ဆောင်ခွင့်ပြုရန်နှင့် ၎င်းတို့၏အမျိုးသားရေးလက္ခဏာများနှင့် ညီညွတ်သော လူမျိုးရေးအခြေခံကွဲပြားချက်များကို အများအကျိုးနှင့်ဆန့်ကျင်ခြင်းမရှိဘဲ လွတ်လပ်စွာ ဖေါ်ဆောင်ခွင့်ရရန်အတွက် ထိုအမျိုးသားလူမျိုးစုများ နေထိုင်ရာဒေသကို ပြည်ထောင်စုအဖွဲ့ဝင်အဖြစ် သတ်မှတ် ရန်လိုအပ်သည်။ သို့ရာတွင်လူဦးရေအားဖြင့် ပြည်ထောင်စုအဖွဲ့ဝင်အဆင့်တခုခု သတ်မှတ်နိုင်သည့် လူဦးရေရှိရမည်။ ထို့အပြင် အမျိုးသားလက္ခဏာ သတ်မှတ်ချက်များနှင့် ညီညွတ်သောအမျိုးသားလူမျိုးဖြစ်ရန်လည်း လိုအပ်ပေသည်။ အချို့နိုင်ငံများတွင် ပြည်ထောင်စုအဖွဲ့ဝင်သတ်မှတ်ရေးအတွက် လိုအပ်သောလူဦးရေ သတ်မှတ်ချက်များရှိကြသည်။ လူမျိုးရေးအခြေခံ၍ ပြည်ထောင်စုအဖွဲ့ဝင်သတ်မှတ်သော နိုင်ငံ မဟုတ်လျှင် ပထဝီအနေအထားအရ အကျယ်အဝန်းတခုအတွင်း နေထိုင်ကြသော သတ်မှတ်လူဦးရေရှိလျှင်လည်း ပြည်ထောင်စု အဖွဲ့ဝင်အဆင့်တမျိုးမျိုးကို သတ်မှတ်နိုင်သည်။

(ခ) ပထဝီအနေအထား

ပထဝီအနေအထားကိုအခြေခံ၍ ပြည်ထောင်စုအဖွဲ့ဝင်သတ်မှတ်ခြင်း စနစ်တွင်ဖြစ်စေ၊ လူမျိုးကိုအခြေခံ၍ ပြည်ထောင်စုအဖွဲ့ဝင် အဆင့်သတ်မှတ်ခြင်းဖြစ်စေ ပြည်ထောင်စုအဖွဲ့ဝင်အဆင့် တခုခုသတ်မှတ်ရန်အတွက် ပထဝီအနေအထား အကျယ်အဝန်းသတ်မှတ်ချက်ရှိရန် လိုအပ်သည်။ လူမျိုးရေးကိုအခြေခံသော ပြည်ထောင်စုအဖွဲ့ဝင် သတ်မှတ်ခြင်းစနစ်ဖြစ်လျှင် ထိုလူမျိုးများသည် လူဦးရေအားဖြင့်များပြားသော်လည်း ပထဝီအနေအထားအရ စုစည်းနေထိုင်ခြင်းမဟုတ်ဘဲ ဝေးကွာသော ဒေသအသီးသီး၌ ပြန့်ကျဲစွာနေထိုင်လျှင် အုပ်ချုပ်ရေးချမှတ်အကောင်အထည်ဖေါ်ရန် အခက်အခဲရှိသဖြင့် ပြည်ထောင်စုအဖွဲ့ဝင်သတ်မှတ်ခြင်းတွင် အလေးအနက်စဉ်းစားရ တတ်ပါသည်။ ဥပမာ (က)လူမျိုးများသည် တနိုင်ငံလုံးအတိုင်းအတာနှင့် လူဦးရေအားဖြင့် ပြည်ထောင်စုအဖွဲ့ဝင်အဆင့်တခုခု သတ်မှတ်နိုင်ဖွယ်ရှိသော်လည်း ထိုလူမျိုးသည် တနိုင်ငံလုံးနေရာအနှံ့အပြား၌ ပြန့်ကျဲစွာနေထိုင်လျှင် အားလုံးကိုစုစည်းပါမှ ပြည်ထောင်စုအ ဖွဲ့ဝင်အဆင့် တခုရနိုင်မည့်အခြေအနေရှိရာ ထိုအခြေအနေမျိုးတွင် (က)လူမျိုးစုအားလုံးကို ပြည်ထောင်စုအဖွဲ့ဝင်တခုတည်း သတ်မှတ်ရန် မဖြစ်နိုင်ချေ။

ပြည်ထောင်စုအဖွဲ့ဝင်အဆင့် တခုခုသတ်မှတ်ရန် အခြားအခြေနေများအားလုံးနှင့် ပြည့်စုံသော်လည်း ထိုအဖွဲ့ဝင်ဖြစ်မည့်နယ်နိမိတ်သည် အဆင့်တူအခြားပြည်ထောင်စု အဖွဲ့ဝင်တခု၏ နယ်နိမိတ်အလယ်တွင် ရှိနေလျှင်လည်း ပြည်ထောင်စုအဖွဲ့ဝင်သတ်မှတ်ရေးတွင် စဉ်းစားရမည့်အချက် တချက်ဖြစ်သည်။ အဖြစ်သင့်ဆုံးမှာ အဆင့်တူ ပြည်ထောင်စုအဖွဲ့ဝင်တခု၏ နယ်နိမိတ်အတွင်း လုံး

လုံးလျားလျားကျရောက်နေခြင်း မဟုတ်ဘဲ နယ်နိမိတ်ခြင်း ဆက်စပ်လျက်သာ ရှိသင့်သည်။ ဥပမာ (က)ပြည်နယ်သည် (ခ)ပြည်နယ်၏အလယ်တွင် ရှိမနေသင့်ပါ။ (ခ)ပြည်နယ်၊ (ဂ)ပြည်နယ်များ သို့မဟုတ် ပြည်ထောင်စုနိုင်ငံတော်၏ နယ်နိမိတ်များနှင့်သာ ဆက်စပ်၍တည်ရှိနေလျှင် ပြည်ထောင်စုအဖွဲ့ဝင်တခု သတ်မှတ်ရေးကို အထောက်အကူပြုပါသည်။

(ဂ) စီးပွါးရေးကျောထောက်နောက်ခံ

ပြည်ထောင်စုအဖွဲ့ဝင်အဆင့်တခုခု သတ်မှတ်ရန်အတွက် သင့်တင့်သောစီးပွါးရေး ကျောထောက် နောက်ခံရှိရမည်။ တနည်းအားဖြင့် ပြည်ထောင်စုအစိုးရမှ ဖြစ်စေ၊ အခြားနည်းလမ်းတခုခုဖြင့်ဖြစ်စေ စီးပွါးရေးအရ အထောက်အပံ့တခု တည်းပေါ်တွင် အမှီကရပ်တည်ခြင်းမဟုတ်ဘဲ မိမိနယ်မြေအတွင်းတွင် သင့်တင့်သောစီးပွါးရေးလုပ်ငန်းများ ထူထောင် နိုင်ရမည်။

ပြည်ထောင်စုနိုင်ငံတခုတွင် တမျိုးတစားတည်းသော ပြည်ထောင်စုအဖွဲ့ဝင်များဖြင့်ဖွဲ့စည်းထားသည်ချည်း မဟုတ်ပေ။ အမြင့်အနိမ့်ရှိသော လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများခြားနားသောအဆင့်များ သတ်မှတ်ထားပြီး ပြည်ထောင်စုအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုကို ဖွဲ့စည်းထားရသည်။ ။

### ရွေးချယ်တင်မြှောက်ပွဲလေ့လာစောင့်ကြည့်ရေး

## ရွေးချယ်တင်မြှောက်ပွဲနှင့် နိုင်ငံရေးအရှုပ်အထွေးများ

### မာဒါဂါစကာ သမ္မတ ရွေးချယ်တင်မြှောက်ပွဲ

အာဖရိကကျွန်းနိုင်ငံလေးတခုဖြစ်တဲ့ မာဒါဂါစကာမှာဖြစ်နေတဲ့ သမ္မတနေရာလုမှုသတင်းတွေ ၂၀၀၂ ခုနှစ်ဆန်းပိုင်းက ကမ္ဘာ့သတင်း ခေါင်းကြီးပိုင်းမှာ နေရာယူလာတာ သတင်းပတ် အတန်ကြာခဲ့ပါတယ်။ မာဒါဂါစကာ လွတ်လပ်ရေး အနှစ်လေးဆယ်ကျော်ကာလအတွင်းမှာ သမ္မတအပြောင်းအလဲလုပ်ရာမှာ ဒီမိုကရေစီနည်းလမ်းအရ အေးအေးချမ်းချမ်းဖြစ်ခဲ့တာရှိသလို သမ္မတနေရာအတင်းတက်လုပြီး အဓမ္မပြောင်းလဲခဲ့ရတာတွေလည်း ရှိပါတယ်။

မာဒါဂါစကာဟာ ပြင်သစ်ကိုလိုနီဖြစ်ခဲ့ပြီး ၁၉၆၀ခုနှစ်ဇွန်လမှာ မာလာဂါဆီသမ္မတနိုင်ငံ (Malagasy Republic) ဆိုတဲ့ နာမည်နဲ့ လွတ်လပ်တဲ့နိုင်ငံဖြစ်လာပါတယ်။ အဲဒီနှစ်စက်တင်ဘာလမှာ ကုလသမဂ္ဂအဖွဲ့ဝင် ဖြစ်လာပါတယ်။ ၁၉၇၂ခုနှစ်မှာ ဖြစ်ပွါးတဲ့ကျောင်းသားဆန္ဒပြပွဲတွေကြောင့် အဲဒီအချိန်မှာ သမ္မတဖြစ်နေတဲ့ ဖီလစ်ဘာ့–ဆီရန်နာနာ ဟာ တပ်မတော်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂါဘလီရယ်–ရန်မန်နန်ဆိုဝါ ထံ အာဏာလွှဲပေးခဲ့ရပါတယ်။ အဲဒီစစ်ဦးစီးချုပ်ကို ဒုတိယစစ်ဦးစီးချုပ် ဒိုင်ဒီယာ–ရက်ဆီရာကာ က ၁၉၇၅ ခုနှစ်မှာဖယ်ရှားကာ ရာဆီရာကာ ကိုယ်တိုင် သမ္မတလုပ်ခဲ့ပါတယ်။ တိုင်းပြည်နာမည်ကိုလည်း မာဒါဂါစကာဒီမိုကရက်တစ် သမ္မတနိုင်ငံ (Democratic Republic of Madagascar) အဖြစ် ပြန်ပြောင်းခဲ့ပါတယ်။

၁၉၉၀ ခုနှစ်မှာ စစ်တပ်အင်အားစုတခုက အာဏာသိမ်းဖို့ကြံစည်တာကို ရက်ဆီရာကာ အောင်အောင်မြင်မြင် နှိမ်နင်းနိုင်ခဲ့ပါတယ်။ ဒီမိုကရေစီတောင်းဆိုမှုတွေအားကောင်းလာတဲ့အတွက် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွေ လုပ်ပေးခဲ့ရပြီး၊ ရက်ဆီကာရာလည်း ၁၉၉၃ ခုနှစ် သမ္မတရွေးချယ်တင်မြှောက်ပွဲမှာ အရေးနိမ်းခဲ့ ပါတယ်။ ဒါပေမဲ့ ၁၉၉၇ခုနှစ်ရွေးချယ်တင်မြှောက်ပွဲမှာ ရက်ဆီကာရာ သမ္မတအဖြစ် ပြန်အရွေး ခံရပါတယ်။

လေးနှစ်တကြိမ်ပြုလုပ်နေကြ သမ္မတရွေးချယ်တင်မြှောက်ပွဲကို ယမန်နှစ် ဒီဇင်ဘာလ (၁၆)ရက်နေ့က ကျင်းပခဲ့ပါတယ်။ အတိုက်အခံခေါင်းဆောင် မာ့ (ခ)ရာဘာလိုမာနားနားဟာ အခြားသမ္မတလောင်းတွေနဲ့အတူ လက်ရှိသမ္မတ ရက်ဆီကာရာကို ဝင်ရောက်ယှဉ်

ပြိုင်ပါတယ်။ ရွေးချယ်တင်မြှောက်ပွဲ အာဏာပိုင်တွေက မဲစာရင်းရလဒ်ကို ဇန်နဝါရီလ ၂၅ ရက်နေ့က ကြေညာတဲ့အခါ ဘယ်သမ္မတလောင်းကမှ မဲအားလုံးရဲ့ ထက်ဝက်ကျော် ထောက်ခံမှု မရရှိတဲ့အတွက် မဲအများဆုံးရထားတဲ့ လက်ရှိသမ္မတ ရက်ဆီကာရာနဲ့ အတိုက်အခံ သမ္မတလောင်း ရာဘာလိုမာနားနားတို့ နောက်တကြိမ်ယှဉ်ပြိုင်ရမယ်လို့ ဆိုပါတယ်။ မာဒါဂါစကာ သမ္မတရွေးချယ်တင်မြှောက်ပုံစနစ်အရ သမ္မတရွေးချယ်တင်မြှောက်ပွဲမှာ ဘယ်သမ္မတလောင်းကမှ မဲအားလုံးရဲ့ ထက်ဝက်ကျော်မရရှိဘူးဆိုယင် မဲအများဆုံးရတဲ့သမ္မတလောင်းနှစ်ဦးတည်းကို နောက်တကြိမ်ရွေးချယ်တင်မြှောက်ပွဲမှာ ပြန်လည်ယှဉ်ပြိုင်စေပြီး မဲထက်ဝက်ကျော်ရသူကိုမှ သမ္မတအဖြစ် ရွေးချယ်ပါတယ်။ အဲဒီ သမ္မတရွေးချယ်တင်မြှောက်ပုံစနစ်ဟာ ပြင်သစ်နိုင်ငံက စနစ်ကို အတုယူထားတာ ဖြစ်ပါတယ်။

သမ္မတ ရွေးချယ်တင်မြှောက်ပွဲမှာ မဲကလိမ်ကကျစ်ကျမှုတွေ ရှိကြောင်းပြောပြီး နောက်တကြိမ် ရွေးချယ်တင်မြှောက်ပွဲဝင်ရေးကိစ္စကို အတိုက်အခံခေါင်းဆောင် ရာဘာလိုမာနားနားက ငြင်းဆန်ပါတယ်။ သမ္မတ ရွေးချယ်တင်မြှောက်ပွဲမှာ မဲအလိမ်ခံရကြောင်း ပြောပြီး နောက်တကြိမ် ရွေးချယ်တင်မြှောက်ပွဲဝင်ဖို့ အတိုက်အခံ ဘက်ကငြင်းတဲ့အတွက် မက်ဒါဂါစကာမှာ လက်ရှိသမ္မတနဲ့ အတိုက်အခံ သမ္မတလောင်းတို့ ထိပ်တိုက်တွေ့ရတဲ့ အချက်ဟာ လွန်ခဲ့တဲ့နှစ်နှစ်လောက်က ယူဂိုဆလားဗီးယားမှာ သမ္မတ ဆလိုဗိုတန်မီလိုဆေးဗစ်နဲ့ အတိုက်အခံသမ္မတလောင်း ဗိုဂျီဆလပ် ကော်စတူနီကာ တို့ ထိပ်တိုက်တွေ့ပုံနဲ့ တူနေပါတယ်။

ဖေဖော်ဝါရီလ ၂၂ရက်နေ့မှာ ရာဘာလို မာနားနားက သူ့ကိုယ်သူသမ္မတအဖြစ်ကြေညာလိုက်တဲ့အတွက် နိုင်ငံရေးတင်းမာမှုဟာ သမ္မတနှစ်ယောက် နေရာလုပွဲလိုဖြစ်လာပြီး ပြည်သူတွေကလည်း ဘယ်သမ္မတကိုထောက်ခံမှုပေးမလဲ ရွေးချယ်လာရပါတယ်။ ရာဘာလို မာနားနား ထောက်ခံသူတွေနဲ့ သမ္မတရက်ဆီကာရာ ထောက်ခံသူတွေအကြား ထိပ်တိုက်တွေ့မှုတွေဖြစ်လာပြီးနောက် ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှာ အစိုးရက အရေးပေါ်အခြေအနေ ကြေညာလိုက်ပါရတယ်။

သမ္မတနှစ်ယောက်ရဲ့ နေရာလုပွဲမှာ ဘယ်သမ္မတဖက်က ထောက်ခံမှုပေးမလဲဆိုတဲ့ အဆုံးအဖြတ်ကို ခက်ခက်ခဲခဲ ချမှတ်ရမဲ့သူတွေထဲမှာ စစ်သားတွေလည်း ပါဝင်ပါတယ်။ မက်ဒါဂါစကာက လာတဲ့သတင်းတွေအရ စစ်တပ်ထဲက စစ်သား ၉၀ ရာနှုန်းလောက်နဲ့ ပုလိပ်တပ်ဖွဲ့တွေဟာ ရာဘာလို မာနားနားကို ထောက်ခံမှုပေးခဲ့ကြကြောင်း ရာဘာလို မာနားနားကို ထောက်ခံတဲ့ဗိုလ်ချုပ်တွေက ပြောပါတယ်။ ဒါပေမဲ့ ကာကွယ်ရေးဦးစီးချုပ်နဲ့ ဗိုလ်ချုပ်တချို့ကတော့ သမ္မတ ရက်ဆီကာရာကို သစ္စာခံနေဆဲလို့ ဆိုပါတယ်။ စစ်တပ်ထဲမှာ အကွဲအပြဲဖြစ်တာဟာ ပြည်တွင်းစစ်ဖြစ်သွားနိုင်တယ်လို့ အကဲခတ်တချို့က ထောက်ပြပါတယ်။

နိုင်ငံရေးတင်းမာမှုတွေ သတင်းပတ် အတန်ကြာဖြစ်ခဲ့ပြီး နောက်ဆုံးတော့ ဒုတိယကြော့ သမ္မတရွေးချယ်တင်မြှောက်ပွဲ ဧပြီလ (၂၈)ရက်နေ့မှာ ပြန်လည်ကျင်းပဖို့ စီစဉ်ထားလိုက်နိုင်ပါတယ်။ အဲဒီဒုတိယအကြော့ သမ္မတရွေးချယ်တင်မြှောက်ပွဲမှာ လက်ရှိသမ္မတရဲ့ အတိုက်အခံ သမ္မတလောင်းတို့နှစ်ဦးသာ ပြန်လည်အရွေးခံရမှာဖြစ်ပါတယ်။ အဲဒီအခါကျယင် ရွေးချယ်တင်မြှောက်ပွဲဟာ ပထမအကြော့တုံးကလို ပြဿနာတွေဖြစ်လာဦးမလား၊ ရှုံးနိမ့်တဲ့ သမ္မတလောင်းက ရွေးချယ်တင်မြှောက်ပွဲရလဒ်ကို လေးစားလိုက်နာနိုင်မလားဆိုတာကတော့ စောင့်ကြည့်ရဦးမဲ့ ကိစ္စဖြစ်ပါတယ်။

## ဇင်ဘာဘွေ သမ္မတ ရွေးချယ်တင်မြှောက်ပွဲ နောက်ဆက်တွဲ

မတ်လအတွင်းက တောင်အာဖရိကနိုင်ငံတခုဖြစ်တဲ့ ဇင်ဘာဘွေမှာ ကျင်းပခဲ့တဲ့ သမ္မတရွေးချယ်တင်မြှောက်ပွဲဟာ ပြည်တွင်းပြည်ပ နှစ်ဌာနစလုံးမှာ အငြင်းပွါးဖွယ်ရာတွေ၊ ဝိဝါဒကွဲစရာတွေ အများဆုံးဖြစ်စေခဲ့တဲ့ ရွေးချယ်တင်မြှောက်ပွဲလို့ ပြောရမလိုပါပဲ။ ဘာကြောင့်လဲဆိုတော့ လက်ရှိသမ္မတ ရောဘတ် မူဂါဘီရဲ့ မဲလိမ်မှုအစီအစဉ်ကြီးလို့ သတ်မှတ်ထားတဲ့အခြေအနေကို ကြိုသိပါလျက်နဲ့ အတိုက်အခံဘက်က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး၊ ရှုံးနိမ့်တော့မှ ရွေးချယ်တင်မြှောက်ပွဲရလဒ်ကို အတိုက်အခံဘက်က အသိအမှတ်ပြုဖို့ ငြင်းဆန်ခဲ့လို့ဖြစ်ပါတယ်။

ဇန်နဝါရီလ ဒုတိယပတ်အတွင်းက ဇင်ဘာဘွေသမ္မတ ရောဘတ်–မူဂါဘီ ကြေညာလိုက်တဲ့ ရွေးချယ်တင်မြှောက်ပွဲ ဥပဒေတွေဟာ သူသမ္မတအဖြစ် ပြန်အရွေးခံရအောင် ကြံစည်မှုတခုလို့ ပြည်တွင်း နိုင်ငံရေးအတိုက်အခံတွေနဲ့ နိုင်ငံတကာ အကဲခတ်တွေက တညီတညွတ်တည်း ထောက်ပြပါတယ်။ ရွေးချယ်တင်မြှောက်ပွဲမှာ အလုပ်လက်မဲ့လူငယ်တွေ မဲပေးခွင့်မရအောင် ပိတ်ပင်ထားခြင်း၊ အတိုက်အခံပါတီတွေ မဲဆွယ်စည်းရုံးခွင့်ကို ကန့်သတ်ထားခြင်း စတာတွေရှိလာတဲ့အတွက် လာမဲ့ မတ်လမှာကျင်းပမဲ့ သမ္မတ ရွေးချယ်တင်မြှောက်ပွဲဟာ လွတ်လပ်တရားမျှတမှုရှိမှာ မဟုတ်ဘူးလို့ နိုင်ငံရေးအတိုက်အခံတွေက ပြောခဲ့ကြပါတယ်။ ဒ့ါအပြင် နိုင်ငံတကာက လေ့လာသူတွေကို ရွေးချယ်တင်မြှောက်ပွဲစောင့်ကြည့်လေ့လာသူတွေကို တင်းကြပ်မှုအမျိုးမျိုး ချမှတ်ခဲ့တဲ့ကိစ္စဟာလည်း ရွေးချယ်တင်မြှောက်ပွဲ လွတ်လပ်တရားမျှတမှုကို ပိုမိုထိခိုက်စေပါတယ်။ ရွေးချယ်တင်မြှောက်ပွဲမှာ ဥပဒေပိုင်းအရ အငြင်းပွါးကြပြီး တရားရုံးရောက်လာယင်လည်း အနိုင်ရအောင် တရားသူကြီးတွေအဖြစ် သမ္မတ မူကာဘီအစိုးရ လိုလားသူတွေကို ခန့်အပ်ခဲ့ပါတယ်။ ။

### သမိုင်းနောက်ခံ

၁၉၂၀ ပြည့်လွန်နှစ်တွေမှာ အာဖရိကတိုက်က တောင်ရိုဒီးရှားနဲ့ မြောက်ရိုဒီးရှားကို အင်္ဂလိပ်တွေက ကိုလိုနီအဖြစ် သိမ်းပိုက်ခဲ့ပါတယ်။ တောင်ရိုဒီးရှားက ၁၉၆၄ ခုနှစ်မှာ ရိုဒီးရှားနိုင်ငံအဖြစ် တည်ထောင်လိုက်ပါတယ်။ မြောက်ပိုင်းရိုဒီးရှားကိုတော့ ဇင်ဘာဘွေ–ရိုဒီးရှားလို့ခေါ်ပြီး အခုအခါမှာ ဇင်ဘာဘွေလို့ လူသိများပါတယ်။ ၁၉၆၅ ခုနှစ်မှာ အီယန်စမစ်ဦးဆောင်တဲ့ လူဖြူအစိုးရက ဇင်ဘာဘွေ–ရိုဒီးရှားနိုင်ငံ လွတ်လပ်ရေးကြေညာလိုက်ပါတယ်။ ဒါပေမဲ့ အစစ်အမှန်လွတ်လပ်ရေးရတာတော့ မဟုတ်သေးပါဘူး။ လူဖြူတွေဟာ ဇင်ဘာဘွေမှာ လူနည်းစုဖြစ်ပြီး တိုင်းပြည်ကိုအုပ်ချုပ်နေတာ မကျေနပ်တဲ့ လူမည်းတွေက တော်လှန်ပုန်ကန် ခဲ့ပါတယ်။

ဇင်ဘာဘွေ အာဖရိကန် အမျိုးသားသမဂ္ဂ (Zimbabwe African National Union) ခေါင်းဆောင် ရောဘတ်–မူဂါဘီဟာ ၁၉၇၀ ပြည့်လွန်နှစ်တွေမှာ ထင်ရှားတဲ့ တော်

လုပ်ရေး ခေါင်းဆောင်ဖြစ်လာပါတယ်။ ၁၉၈၀ခုနှစ်က ကျင်းပတဲ့ အထွေထွေရွေးချယ်တင်မြှောက်ပွဲမှာ မူကာဘီရဲ့ ဇင်ဘာဘွေ အာဖရိကန် အမျိုးသားသမဂ္ဂက အနိုင်ရလာပြီး နောက်မှာ လုံးဝလွတ်လပ်ရေး ကြေညာခဲ့ပါတယ်။ ဝန်ကြီးချုပ်ဦးဆောင်တဲ့ ပါလီမန် ဒီမိုကရေစီ အစိုးရစနစ်ကို ပြဋ္ဌာန်းထားတဲ့ အခြေခံဥပဒေကို ၁၉၈၇ ခုနှစ်မှာ ပြင်ဆင်ပြီး သမ္မတဦးဆောင်အစိုးရစနစ်အဖြစ် ပြောင်းလဲကာ မူကာဘီက သမ္မတအဖြစ် အုပ်ချုပ်ခဲ့ပါတယ်။ ဒါကြောင့် ရောဘတ် မူကာဘီဟာ ဇင်ဘာဘွေ လွတ်လပ်ရေးရတဲ့ ၁၉၈၀ ခုနှစ်ကနေ အခုအချိန်အထိ ၂၂ နှစ်ကြာ အာဏာ ချုပ်ကိုင်ထားသူဖြစ်ပါတယ်။

ဇင်ဘာဘွေမှာရှိတဲ့ လယ်ယာမြေအများစုကို လူနည်းစု လူဖြူတွေက ပိုင်ဆိုင်ထားတာမို့ လယ်ယာမြေ ပြန်လည်ဝေခြမ်းရေးအစီအစဉ်တရပ်ကို သမ္မတ မူကာဘီ အစိုးရက ၁၉၉၂ ခုနှစ်ကတည်းက ချမှတ်လုပ်ဆောင် ခဲ့ပါတယ်။ အစီအစဉ်အရ လူဖြူတွေပိုင်တဲ့ မြေတွေကိုသိမ်းယူပြီး လူမည်းတွေကို ခွဲတမ်းချပေးရေးဖြစ်ပေမဲ့ အစိုးရအရာရှိတွေကိုသာ ခွဲတမ်းချပေးတဲ့အချက်နဲ့ လွန်ခဲ့တဲ့နှစ်တွေအတွင်း လူမည်းတွေက လူဖြူမြေယာတွေကို အတင်းဝင်ရောက်သိမ်းပိုက်နိုင်အောင် သမ္မတ မူကာဘီအစိုးရက အားပေးခဲ့တာတွေကို သမ္မတ မူကာဘီရဲ့ နိုင်ငံရေးကစားကွက်အဖြစ် အကဲခတ်တွေက ဝေဖန်ထောက်ပြခဲ့ပါတယ်။




**၁၉၈၀ ခုနှစ်ကတည်းက အာဏာ ရလာသူ လက်ရှိသမ္မတ ရောဘတ် မူဂါဘီ**

သမ္မတ မူကာဘီရဲ့ မြေယာဝေခြမ်းရေးပေါ်လစီဟာ လူအများဝေဖန်စရာဖြစ်လာသလို တဖက်ကလည်း ပြည်တွင်းနိုင်ငံရေးမှာ စစ်တပ်လမ်းစဉ်နဲ့ ကြမ်းကြမ်းတမ်းတမ်း ကိုင်တွယ်အုပ်ချုပ်လာတာ တွေ့ရပါတယ်။ လူမဲအများစုဖြစ်တဲ့ လူထုတွေကတော့ မူကာဘီအစိုးရ အုပ်ချုပ်မှုအောက်မှာ ဆင်းရဲမွဲဆင်းရဲနေကြပြီး တိုင်းပြည်စီးပွါးရေးလည်း ဆုတ်ယုတ်ကျဆင်းမြဲ ကျဆင်းနေပါတယ်။ အစိုးရကို မကျေမနပ်ဖြစ်နေကြတဲ့ ပြည်သူတွေက ဒီမိုကရေစီနည်းအရ အစိုးရကို ပြောင်းလဲပစ်ဖို့ မျှော်လင့်နေကြပါတယ်။ ဒီမိုကရေစီနည်းနဲ့ အစိုးရ အပြောင်းအလဲလုပ်ခွင့်မရဘူးဆိုယင် ပြည်သူတွေက အကြမ်းဖက်နည်းတွေ သုံးလာမှာကို အိမ်နီးချင်း အာဖရိကနိုင်ငံတွေက စိုးရိမ်မကင်းဖြစ်ခဲ့ကြပါတယ်။ ဒါကြောင့် အာဖရိကနိုင်ငံခေါင်းဆောင်များ အစည်းအဝေးက သမ္မတ မူကာဘီအစိုးရကို တောင်းဆိုချက်လေးရပ် ပြုလုပ်ခဲ့ပါတယ်။ အဲဒါတွေကတော့ လွတ်လပ်စွာ ထုတ်ဖေါ်ပြောဆိုခွင့်နဲ့ စုဝေးခွင့်ကို အာမခံဖို့၊ နိုင်ငံရေး အကြမ်းဖက်မှုအားလုံးကို စုံစမ်းစစ်ဆေးဖို့၊ ပြည်တွင်းပြည်ပက ရွေး

ချယ်တင်မြှောက်ပွဲ စောင့်ကြည့်ရေးအဖွဲ့တွေကို လေ့လာခွင့်ပေးဖို့နဲ့ ပြည်တွင်းပြည်ပ သတင်းထောက်တွေကို သတင်းစုဆောင်း ထုတ်လွှင့်ခွင့်ပေးဖို့ ဆိုတာတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ သမ္မတ မူကာဘီကတော့ အလျှော့မပေးခဲ့ပါဘူး။

သမ္မတ မူကာဘီနဲ့အတူ ၁၉၇၀ ပြည့်လွန်နှစ်တွေက တော်လှန်ရေးလုပ်လာခဲ့ပြီး အခုအချိန်မှာ စစ်ဦးစီးချုပ်ဖြစ်နေတဲ့ ဗိုလ်ချုပ်ကြီး ဗီတာလစ်(စ)–ဇဗ္ဗီနာဘာရှီကဆိုယင် တော်လှန်ရေးမှာ ပါခဲ့ဘူးပြီး စစ်တပ်က လာတဲ့နိုင်ငံရေးခေါင်းဆောင်ကိုသာ နာခံမဲ့အကြောင်း၊ တခြားနယ်ပယ်ကလာတဲ့ နိုင်ငံရေးသမားတွေကို အလေးမပြုနိုင်သလို လက်ခံမှာလည်းမဟုတ်ကြောင်း အတိအလင်း ထုတ်ဖေါ်ပြောဆိုလိုက်တဲ့အချက်ဟာ တိုင်းပြည်ကို စစ်တပ်လမ်းစဉ် ပြောင်သွတ်သွင်းနေတယ်ဆိုတာကို ပြသနေရာ ရောက်တဲ့အပြင် စစ်တပ်အုပ်ချုပ်လို့ တိုင်းပြည်ဆုတ်ယုတ်ကျဆင်းခဲ့ရတယ်ဆိုတာကိုလည်း ဝန်မခံချင်သေးတဲ့ အပြောအဆို ဖြစ်ပါတယ်။

အဲဒီလို အခြေအနေတွေအောက်မှာ ဇင်ဘာဘွေသမ္မတ ရွေးချယ်တင်မြှောက်ပွဲကို မတ်လ ၉ ရက်နဲ့ ၁၀ ရက်နေ့တွေမှာ ကျင်းပခဲ့ပါတယ်။

## ရှေ့အလားအလာ

အဲဒီသမ္မတရွေးချယ်တင်မြှောက်ပွဲမှာ လက်ရှိသမ္မတ ရောဘတ်–မူဂါဘီ အနိုင်ရကြောင်း ရွေးချယ်တင်မြှောက်ပွဲအာဏာပိုင်တွေ ကြေညာလိုက်တဲ့အချိန်ကစလို့ ဇင်ဘာဘွေပြည်တွင်းနဲ့ နိုင်ငံတကာမှာ အဲဒီသမ္မတရွေးချယ်တင်မြှောက်ပွဲနဲ့ပတ်သက်လို့ ဝိဝါဒကွဲပြားမှုတွေ ဖြစ်လာရပါတယ်။ အမေရိကန်ပြည်ထောင်စု၊ ယူနိုက်တက်ကင်းဒမ်း၊ ဂျာမနီ၊ ပြင်သစ်အပါအဝင် အနောက်တိုင်းဒီမိုကရေစီနိုင်ငံတွေက ရွေးချယ်တင်မြှောက်ပွဲရလဒ်ကို အသိအမှတ်ပြုဖို့ ငြင်းဆန်နေပါတယ်။ ယူနိုက်တက်ကင်းဒန်းနိုင်ငံခြားရေးဝန်ကြီးကဆိုယင် မူဂါဘီအတွက် အောင်ပွဲခံခဲ့တယ်ဆိုတဲ့ အဲဒီသမ္မတရွေးချယ်တင်မြှောက်ပွဲဟာ ဇင်ဘာဘွေပြည်သူတွေက်တော့ ဆုံးရှုံးမှုပဲလို့ ပြောပါတယ်။ ဒါပေမဲ့ ကင်ညာ၊ ဇမ်ဘီယာနဲ့ တန်ဇီးနီးယားအပါအဝင် အာဖရိကနိုင်ငံတချို့ကတော့ ရွေးချယ်တင်မြှောက်ပွဲရလဒ်ကို အသိအမှတ်ပြုတယ်လို့ ဆိုပါတယ်။ မူဂါဘီနဲ့လည်း ဆက်ဆံရေး မထိခိုက်လို၊ အတိုက်အခံသမ္မတလောင်း မော်ဂန်–ရှန်ဂရိုင်း အနိုင်ရလိမ့်လို့လည်း ယုံကြည်ထားခဲ့တဲ့ တောင်အာဖရိကနဲ့ နိုက်ဂျီးရီးယားလို နိုင်ငံတွေကတော့ ဝေါဟာရတွေကို သတိထားရွေးချယ်ပြီး တုံ့ပြန်ခဲ့ရပါတယ်။ အာဖရိကညီညွတ်ရေးအဖွဲ့က ရွေးချယ်တင်မြှောက်ပွဲဟာ ပွင့်လင်း လွတ်လပ်တရားမျှတမှုရှိကြောင်း ပြောပေမဲ့ ပြည်တွင်းပြည်ပက ရွေးချယ်တင်မြှောက်ပွဲလေ့လာရေး အဖွဲ့အများစုက ရွေးချယ်တင်မြှောက်ပွဲဟာ သမာသမတ်မကျဘူးလို့ ပြောပါတယ်။ အဓိကပြိုင်ဘက် သမ္မတလောင်း မော်ဂန်–ရှန်ဂရိုင်းက အခုရွေးချယ်တင်မြှောက်ပွဲမှာ မဲလိမ်မှုတွေရှိခဲ့ပြီး မူဂါဘီအနိုင်ရတယ်ဆိုတာဟာလည်း ဒါးပြတိုက်အနိုင်ကျင့်လို့သာဖြစ်ကြောင်း ပြောပါတယ်။

ဇင်ဘာဘွေ သမ္မတ ရွေးချယ်တင်မြှောက်ပွဲကြောင့် ကြီးကြီးမားမား အကွဲအပြဲရင်ဆိုင်ရမဲ့ နိုင်ငံတကာ အဖွဲ့အစည်းကြီးကတော့ ဗြိတိသျှ ဓနသဟာယအဖွဲ့ဖြစ်ပါတယ်။ ဗြိတိသျှ ဓနသဟာယအဖွဲ့ထဲက အာဖရိကနိုင်ငံတွေက သမ္မတ မူဂါဘီအစိုးရကို ဆက်လက်အသိအမှတ်ပြု ထောက်ခံမှုပေးမဲ့သဘောရှိနေပြီး အာဖရိကတိုက်ကမဟုတ်တဲ့ တခြားနိုင်

ငံတွေကတော့ ဇင်ဘာဘွေကို ခနသဟာယအဖွဲ့ထဲက ယာယီထုတ်ပယ်ထားဖို့ သဘော ထားပေးခဲ့ပါတယ်။ ဩစတြေးလျနိုင်ငံမှာ ကျင်းပခဲ့တဲ့ ဗြိတိသျှ ခနသဟာယအဖွဲ့ နိုင်ငံ ခေါင်းဆောင်များအစည်းအဝေးကနေ ဇင်ဘာဘွေ သမ္မတ ရွေးချယ်တင်မြှောက်ပွဲပြီး နောက်မှာ ဘယ်လိုတုံ့ပြန်သင့်သလဲဆိုတာကို ဆုံးဖြတ်လုပ်ဆောင်ဖို့ ဩစတြေးလျဝန်ကြီး ချုပ်၊ တောင်အာဖရိက သမ္မတနဲ့ နိုက်ဂျီးရီးယားသမ္မတ သုံးယောက်ကို အာဏာကုန်အပ် နှင်းခဲ့ပါတယ်။ နောက်ဆုံး ဇင်ဘာဘွေနိုင်ငံကို ဗြိတိသျှ ခနသဟာယ အဖွဲ့ထဲကယာယီ ထုတ်ပယ်ဖို့ ခေါင်းဆောင်သုံးဦးအဖွဲ့က တင်ပြခဲ့တဲ့အတိုင်း အဖွဲ့ကလည်းဆုံးဖြတ်ချက် ချ မှတ်ခဲ့ပါတယ်။ ဗြိတိသျှ ခနသဟာယအဖွဲ့ဟာ အာစီယံအဖွဲ့ထက်တောင် လျော့ရဲရဲရှိလှ တဲ့ နိုင်ငံတကာ အဖွဲ့တခုဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒါမျိုး လျော့ရဲရဲအဖွဲ့တခုကတောင် အဖွဲ့ ဝင်နိုင်ငံတခုမှာ ဒီမိုကရေစီနည်းလမ်းမကျပဲ အစိုးရတွေ အာဏာရယူထားတဲ့ကိစ္စကို သ ဘောထားထုတ်ဖော် ပြသကာ လိုအပ်သလို ကိုင်တွယ်အရေးယူရဲတဲ့အချက်ကတော့ အာ စီယံမှာလို ဘာဖြစ်ဖြစ် ပြည်တွင်းရေး ဝင်မစွက်ပဲ အဖွဲ့ဝင်နိုင်ငံတွေကို နိုင်ငံတကာအလယ် မှာ ကာကွယ်ရေးဆိုတဲ့ မူနဲ့ ခြားနားလှတဲ့ အချက်ဖြစ်ပါတယ်။

သမ္မတ ရွေးချယ်တင်မြှောက်ပွဲပြီးနောက်မှာ ဇင်ဘာဘွေပြည်တွင်းမှာ အကြမ်းဖက်မှု တွေ ဖြစ်လာလေမလားဆိုတာ အားလုံးက ရင်တမမနဲ့ စောင့်ကြည့်နေရပါတယ်။ ကမ္ဘာ့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီ–အာနန်က ဇင်ဘာဘွေပြည်သူတွေ အေး အေးချမ်းချမ်းနေကြဖို့ မေတ္တာရပ်ခံနေရပါတယ်။

အဲဒီလောက် အငြင်းပွါးဘွယ်ရာတွေ ဖြစ်လာရတာဟာ လွတ်လပ်တရားမျှတမှုရှိ ကြောင်း နိုင်ငံတကာကလက်ခံနိုင်တဲ့ အနိမ့်ဆုံး စံသတ်မှတ်ချက်တွေမမှီပဲ ရွေးချယ်တင် မြှောက်ပွဲ ကျင်းပခဲ့လို့ဆိုတာ ရှင်းပါတယ်။ ရွေးချယ်တင်မြှောက်ပွဲမှာ အတိုက်အခံဘက်က အားပျော့သွားအောင် လုပ်တဲ့နေရာမှာ သမ္မတ မူဂါဘီအစိုးရက အဓိကအသုံးချတဲ့ လက် နက်ကတော့ ဥပဒေလက်နက်ဖြစ်ပါတယ်။ အတိုက်အခံနိုင်ငံရေးပါတီတွေ မဲဆွယ်စည်းရုံးမှု နဲ့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုကို ကန့်သတ်တဲ့ ဥပဒေတွေနဲ့ နိုင်ငံခြားနဲ့ပြည်တွင်း သ တင်းမီဒီယာကို ကန့်သတ်ချုပ်ချယ်တဲ့ ဥပဒေတွေကို ရွေးချယ်တင်မြှောက်ပွဲ မတိုင်ခင်လ ပိုင်းလေးမှာ ပြဋ္ဌာန်းခဲ့ပါတယ်။ လွတ်လပ်တဲ့ ဇင်ဘာဘွေသတင်းဌာနတွေကို အစိုးရလူ တွေက ကိုယ်ထိလက်ရောက် ဝင်ရောက် တိုက်ခိုက်ခဲ့တာတွေလည်း ရှိပါတယ်။ Movement for Democratic Change (MDC)ခေါ် အဓိကအတိုက်အခံအဖွဲ့ ဒီမိုကရေစီပြုပြင် ပြောင်းလဲရေးလှုပ်ရှားမှုအဖွဲ့ဝင်တွေနဲ့ ထောက်ခံသူတွေကို အစိုးရ ဘက်တော်သားတွေ ကတိုက်ခိုက်ခြင်းအားဖြင့် အတိုက်အခံဘက်က ထောက်ခံမှုကျဆင်းအောင် လုပ်ခဲ့ပါ တယ်။ နောက်ဆုံးအဓိကပြိုင်ဘက် သမ္မတလောင်း မော်ဂန်–ရှန်ဂရိုင်းကိုတောင် သမ္မတ မူ ဂါဘီ လုပ်ကြံဖို့ကြံစည်တယ်ဆိုတာ နိုင်ငံတော်သစ္စာဖေါက်မှုနဲ့ စွဲချက်တင်ခဲ့ပါတယ်။ ထိပ် တန်း MDC ခေါင်းဆောင်တချို့ကိုလည်း ရွေးချယ်တင်မြှောက်ပွဲနဲ့ အချိန်ကိုက် ဖမ်းဆီးခဲ့ပါ တယ်။

သမ္မတရွေးချယ်တင်မြှောက်ပွဲနေ့တွေမှာ အတိုက်အခံသမ္မတလောင်း မော်ဂန်–ရှန်ဂ ရိုင်းကို ထောက်ခံသူတွေ မဲပေးခွင့်မရအောင် မဲရုံတွေပိတ်ပစ်တာ၊ မဲပေးဖို့စောင့်နေသူတွေ ကို အင်အားသုံး လူစုခွဲဖြိုခွဲခဲ့တာတွေ လုပ်ခဲ့ပါတယ်။ ဒ့ါအပြင် ရွေးချယ်တင်မြှောက်ပွဲ လုပ် စဉ်ကာလအတွင်း အတိုက်ခံထောက်ခံသူတွေနဲ့ နိုင်ငံရေးတက်ကြွလုပ်ရှားသူ ၁၄၀၀ လောက်ကို ဖမ်းဆီးထားခဲ့ပါတယ်။ မဲရုံတချို့က မဲပြားအစစ်အမှန်တွေကို မဲပြားအတုတွေ

နဲ့ အစားထိုးထားကြောင်း လေ့လာရေးအဖွဲ့တွေရဲ့ အစီရင်ခံချက်တွေလည်း ရှိနေတာမို့ အစိုးရထိမ်းချုပ်ထားတဲ့ ရွေးချယ်တင်မြှောက်ပွဲ အာဏာပိုင်တွေက အတိုက်အခံမဲကို ဖျောက်ပြီး သမ္မတ မူဂါဘီအတွက် ထောက်ခံမဲတွေနဲ့ အစားထိုးခဲ့တယ်ဆိုတာလည်း သိနိုင်ပါတယ်။

ရွေးချယ်တင်မြှောက်ပွဲ မတိုင်မီလအတန်ကြာကတည်းက သမ္မတမူဂါဘီ လုပ်ဆောင်ခဲ့တာတွေကိုကြည့်ယင် ရွေးချယ်တင်မြှောက်ပွဲမှာ သူအနိုင်ရအောင် စနစ်တကျ စီမံလုပ်ဆောင်ခဲ့တာ ပေါ်လွင်ပါတယ်။ ရွေးချယ်တင်မြှောက်ပွဲမတိုင်ခင်ကတည်းက လွတ်လပ်တရားမျှတမှုမရှိနိုင်ဘူးလို့ သိထားပါလျက်နဲ့ အတိုက်အခံတွေ ဝင်ရောက်ယှဉ်ပြိုင်တာဟာ ဘယ်လိုပဲဖြစ်ဖြစ် အတိုက်အခံဘက်က အနိုင်ရလိမ့်မယ်လို့ တွက်ဆ ခဲ့လို့ဖြစ်ပါတယ်။ ရွေးချယ်တင်မြှောက်ပွဲရလဒ်ကို အသိအမှတ်မပြုဘူးလို့ မော်ဂန်ရှန်ဂရိုင်းက ငြင်းနေပေမဲ့ ကိုယ်တိုင်ပါဝင်ခဲ့တဲ့ ပြိုင်ပွဲမှာရှုံးနိမ့်တော့မှ မတရားပါဘူးလို့ ပြောသလိုဖြစ်တာမို့ ငြင်းချက်က အားမကောင်းလှပါဘူး။ ဒ့ါအပြင် သမ္မတမူဂါဘီကို အံ့တုတဲ့အနေနဲ့ သူကိုယ့်သူ သမ္မတအဖြစ် ကြေညာမှာမဟုတ်ကြောင်း၊ သူ့အနေနဲ့ ဘာလုပ်ပါလို့ ပြည်သူတွေကို ပြောမှာမဟုတ်ပဲ ပြည်သူတွေကသာ လုပ်သင့်တာကို ဆုံးဖြတ်လုပ်ဆောင်ကြရမှာလို့ မော်ဂန်ရှန်ဂရိုင်း ထုတ်ဖေါ်ပြောဆိုတဲ့အချက်ဟာ အတိုက်အခံဘက်က အားနည်းလှကြောင်း ဖေါ်ပြရာရောက်ပါတယ်။ အဲဒီပြောကြားချက်ကို သူ့ကိုထောက်ခံခဲ့ကြတဲ့ ပြည်သူတွေကတောင် ဝေဖန်နေကြပါတယ်။ နိုင်ငံရေးသမားတွေကို အသေခံ၊ အနစ်နာခံထောက်ခံနေစရာ မလိုတော့ဘူးလို့တောင် တချို့ကပြောနေကြပါတယ်။

ရွေးချယ်တင်မြှောက်ပွဲတွေမှာ မဲလိမ်ပြီးလက်ရှိသမ္မတတွေ အနိုင်ရအောင်လုပ်တယ်လို့ ယုံကြည်ရတဲ့ နိုင်ငံတွေမှာ ပြည်သူလူထုက အာဏာလက်ရှိ သမ္မတတွေကို လူထုအာဏာတော်လှန်ရေးနဲ့ ဖယ်ရှားနိုင်တဲ့ မဟာဗျူဟာကို နောက်ဆုံးလက်နက်အနေနဲ့ ရွေးချယ်တတ်ကြတာ ယူကိုဆလားဗီးယားလို နိုင်ငံတွေရဲ့ အတွေ့အကြုံအရ သိနိုင်ပါတယ်။ အဲဒါမျိုးလုပ်ဖို့ အခြေအနေမပေးတဲ့ နိုင်ငံတွေဆိုယင်တော့ လွတ်လပ်တရားမျှတမှုရှိတဲ့ ရွေးချယ်တင်မြှောက်ပွဲဖြစ်ရေးကို အာမခံနိုင်တဲ့ နိုင်ငံရေးရှုပ်ပတ်ဝန်းကျင်ရှိမှ ရွေးချယ်တင်မြှောက်ပွဲမှာ ယှဉ်ပြိုင်ရေး၊ အဲဒါမျိုးမဟုတ်ယင် သပိတ်မှောက်ရေးဆိုတဲ့ မဟာဗျူဟာလမ်းစဉ်ကို လိုက်ကြတာတွေ့ရပါတယ်။ ဇင်ဘာဘွေနိုင်ငံက အတိုက်အခံတွေက အစိုးရကောက်ကျစ်မှုကို လျှော့တွက်လို့ပဲလား၊ ဒါမှမဟုတ် မိမိအင်အားကို ပိုတွက်ခြင်းပဲလား မပြောတတ်ပါဘူး။ ရွေးချယ်တင်မြှောက်ပွဲ မဟာဗျူဟာ အရွေးမှားခဲ့တဲ့အတွက် ပြည်တွင်းနဲ့နိုင်ငံတကာမှာ ရှုပ်ထွေးဝေဝါးမှုတွေဖြစ်စေခဲ့တာကတော့ အမှန်ပါပဲ။ ။

## ပိုင်းခြားစိတ်ဖြာသုံးသပ်ရာ

# နိုက်ဂျီးရီးယား အမျိုးသမီးအခွင့်အရေး

ဘမောင်ဇင်

အရှယ်ကောင်းတဲ့ အမျိုးသားအမျိုးသမီးတွေကြားမှာ လိင်ပိုင်းဆိုင်ရာ လူမှုရေးဖေါက်ပြန်မှုတွေ ကမ္ဘာ့နိုင်ငံ အားလုံးလိုလို၊ လူ့အဖွဲ့အစည်းတိုင်းလိုလိုမှာ ဖြစ်နေကြဆိုပေမဲ့ နိုက်ဂျီးရီးယားနိုင်ငံက အမျိုးသမီးတွေရဲ့ လူမှုရေးဖေါက်ပြန်မှုတွေကတော့ ကမ္ဘာကျော်ဖြစ်ခဲ့ ရပါတယ်။

အာဖရိကတိုက် နိုင်ငံတခုဖြစ်တဲ့ နိုက်ဂျီးရီးယားဟာ ၁၉၆၀ ခုနှစ်မှာမှ ဗြိတိသျှတွေထံက လွတ်လပ်ရေးရလာပြီး တိုင်းပြည်ကို ဖယ်ဒရယ်စနစ်ပုံစံနဲ့ အုပ်ချုပ်နေပါတယ်။ လက်ရှိလူဦးရေ သန်း ၁၂၀ ကျော်နေထိုင်ပြီး ၄၅ ရာနှုန်းလောက်က အစ္စလမ်ဘာသာ ကိုးကွယ်ပါတယ်။ ၃၅ ရာနှုန်းလောက်က ခရစ်ယန်ဘာသာဝင်တွေဖြစ်ပြီး ကျန်သူတွေကတော့ တိုင်းရင်းသားရိုးရာဘာသာတွေ ကိုးကွယ်နေကြတာမို့ ဘာသာရေးအယူဝါဒ ရောနှောနေတဲ့ နိုင်ငံကြီးတခုလို့ ဆိုရမှာဖြစ်ပါတယ်။ အစ္စလမ်ဘာသာဟာ နိုင်ငံတော်ဘာသာဖြစ်တယ်လို့ တရားဝင် ကြေညာမထားပေမဲ့ တချို့ပြည်နယ်တွေမှာ ၂၀၀၀ ပြည့်နှစ်အဆန်းပိုင်းကတည်းက ရှာရီယာ အစ္စလမ်ဥပဒေနဲ့ စတင်အုပ်ချုပ်လာတာတွေရှိပါတယ်။ တိုင်းရင်းသားပေါင်းစုံ၊ ဘာသာပေါင်းစုံနေထိုင်တဲ့ ပြည်နယ်တွေမှာ ရှာရီယာ ဥပဒေနဲ့ အုပ်ချုပ်တာကို ပြည်နယ်နေလူထု အချို့က ဆန့်ကျင်နေခဲ့ကြပြီး ရှာရီယာ ဥပဒေထောက်ခံသူတွေနဲ့ ကန့်ကွက်သူတွေကြားမှာ အဓိကရုံးတွေလည်း ဖြစ်နေပါတယ်။ ၂၀၀၀ ပြည့်နှစ်ကစလို့ အခုအချိန်အထိ အဲဒီအဓိကရုံးတွေကြောင့် လူထောင်ချီ သေဆုံးခဲ့ရပြီးဖြစ်ပါတယ်။ နိုက်ဂျီးရီးယားက ရှာရီယာ ဥပဒေဆန့်ကျင်မှုဟာ ဆာဖီယာ–ဟူစိန် အမည်ရှိ အမျိုးသမီးတဦးရဲ့ လူမှုရေးဖေါက်ပြန်မှု အမှုဖြစ်လာတဲ့အခါမှာကျတော့ ကမ္ဘာလူ့အဖွဲ့အစည်းကြီးကပါ ဆန့်ကျင်တဲ့ ပွဲဖြစ်လာပါတယ်။

အသက် ၃၅ နှစ်အရွယ် ဆာဖီယာ–ဟူစိန်နီ (Safiya Hussaini)ဟာ ပထမလင်ယောကျ်ားနဲ့ ကွဲကွာပြီး ၁၃ လအကြာမှာမှ လင်ယောကျ်ားမရှိပဲ လေးမွေးဖွါးခြင်းဟာ ရှာရီယာ အစ္စလမ်ဥပဒေအရ လူမှုရေးဖေါက်ပြန်မှု ကျူးလွန်တာထင်ရှားတဲ့ အချက်ဖြစ်တယ်လို့ဆိုကာ သူမခန္ဓာကိုယ်အောက်ပိုင်းကို သဲထဲမှာမြှုပ်ထားပြီး ဦးခေါင်းကို ခဲနဲ့ပေါက်သတ်သေဒဏ်ပေးဖို့ အောက်တရားရုံးတခုက ယမန်နှစ် အောက်တိုဘာလက စီရင်ချက် ချမှတ်

ခဲ့ပါတယ်။ ရှာရီယာ အစ္စလမ်ဥပဒေက အိမ်ထောင်မပြုပဲ လိင်ဆက်ဆံတာကို တားမြစ် ထားတာမို့ အမျိုးသမီးတွေ အိမ်ထောင်မပြုခင် ကိုယ်ဝန်ရလာတယ်၊ ခလေးမွေးတယ်ဆို တာတွေဟာ လူမှုရေးဖေါက်ပြန်ကြောင်း ရှာရီယာ ဥပဒေအရ ထင်ရှားစေတဲ့အချက်ဖြစ်ပါ တယ်။

သာမန် လူမှုရေးဖေါက်ပြန်မှုတွေနဲ့မတူ နိုက်ဂျီးရီးယားအမျိုးသမီးတွေရဲ့ လူမှုရေးဖေါက်ပြန်မှုတွေက ထူးကဲလို့ ကမ္ဘာ့သတင်းခေါင်းကြီးပိုင်းမှာ နေရာယူလာရတဲ့ အဓိကအကြောင်းအရင်းကတော့ အဲဒီအမှုတွေဟာ လူမှုရေးဖါက်ပြန်မှုဆိုပေမဲ့ ကမ္ဘာ့လူ့အခွင့်အရေးလှုပ်ရှားမှုနဲ့ ထိပ်တိုက်တွေ့လာရတဲ့ အစမ်းသပ်ခံ အမှုတွေဖြစ်နေလို့ပါပဲ။ ဆာဖီယာရဲ့ အမှုကိုလွှန်ခဲ့တဲ့ အောက်တိုဘာလက ဆုံးဖြတ်ချက် ချမှတ်ချိန်ကစလို့ အမေရိကန်ပြည်ထောင်စု၊ အီးဥရောပသမဂ္ဂနဲ့ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့လို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့တွေက တရားရုံးဆုံးဖြတ်ချက်နဲ့ ပတ်သက်လို့ ဝေဖန်ပြောကြားပြီး သူမကို အပြစ်ဒဏ်ကလွှတ်ပေးဖို့ စည်းရုံးလှုံ့ဆော်ကာ ဖိအားပေးခဲ့ပါတယ်။

ဆာဖီယာဟာ သူမနဲ့အိမ်နီးချင်း အိမ်ထောင်ရှိယောကျ်ားတယောက်နဲ့ မှောက်မှားမိခဲ့ပြီး အခုလို ခလေးမွေးဖွါးလာတာလို့ အမှုစဲဆိုရေးမှူးတွေက ပြောပေမဲ့ သူမကတော့အယင်လင်ယောကျ်ားနဲ့ ရခဲ့တဲ့ကိုယ်ဝန်က မွေးလာတဲ့ ခလေးလို့ ငြင်းခဲ့ပါသေးတယ်။ နောက်တော့လည်း သူမ မုဒိန်းကျင့်ခံရတာပါလို့ ပြောခဲ့ပါတယ်။ ဒါပေမဲ့ သူမကို မုဒိန်းကျင့်တယ်လို့ စွတ်စွဲသူကိုတော့ သက်သေမခိုင်လုံလို့ဆိုကာ အမှုက ပလပ်လိုက်ပါတယ်။ အမျိုးသမီးတွေကိုကျတော့ အလွယ်တကူအပြစ်ပေးနိုင်ပြီး၊ လိင်ဆက်ဆံဘက်ယောကျ်ားတွေကို အပစ်ပေးဖို့ကျတော့ မလွယ်ကူလှပါဘူး။ အနည်းဆုံး သက်သေလေးယောက်က အခိုင်အမာတင်ပြမှယောကျ်ားကို အပြစ်ပေးနိုင်တယ်လို့ ဆိုထားတာမို့ ယောကျ်ားတွေက အပြစ်ကလွှတ် တာများပါတယ်။ တိတ်တိတ်ပုန်း လိင်ဆက်ဆံတဲ့ကိစ္စကို တရားရုံးမှာ ပြောပြပေးနိုင်မဲ့ သက်သေလေးယောက် ရှိဖို့ဆိုတာ လွယ်တဲ့ကိစ္စမှ မဟုတ်ပဲ။

ဒါပေမဲ့ ဆာဖီယာလည်း ကံကောင်းသွားပါတယ်။ ဆာဖီယာဟာသူမအမှုနဲ့ ပတ်သက်လို့ အထက်တရားရုံးမှာ အယူခံဝင်တဲ့အခါ ဆာဖီယာကို အပြစ်ပေးနိုင်လောက်တဲ့သက်သေအထောက်အထားမရှိကြောင်း တနင်္လာနေ့ (မတ်လ ၂၅ရက်)က တရားရုံးက ဆုံးဖြတ်ပြီး သူ့မကိုတရားသေ လွှတ်လိုက်ပါတယ်။ အမျိုးသမီးတယောက် သေဘေးက လွှတ်မြောက်လာလို့ ဝမ်းသာရမှာ ဖြစ်သလို အမျိုးသမီးအခွင့်အရေး တိုက်ပွဲအောင်ပွဲတရပ်လို့ ပြောရမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံတွေနဲ့ လူ့အခွင့်အရေးအဖွဲ့တွေက တရားရုံးဆုံးဖြတ်ချက်ကို ကောင်းချီးသြဘာပေးခဲ့ကြ ပါတယ်။

ဒါပေမဲ့ လင်နဲ့ကွာရှင်းပြီး ကိုးလကျော်အကြာမှာ နောက်ထပ် အိမ်ထောင်မရှိပဲ ခလေးမွေးဖွါးခဲ့တဲ့ အခြားအမျိုးသမီးတဦးဖြစ်သူ အာမီနာ–လော်ဝယ်–ကူရာမီ (Amina Lawal Kurami)ကို ခဲနဲ့ပေါက်သတ်စေဆိုတဲ့ အပြစ်ဒဏ်အမိန့်ကို ဆာဖီယာရဲ့ စီရင်ချက် မချမှီရက်ပိုင်းလေးမှာမှ နိုင်ဂျီးရီးယား ပြည်နယ်တရားရုံးတခုက ချမှတ်ခဲ့ပါတယ်။ အဲဒါကို လူ့အခွင့်အရေးအဖွဲ့တွေက ဆက်လက်ဝေဖန်ကာ အာမီနာတယောက် ခဲနဲ့ပေါက်သတ် အသတ်ခံရမဲ့ဘေးက လွှတ်မြောက်လာအောင် ပြည်တွင်းနဲ့ပြည်ပက အမျိုးသမီးအခွင့်အရေးအဖွဲ့တွေနဲ့ လူ့အခွင့်အရေးအဖွဲ့တွေက ဆက်လက် တိုက်ပွဲဝင်နေကြပါတယ်။ အထက်ရုံးမှာ အယူခံဝင်နိုင်ဖို့ အာမီနာကို ရက်သုံးဆယ် အချိန်ပေးထားပါတယ်။ ဒါကြောင့် အာမီနာဟာ အထက်ရုံးမှာအယူခံဝင်ခဲ့ယင် ဘယ်လိုဆုံးဖြတ်ချက်မျိုး ထွက်လာဦးမလဲဆိုတာ ကိုတော့အားလုံးက စိတ်ဝင်တစား စောင့်ကြည့်နေကြ ပါတယ်။

နိုက်ဂျီးရီးယားက လူမှုရေးဖေါက်ပြန်မှုကို နိုင်ငံတကာက တုံ့ပြန်တာကို ကြည့်ယင် တိုင်းပြည်တခုက လူ့အခွင့်အရေးကို ကိုယ့်တိုင်းပြည်ရဲ့ စံသက်သက်နဲ့ တိုင်းတာနေလို့ မရတော့ဘူးဆိုတဲ့အချက်နဲ့၊ အမျိုးသမီး အခွင့်အရေးလှုပ်ရှားမှု အားကောင်းလာတာကို တွေ့နိုင်ပါတယ်။

လူမှုရေးဖေါက်ပြန်မှုကျူးလွန်တဲ့ နိုက်ဂျီးရီးယား အမျိုးသမီးတွေဟာ ရှာရီယာဥပဒေအရ အပြစ်ရှိကြောင်း သတ်မှတ်နိုင်ပေမဲ့ အပြစ်ပေးတဲ့ပုံစံဟာ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး စံချိန်စံညွှန်းတွေကို ချိုးဖေါက်နေတာကတော့ အထင်အရှားဖြစ်ပါပဲ။ ပြည်နယ်တချို့က ရှာရီယာဥပဒေဟာ နိုက်ဂျီးရီးယား အခြေခံဥပဒေနဲ့လည်း ကိုက်ညီမှုမရှိကြောင်း နိုက်ဂျီးရီးယားအစိုးရက ကြေညာထားပါတယ်။ ဒါကြောင့် အခုအချိန်မှာ လူ့အခွင့်အရေး စံချိန်စံညွှန်းတွေနဲ့ ကိုက်ညီမှုမရှိတဲ့ ရှာရီယာ ဥပဒေကျင့်သုံးနေမှုကို လူ့အခွင့်အရေး အဖွဲ့တွေသာမက နိုက်ဂျီးရီးယားအစိုးရနဲ့ နိုင်ငံတကာအစိုးရတွေက စိန်ခေါ်နေပါတယ်။ အဲဒီစိန်ခေါ်မှု ဘယ်လောက်အထိ အားကောင်းမလဲဆိုတာကို အာမီနာ–လော်ဝယ်–ကူရာမီ ရဲ့အယူခံအမှု ကြားနာယင် ထပ်မံသိရှိရဦးမှာ ဖြစ်ပါတယ်။ ။

# ဂျီနီဗာ သဘောတူညီချက်များ သို့မဟုတ် လူသားဖြစ်မှုကို ကာကွယ်သည့်ဥပဒေ

တာလီဘန်နဲ့ အယ်ကေ့ဒါ စစ်သားတွေကို ကျူးဘားရှိ ဂွမ်တာနာမို အကျဉ်းစခန်းမှာဖမ်းဆီးထားပြီး သူတို့ကိုစစ်ခုံရုံးမှာစစ်ဆေးမယ်လို့အမေရိကန်ပြည် ထောင်စုက ပြောကြားလိုက်ကတည်းက ဝေဖန်သံတွေ ပွက်လောညံထွက်ပေါ်ခဲ့ပါတယ်။ နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့တွေက အကျဉ်းသားတွေကို ဂျီနီဗာသဘောတူစာချုပ်ပါ စစ်သုန့်ပန်းပေါ်လစီအရ အကာအကွယ်ပေးဖို့ ပြောနေချိန်မှာ အဲဒီအကျဉ်းသားတွေဟာ တရားမဝင်တဲ့ လက်နက်ကိုင်စစ်သားတွေ(illegal combatants) ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒိုနယ်–ရမ်ဆဖဲက ပြောပါတယ်။ ဝေဖန်သူတွေက ကိုးကားစရာအဖြစ် အဓိကရည်ညွှန်းပြောဆိုနေတဲ့မူတွေကတော့ ဂျီနီဗာသဘောတူညီချက် ဖြစ်ပါတယ်။ နောက်ဆုံးတော့ တာလီဘန်တွေနဲ့ အယ်ကေ့ဒါစစ်သားတွေကို နိုင်ငံတကာ စံတွေနဲ့အညီ အမှုစီရင်ရေးအစီအစဉ်ကို အမေရိကန်ပြည်ထောင်စုက ထုတ်ပြန်ကြေညာလိုက်ပါတယ်။

ထို့အတူ အကြမ်းဖက်မှုကျူးလွန်တဲ့ စစ်သွေးကြွတွေကို နှိမ်နင်းဖို့ဆိုပြီး ပါလက်စတိုင်းနယ်မြေတွေကို စစ်တပ်အလုံးအရင်းနဲ့ ဝင်ရောက်ခဲ့တဲ့ အစ္စရေးစစ်သားတွေဟာလည်း ဂျီနီဗာသဘောတူညီချက်ကို ဖေါက်ဖျက်တယ်လို့ ကြက်ခြေနီအဖွဲ့တွေနဲ့ နိုင်ငံတကာ ကယ်ဆယ်ရေးလုပ်သားတွေက ပြောပါတယ်။

ဂျီနီဗာ သဘောတူညီချက်လို့ ဒီကနေ့ အတိုပြောနေတဲ့ သဘောတူညီချက်ဟာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှာ လက်မှတ်ရေးထိုးခဲ့တဲ့ သဘောတူညီချက်လေးခုကို ရည်ညွှန်းပါတယ်။ ၁၈၅၉ ခုနှစ်က အီတလီ ဆိုဖာရီနိုး (*Solferino*)စစ်မြေပြင်မှာ ဒုက္ခခံစားနေရတဲ့ စစ်

သည့်တွေကို အကာအကွယ်ပေးရေးရည်ရွယ်ချက်နဲ့ ဆွစ်လူမျိုး လူမှုစေတနာ့ဝန်ထမ်း ဂျိမ်း–ဟင်နရီ–ဒူးနန့် (Jean Henri Dunant)စတင်စည်းရုံးလှုပ်ဆော်မှုတွေ အရှိန်ရလာတဲ့အတွက် စစ်မြေပြင်မှာ ဒဏ်ရာရနေတဲ့ စစ်သားတွေနဲ့ ဖျားနာနေတဲ့စစ်သားတွေကို အကာအကွယ်ပေးရေး ပြဋ္ဌာန်းထားတဲ့ပထမဦးဆုံး ဂျီနီဗာ သဘောတူညီချက်တရပ် ၁၈၆၄ ခုနှစ်မှာ ထွက်ပေါ်လာပါတယ်။ နောက်တော့ နိုင်ငံတွေအကြားဖြစ်ပွါးတဲ့ စစ်ပွဲတွေမှာ အကာကွယ် ပေးရမဲ့သူတွေဟာ ဒဏ်ရာဖျားနာ စစ်သားတွေသာမက ရန်သူဖက်က ဖမ်းမိသွားတဲ့ ဒါမှမဟုတ် လက်နက်ချပြီးတဲ့စစ်သုံ့ပန်းတွေနဲ့ အရပ်သားတွေပါ ပါဝင်သင့်တယ်လို့လက်ခံလာကြပြီး ၁၈၆၈၊ ၁၉၂၉ ခုနှစ်နဲ့ ၁၉၄၉ ခုနှစ်တွေမှာ နောက်ထပ် ဂျီနီဗာသဘောတူညီချက်သုံးခု ပြဋ္ဌာန်းလိုက်ပါတယ်။ ဒုတိယကမ္ဘာစစ်အပြီးမှာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေ အဖြစ်များလာတာမို့ အဲဒီပဋိပက္ခတွေပါအကျုံးဝင်အောင်ဆိုပြီး နောက်ဆက်တွဲ သဘောတူညီချက်နှစ်ရပ်ကို ၁၉၇၇ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပါတယ်။

ဂျီနီဗာ သဘောတူညီချက်တွေဟာ လူသားဖြစ်မှုကို ကာကွယ်ပေးတဲ့ အပြည်ပြည်ဆိုင်ရာဥပဒေ international humanitarian law ဖြစ်သတ်မှတ်ခံရပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ International Committee of the Red Cross ကို မွေးထုတ်ပေးခဲ့တဲ့ သဘောတူညီချက်တွေလည်းဖြစ်ပါတယ်။ လူမှုစေတနာ့ဝန်ထမ်း ဟင်နီ–ရီဒူးနန့်ကိုလည်း သူ့လုပ်ရပ်တွေအတွက် ဂုဏ်ပြုတဲ့အနေနဲ့ ပထမဦးဆုံး ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆု ချီးမြှင့်ခံရပါတယ်။ ထို့အတူ ဂျီနီဗာ သဘောတူညီချက်တွေကို ဂုဏ်ပြုတဲ့အနေနဲ့ ဂျီနီဗာမြို့တည်ရှိရာ ဆွစ်ဇာလန်နိုင်ငံရဲ့ အလံတော်က ကြက်ခြေခတ် အမှတ်အသားကို ကမ္ဘာ့ကြက်ခြေနီအဖွဲ့ရဲ့ သင်္ကေတ အမှတ်အသားအဖြစ် သတ်မှတ်လိုက်ကြပါတယ်။




**အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ တည်ထောင်သူနှင့် ၁၉၀၁ ခုနှစ် ပထမဦးဆုံး ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဂျိမ်း–ဟင်နရီ–ဒူးနန့် (၁၈၂၈–၁၉၁၀)**

ဂျီနီဗာ သဘောတူညီချက်အရ စစ်သုံ့ပန်းတယောက် ရရှိရမဲ့အကာအကွယ်တွေထဲမှာ စိတ်ပိုင်းနဲ့ ရုပ်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်ခံရခြင်းမှ ကင်းလွတ်ခွင့်၊ ကျန်းမာရေး အပြည့်အဝ စောင့်ရှောက်ခံယူပိုင်ခွင့်၊ ဂုဏ်သိက္ခာထိပါးစေမဲ့ အဆက်အဆံပြုခံရခြင်းမှ ကင်းလွတ်ခွင့်၊ အမျိုးသမီးစစ်သုံ့ပန်းတွေ လိင်အကြမ်းဖက်မှု ကင်းလွတ်ခွင့် တွေ ပါဝင်ပါတယ်။

စစ်သုံ့ပန်းတွေကို အကာအကွယ်ပေးရေးဆိုတဲ့ လူသားဖြစ်မှုကို ကာကွယ်ပေးတဲ့ ဥပဒေအယူအဆ အခြေခိုင်လာအောင် ပေးဆပ်ခဲ့ရတဲ့ လူသားတွေရဲ့ အသက်တွေဟာ မနည်းလှပါဘူး။ အစောပိုင်းကာလက ကမ္ဘာ့နိုင်ငံတွေအကြား ဖြစ်ပွါးတဲ့စစ်ပွဲတွေမှာ စစ်သုံ့

ပန်းတွေကို လူလို ဆက်ဆံတာမဟုတ်ပါဘူး။ ဂရိခေတ် တုံးကဆိုယင် သူတို့ဝင်ရောက် သိမ်းပိုက်ခဲ့တဲ့ နိုင်ငံတွေက အရွယ်ရောက်ယောကျာ်းအားလုံးကို သုတ်သင်လေ့ရှိပါတယ်။ အော်တိုမန်စစ်သားတွေကလည်း ခရစ်ယန် စစ်သုံ့ပန်း သုံးသောင်း သတ်ဖြတ်ခဲ့တဲ့ မှတ်တမ်းတွေရှိပါတယ်။ အင်္ဂလန်မှာလည်း စစ်သုံ့ပန်းတွေကို ကျောက်ခေတ်က လူရိုင်းတွေလို မညှာမတာ သတ်ဖြစ်ခဲ့ဘူးတဲ့ သမိုင်းရှိခဲ့ပါတယ်။ ၁၉၂၉ ဂျီနီဗာ သဘောတူညီချက် ထွက်ပေါ်လာပြီးအချိန်မှာ ယဉ်ကျေးတဲ့ နိုင်ငံတွေနဲ့ စည်းကမ်းရှိတဲ့ စစ်တပ်တွေက စစ်သုံ့ပန်းတွေကို အကာအကွယ်ပေးရမယ်၊ လူသားဆန်ဆန် ပြုမူကျင့်ကြံရမယ်ဆိုတဲ့ အယူအဆကို လက်ခံလာကြပါတယ်။ ဒါပေမဲ့ ပထမကမ္ဘာစစ်နဲ့ ဒုတိကမ္ဘာစစ် ကြားကာလမှာ ပေါ်ထွန်းခဲ့တဲ့ ဖက်ဆစ်နာဇီဂျာမနီစစ်တပ်နဲ့ ဖက်ဆစ်ဂျပန်စစ်တပ်တွေက ဂျီနီဗာသဘော တူညီချက်ကို ဥပက္ခာပြုခဲ့ကြတာကိုလည်း အထင်အရှားတွေ့ရပါတယ်။ ဂျပန်စစ်တပ်လက်ထဲကျ ရောက်ခဲ့တဲ့ စစ်သုံ့ပန်းတွေကို သေမင်းတမန်ရထားလမ်း ဖောက်လုပ်ရာမှာ အတင်းအဓမ္မစေခိုင်းခဲ့တာနဲ့ လူမဆန်စွာဆက်ဆံခဲ့မှုတွေဟာ ဂျီနီဗာသဘောတူညီချက်ကို ပြောင်ပြောင်တင်းတင်း ချိုးဖေါက်တဲ့လုပ်ရပ် တွေဖြစ်ပါတယ်။ ထို့အတူ ၁၉၅၀–၅၃ ကိုးရီးယားစစ်ပွဲအတွင်း ကွန်မြူနစ် ကိုးရီးယား စစ်တပ်လက်ထဲ ကျရောက်ခဲ့တဲ့ စစ်သုံ့ပန်းတွေကို ဂျီနီဗာ သဘောတူညီချက်မူတွေအတိုင်း မဆက်ဆံခဲ့ပါဘူး။ ဗီယက်နမ် စစ်ပွဲအတွင်း အမေရိကန်စစ်တပ်တွေ ပြန်ရုတ်အောင်ဖိအားပေးတဲ့အနေနဲ့ ဗီယက်နမ်က ဖမ်းဆီးထားတဲ့ အမေရိကန်စစ်သား ရာပေါင်းများစွာကို ဓါးစားခံတွေလို ခုတုံးလုပ်အသုံးချတာဟာ ဂျီနီဗာ သဘောတူညီချက်ကို ချိုးဖေါက်မှုတမျိုးဖြစ်ပါတယ်။ ဒါကြောင့် ဂျီနီဗာ သဘောတူညီချက်အရ စစ်သုံ့ပန်းတွေကို အကာအကွယ်ပေးရေးဆိုတာကို တောင်းဆိုနေတာနဲ့ တပြိုင်နက်တည်းမှာ ချိုးဖေါက်သူတွေကလည်း ချိုးဖေါက်နေမြဲ ဖြစ်ပါတယ်။

ဖမ်းဆီးခံထားရတဲ့ တာလီဘန်တွေနဲ့ အယ်ကေ့ဒါစစ်သားတွေဟာ ဂျီနီဗာ သဘောတူညီမှုအရ အကျုံးဝင်တဲ့ စစ်သုံ့ပန်းတွေမဟုတ်ဘူးလို့ပြောထားပေမဲ့ သူတို့ကို ဂျီနီဗာ သဘောတူညီချက်ပါ မူတွေနဲ့အညီ ဆက်ဆံကြောင်းကို အမေရိကန်ပြည်ထောင်စုနဲ့ သူ့ရဲ့မဟာမိတ်ယူနိုင်တက်ကင်းဒမ်းက ပြောပါတယ်။ ထို့အတူ အဲဒီအကျဉ်းသားတွေရှိရာ ဂွမ်တာနာမို အကျဉ်းစခန်းကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့တွေကို သွားရောက်စစ်ဆေးခွင်းပေးထားပါတယ်။ တာလီဘန်နဲ့ အယ်ကေ့ဒါ အကျဉ်းသားတွေကို ဖမ်းဆီးထားတာနဲ့ပတ်သက်လို့ လူ့အခွင့်အရေးအဖွဲ့တွေနဲ့ ဥပဒေပညာရှင်တွေက စိန်ခေါ်ခဲ့ပါတယ်။ ဖမ်းဆီးခံထားရသူတွေနဲ့ပတ်သက်လို့ သတင်းအချက်အလက်ထုတ်ပြန်ပေးဖို့ တောင်းဆိုတဲ့ habeas corpus ခေါ် အရှေ့တော်သွင်းစာချွန်တော်အမိန့် လျှောက်ထားချက်ကို လူ့အခွင့်အရေးအဖွဲ့တွေက လော့စ–အိန်ဂျလိ (စ)မြို့ ပြည်ထောင်စုတရားရုံးမှာ လျှောက်ထားခဲ့ပါသေးတယ်။

အမေရိကန်ဦးဆောင်တဲ့ အကြမ်းဖက်မှု နှိမ်နင်းရေးစစ်ဆိုတာကို ထောက်ခံမှုပေးခဲ့သူတွေကတောင် တာလီဘန်နဲ့ အယ်ကေ့ဒါ စစ်သုံ့ပန်းကိစ္စမှာ ဝေဖန်နေတာကို ထောက်ရှုယင် တရားသောစစ်ကိုထောက်ခံတာဟာ စစ်ပွဲအတွင်း မတရားလုပ်တာကို ထောက်ခံတာမဟုတ်ဘူးဆိုတာကို တွေ့နိုင်ပါတယ်။ အစ္စရေးတပ်တွေ ပါလက်စတိုင်းနယ်မြေတွေမှာ ဆင်နွှဲနေတဲ့စစ်ဟာ ကျူးကျော်စစ်လို့ တချို့ကမြင်ရုံမက ဂျီနီဗာ သဘောတူညီချက်တွေကို ဖေါက်ဖျက်ခြင်းဖြင့် လူသားဖြစ်မှုကို ကာကွယ်တဲ့ဥပဒေကို ချိုးဖေါက်နေတယ်လို့လည်း ယူ

ဆကြပါတယ်။ စစ်ပွဲအတွင်း မတရားလုပ်ခြင်း ဟုတ်မဟုတ် ဆိုတာကိုတိုင်းတာတဲ့ စံတွေကတော့ အရပ်သားနဲ့စစ်သုံ့ပန်းတွေကို အကာကွယ်ပေးထားတဲ့ ဂျီနီဗာ သဘောတူညီချက်တွေပဲဖြစ်ပါတယ်။ နိုင်ငံအချင်းချင်းအကြားဖြစ်ပွါးတဲ့ စစ်ပွဲမှာဖြစ်ဖြစ် နိုင်ငံအတွင်းဖြစ်ပွါးတဲ့ လက်နက်ကိုင် ပဋိပက္ခမှာဖြစ်ဖြစ် အရပ်သားနဲ့ စစ်သုံ့ပန်းတွေကို အကာအကွယ်ပေးဖို့ ပျက်ကွက်သူတွေဟာ ဂျီနီဗာ သဘောတူညီချက် ချိုးဖေါက်ခြင်းဖြစ်ပြီး၊ လူသားဖြစ်မှုကိုကာကွယ်ပေးတဲ့ အပြည်ပြည်ဆိုင်ရာဥပဒေကိုချိုးဖေါက်ခြင်းလည်း ဖြစ်ပါတယ်။ ။

# တမီးကျားသူပုန်နဲ့ သီရိလင်္ကာ ငြိမ်းချမ်းရေးအလားအလာ

ဧပြီလ(၁၁)ရက်နေ့က သတင်းစာရှင်းလင်းပွဲတက်ရောက် စကားပြောကြားရာမှာ သီရိလင်္ကာနိုင်ငံက တမီးကျားသူပုန်လို့လူသိများတဲ့ (Liberation Tigers of Tamil Eelam - LTTE) အဖွဲ့ခေါင်းဆောင် ဗွီလူပီလိုင်–ဖရာဖကာရန်က အစိုးရနဲ့တွဲပြီးငြိမ်းချမ်းရေးတည်ဆောက်ဖို့ သဘောထားရှိကြောင်းထုတ်ဖေါ်ပြောဆိုခဲ့တဲ့အတွက် လူခြောက်သောင်းခွဲခန့်အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်တဲ့ ၁၈ နှစ်ကြာ သီရိလင်္ကာပြည်တွင်းစစ် ဆုံးခန်းတိုင်မဲ့ အလားအလာရှိနေပြီလို့ ဆိုနိုင်ပါတယ်။

လူဦးရေ ၁၉ သန်းနီးပါးမျှရှိတဲ့ သီရိလင်္ကာနိုင်ငံမှာ ဆင်ဟားလီ (Singhalese) လူမျိုးတွေက ၇၄ ရာနှုန်းလောက်ရှိပြီး ၁၈ ရာနှုန်းလောက်ကတော့ တမီးလူမျိုး(Tamil) တွေဖြစ်ပါတယ်။ ကျန် ၈ရာနှုန်းလောက်ကတော့ အာရပ်နဲ့မလေးလူမျိုးအပါအဝင် တခြားအနွယ်ဝင်တွေဖြစ်ပါတယ်။ တမီးလူမျိုးတွေဟာ သီရိလင်္ကာနိုင်ငံမြောက်ပိုင်းနဲ့အရှေ့ပိုင်းပြည်နယ်တွေမှာနေထိုင်တဲ့အတွက် တမီးလူမျိုးသန်း ၆၀ လောက်နေထိုင်တဲ့ အိန္ဒိယနိုင်ငံတောင်ပိုင်းက တမီးနာဒူးပြည်နယ်နဲ့အနီးစပ်ဆုံး သီရိလင်္ကာနယ်မြေတွေမှာ နေထိုင်သူတွေဖြစ်ပါတယ်။ သီရိလင်္ကာတမီးတွေက သီးသန့်တမီးနိုင်ငံတော် တည်ထောင်ရေးရည်ရွယ်ချက်နဲ့ တမီးကျားပြောက်ကျားတပ်တည်ထောင်ပြီး ၁၉၈၃ခုနှစ်ကတည်းက သီရိလင်္ကာအစိုးရကို တော်လှန်လာခဲ့ပါတယ်။

အင်အား ၅၀၀၀ နဲ့ ၁၀၀၀၀ ကြားရှိတယ်လို့ခန့်မှန်းရတဲ့ တမီးကျားသူပုန်အဖွဲ့ဟာ စစ်ရေးအရတိုက်ခိုက်ရာမှာ လက်သံပြောင်လှသလို၊ နိုင်ငံရေးခေါင်းဆောင်တွေကို လုပ်ကြံရာမှာလည်း ကျော်ကြားပါတယ်။ တမီးတိုင်းကားတွေလုပ်ကြံခံရတဲ့ ထိပ်တန်းအစိုးရခေါင်းဆောင်တွေထဲမှာ သီရိလင်္ကာသမတတဦးနဲ့ အိန္ဒိယဝန်ကြီးချုပ်ဟောင်း ရာဂျစ်ဂန္ဒီလည်း ပါဝင်ပါတယ်။ ရာဂျစ်ဂန္ဒီကို လုပ်ကြံခဲ့ခြင်းရဲ့ အဓိကအကြောင်းအရင်းကတော့ ရာဂျစ်ဂန္ဒီ ဝန်ကြီးချုပ်ဖြစ်နေချိန် အိန္ဒိယအစိုးရက တမီးကျားသူပုန်တွေ လက်နက်ဖြုတ်သိမ်းရေးမှာ ပါဝင်ပတ်သက်ခဲ့လို့ဖြစ်ပါတယ်။ တမီးကျားသူပုန်တွေ တော်လှန်ရေးစတင်စဉ်က အိန္ဒိယစစ်တပ်က စစ်သင်တန်းတွေပေးခဲ့တဲ့အချက်ကိုကြည့်ယင်ပဲ တမီးသူပုန်တွေကို အိန္ဒိယက ထောက်ခံတယ်ဆိုတာပေါ်လွင်ပါတယ်။ ဒါပေမဲ့ ရာဂျစ်ဂန္ဒီလက်ထက် သီရိလင်္ကာနဲ့ ၁၉၈၇ ခုနှစ်မှာ လက်မှတ်ရေးထိုးတဲ့သဘောတူစာချုပ်အရ တမီးသူပုန်တွေ လက်နက်ဖြုတ်သိမ်းရေးမှာ သီရိလင်္ကာအစိုးရကို ကူညီပေးတဲ့အနေနဲ့ အိန္ဒိစစ်သား လေးသောင်းခွဲ တမီးနယ်

မြေထဲစေလွှတ်ခဲ့ပါတယ်။ တမီးကျားသူပုန်တွေကလည်း ပြန်လည်တိုက်ခိုက်ခဲ့ကြပါတယ်။ အိန္ဒိယအကြံအစည်မအောင်မမြင်ဖြစ်ပြီး နောက်ဆုံး အိန္ဒိယစစ်တပ်တွေ ပြန်လည်ရုတ်သိမ်းခဲ့ရပါတယ်။ ရာဂျစ်ဂန္ဒီ ဝန်ကြီးချုပ်ရာထူးကပြုတ်ကျပြီး အတိုက်အခံပါတီခေါင်းဆောင်တဦးအနေနဲ့ တမီနာဒူးပြည်နယ် ရွေးချယ်တင်မြှောက်ပွဲစည်းရုံးရေးခရီးအတွင်း တမီးအမျိုးသမီးတဦးရဲ့ ပန်းစည်းဆက်သမှုခံယူစဉ် အမျိုးသမီးက အသေးခံဗုံးခွဲတိုက်ခိုက်တဲ့အတွက် ပွဲခြင်းပြီးသေဆုံးခဲ့ရပါတယ်။

ဒါကြောင့် တမီးသူပုန်ထမှုကိုပြောယင် သီရိလင်္ကာ ပြည်တွင်းရေးသက်သက်သာမက အိန္ဒိရဲ့ပတ်သက်မှုကိုလည်း ထည့်သွင်းစဉ်းစားကြရပါတယ်။ ရာဂျစ်ဂန္ဒီကို လုပ်ကြံသတ်ဖြတ်ခဲ့မိတာဟာ ဝမ်းနည်းကျေကွဲဖွယ် ဖြစ်ရပ်တခုလို့ ဧပြီလ(၁၁)ရက် သတင်းစာရှင်းလင်းပွဲအတွင်း တမီးသူပုန်ခေါင်းဆောင်က ထုတ်ဖေါ်ပြောဆိုပြီး အိန္ဒိယနဲ့ ရေရှည်မှာပြေလည်မှုရလိုတဲ့ သဘောဖွင့်ဟခဲ့ပါတယ်။

ယခင်က တမီးကျားသူပုန်တွေနဲ့ အစိုးရအကြား ငြိမ်းချမ်းရေး ပျက်ပြားခဲ့ဘူးတဲ့ သာဓကတွေရှိနေပေမဲ့ အခုတခါမှာတော့ ငြိမ်းချမ်းရေးတည်လိမ့်မယ်လို့ အကဲခတ်တွေက အကောင်းမြင်နေကြပါတယ်။ တမီးကျားသူပုန်အဖွဲ့နဲ့အစိုးရတို့ အခုလိုငြိမ်းချမ်းကမ်းလှမ်းချက်တွေဖြစ်လာရအောင် တွန်းပို့တဲ့နောက်ခံအကြောင်းအရင်းတွေရှိပါတယ်။ ပထမအချက်က တမီးကျားသူပုန်ပြသနာကို ဆွေးနွေးတဲ့နည်းနဲ့ အဖြေရှာမယ်လို့ကြွေးကျော်ထားတဲ့ United National Party (UNP) ပါတီ ယမန်နှစ်ဒီဇင်ဘာ ရွေးချယ်တင်မြှောက်ပွဲမှာ အနိုင်ရလာပြီး ပါတီခေါင်းဆောင် ရန်နေး–ဝီကရီမန်ဆင်ဂီ ဝန်ကြီးချုပ်ဖြစ်လာခြင်း၊ နော်ဝေးငြိမ်းချမ်းရေးတမန်တော်တွေက အောင်အောင်မြင်မြင် ကြားဝင်ညှိနှိုင်းပေးနိုင်ခြင်း၊ အမေရိကန်ပြည်ထောင်စုက ကမ္ဘာ့အကြမ်းဖက်အဖွဲ့တွေကို လိုက်လံရှင်းလင်းနေခြင်း၊ စတဲ့ အကြောင်းအရင်းတွေဖြစ်ပါတယ်။ တမီးကျားအဖွဲ့ဟာ အမေရိကန်ပြည်ထောင်စု၊ ယူနိုက်တက်ဒင်းဒမ်း၊ ကနေဒါ၊ ဩစတြေးလျနဲ့ အိန္ဒိယနိုင်ငံတွေက အကြမ်းဖက်အဖွဲ့လို့ သတ်မှတ်တာကိုခံထားရပါတယ်။ တမီးတွေလိုချင်တဲ့ လွတ်လပ်တဲ့ နိုင်ငံတည်ထောင်ရေးကို စစ်ရေးအရလုပ်ဆောင်ဖို့လက်တွေ့မကျမှန်း တမီးကျားအဖွဲ့ကသိလာလို့ဖြစ်နိုင်သလို ကမ္ဘာ့နိုင်ငံရေးအခြေအနေ အပြောင်းအလဲတွေကြောင့် အစိုးရနဲ့ငြိမ်းချမ်းရေး တည်ဆောက်ကာလိုချင်တဲ့နိုင်ငံရေးရည်မှန်းချက်ရရှိအောင် ဆွေးနွေးဖို့ပြင်လာတာလို့လည်း အကဲခတ်တွေက သုံးသပ်ပါတယ်။

အစိုးရနဲ့ တမီးကျား သူပုန် နှစ်ဖက်စလုံးက ငြိမ်းချမ်းရေးစကားပြောနေကြပေမဲ့ ငြိမ်းချမ်းရေးခရီးစဉ်က အခုထက်ထိ မစရသေးပါဘူး။ ထိုင်းနိုင်ငံမှာ ဆွေးနွေးပွဲတွေ ဆက်လုပ်ဖို့ သဘောတူထားးကြပါတယ်။ အစိုးရနဲ့ ဆွေးနွေးတဲ့လမ်းကို ရွေးချယ်ပေမဲ့ တမီးနိုင်ငံတည်ထောင်ရေးတောင်းဆိုချက်ကို အလျှော့မပေးသေးကြောင်း တမီးကျားခေါင်းဆောင် ဗွီလူပီလိုင်–ဖရာဖကာရန် က ပြောထားပါတယ်။ ဒါပေမဲ့ အစိုးရဖက်ကလည်း တမီးနိုင်ငံတည်ထောင်ရေးဆိုတာကိုလက်ခံဖို့ထက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်မြင့်မားတဲ့ ဒေသန္တရအစိုးရပုံစံကိုသာ ကမ်းလှမ်းနိုင်လိမ့်မယ်လို့ အကဲခတ်တွေက ယူဆနေပါတယ်။ ဘာပဲပြောပြော ကမ္ဘာ့လက်သံအပြောင်ဆုံးစာရင်းဝင် ပြောက်ကျားသူပုန်အဖွဲ့တခုနဲ့ သီရိလင်္ကာအစိုးရတို့ဟာ ကမ္ဘာ့နိုင်ငံအများစုမှာ လုပ်နေကြအတိုင်း ဆွေးနွေးတဲ့နည်းနဲ့ နိုင်ငံရေးကွာဟမှုတွေကို ညှိနှိုင်းကြတာကိုတော့ ကမ္ဘာ့အသိုင်းအဝိုင်းက ကောင်းချီးသြဘာပေးနေမှာကတော့ အမှန်ပါပဲ။ ။

အခြေခံဥပဒေရေးရာ

# သီရိလင်္ကာအခြေခံဥပဒေနှင့် အကောင်အထည်ဖော်မှုလျော့ရဲခြင်း

ဝင်းမောင်

သီရိလင်္ကာနိုင်ငံသည် ၁၉၇၈ ခုနှစ်အခြေခံဥပဒေ ပြဋ္ဌာန်းလိုက်ကတည်းက မင်းမဲ့စနစ်ဆီသို့ဦးတည်လာခဲ့သည်။ ထိုသို့ ဦးတည်လာခဲ့ခြင်းမှာ ထူးဆန်းသောအခြေအနေအရ ဖြစ်ရခြင်းသော်လည်းကောင်း၊ နိမိတ်ဆိုးကြောင့်သော်လည်းကောင်း ဖြစ်ရခြင်းမဟုတ်ဘဲ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယုတ္တိတန်သော အစိုးရစနစ် ပျောက်ကွယ်သွားစေသည့် အတွက်ကြောင့်ဖြစ်သည်။ ထိုအခြေခံဥပဒေကို အခြေခံဥပဒေဆိုင်ရာရှုဒေါင့်နှင့် နိုင်ငံရေးသိပ္ပံဆိုင်ရာရှုဒေါင့်များမှ ဝေဖန်မှုအတော်အတန်ရှိခဲ့သည်။ ဤဆောင်းပါးသည် ဥပဒေအကောင်အထည်ဖော်ပေးရသည့် အဖွဲ့အစည်းများအား ၁၉၇၈ ခုနှစ် အခြေခံဥပဒေက မည်သို့အခက်အခဲဖြစ်စေခဲ့သည်ကို ဖော်ပြရန် ရည်ရွယ်သည်။

၁၉၇၈ ခုနှစ် အခြေခံဥပဒေသည် တက်လာသော သမ္မတကိုအကြွင်းမဲ့အာဏာရှိစေပြီး ဥပဒေကို အကောင်အ ထည်ဖော်ပေးရသည့် အရေးအပါဆုံးသော အဖွဲ့အစည်းကြီး ၂၃ ၏အာဏာကို မှေးမှိန်သွားစေခဲ့သည်။ ထိုအဖွဲ့အစည်း ၂၃မှာ သီရိလင်္ကာနိုင်ငံ၏ တရားစွဲဆိုခြင်းကိစ္စကို အဓိကဆောင်ရွက်ပေးရသော ရှေ့နေချုပ်ဌာနနှင့် ပုလိပ်ဌာနတို့ဖြစ်သည်။ ထိုအဖွဲ့အစည်းများသည် သမ္မတ၏ သြဇာအောက်သို့ရောက်ရှိသွားခဲ့ရာ ထိုအဖွဲ့အစည်းများ၏ လွတ်လပ်မှု ထိခိုက်ခံခဲ့ကြရသည်။ ရှေ့နေချုပ်ဌာန၏တရားစွဲခြင်းလွတ်လပ်မှုနှင့် ပုလိပ်ဌာန၏ စုံစမ်းထောက်လှမ်းခြင်း လွတ်လပ်မှုတို့မှာ သမ္မတ၏ဆန္ဒနှင့် ညွှန်ကြားချက်များကို ဦးစားပေးလာရသည်။ ဤအနေအထားကို အခွင့်ကောင်းယူလျက် သြဇာရှိသော နိုင်ငံရေးသမားများကလည်း ထိုဌာနများအပေါ် တိုက်ရိုက်သော်လည်းကောင်း၊ သမ္မတမှ တဆင့်သော်လည်းကောင်း၊ ထိန်းချုပ်စပြုလာတော့သည်။ ရာဇဝတ်မှုခင်းများ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်း ဆိုင်ရာဆုံးဖြတ်ချက်များသည်လည်း ဥပဒေနှင့်အညီဟူသော မူများအပေါ်အခြေခံသည့် လုပ်ငန်းစဉ်အဖြစ် မရှိတော့ပေ။ မူစည်းကမ်းများအစား ပြင်ပမှသြဇာလွှမ်းမှုများကို လမ်းဖွင့်ပေးခဲ့သည်။

# တရားစွဲဆိုမှုလုပ်ငန်းများ

တရားလိုရှေ့နေများ၏ တာဝန်မှာ ၄င်းတို့အားအပ်နှင်းထားသည့် တာဝန်ပေါ်အခြေခံလျက် ဥပဒေနှင့်အညီဖြစ်စေ ခြင်းတည်းဟူသောမှုကို ထိန်းသိမ်းရန်ဖြစ်သည်။ အစိုးရရှေ့နေသည် ရာဇဝတ်မှုဆိုင်ရာ စည်းမျဉ်းသတ်မှတ်ထားချက်များကို အသုံးပြုလျက်သက်သေအထောက်အထားများကို စစ်ဆေးရမည်၊ ပစ်မှုကျူးလွန်သည်ဟု ခိုင်လုံသောသက်သေအထောက်အထားများရရှိလျှင် တရားစွဲတင်ရမည်။ ထိုသို့ဆောင်ရွက်နိုင်ရန် ရှေ့နေတွင် ဥပဒေဆိုင်ရာအာဏာများ သာမက လက်တွေ့လုပ်ပိုင်ခွင့်အာဏာများပါ ရှိရပေသည်။

သီရိလင်္ကာနိုင်ငံ၏ ၁၉၇၈ ခုနှစ်အခြေခံဥပဒေသည် ရှေ့နေချုပ်၏ဆောင်ရွက်ပိုင်ခွင့်အပေါ် ဥပဒေဆိုင်ရာအာဏာ အပြောင်းအလဲမရှိပေ။ သို့သော်လည်း ရှေ့နေချုပ်၏လက်တွေ့ကျင့်သုံးမှုအာဏာကို ပြောင်းလဲစေခဲ့သည်။ အခြေခံဥပဒေအရ သမ္မတတွင် အာဏာအပြည့်အဝ ရှိစေသည်ဖြစ်၍ သမ္မတသည် ဌာနအဖွဲ့အစည်း (Institutions)များ၏ အမည်ခံဦးဆောင်သူ မဟုတ်တော့ဘဲ လက်တွေ့ဦးဆောင်သူဖြစ်လာသည်။ ထို့ကြောင့် သမ္မတသည် တရားစွဲဆိုရေးဌာန (prosecution branch)တွင်လည်း ဦးဆောင်သူဖြစ်လာခဲ့သည်။ သို့ဖြင့် သမ္မတ ကရှေ့နေချုပ်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများအပေါ် ဩဇာလွှမ်းနိုင်လာ ခဲ့သည်။

ရှေ့နေချုပ်သည် လက်တွေ့အားဖြင့် ဌာန၏အကြီးအကဲမဟုတ်တော့ဘဲ သဘောတရားအားဖြင့်သာ အကြီးအကဲ ဖြစ်သည်ဟုဆိုနိုင် ပါသည်။ ထို့ကြောင့်၄င်းအား အကြီးအကဲအဖြစ်လည်း မမြင်ကြတော့ပေ။ ၄င်း၏လက်အောက်ခံ ဌာနနှင့်လူထုကလည်း ရှေ့နေချုပ်၏ အာဏာအစစ်အမှန် မည်သည့်အဆင့်တွင်ရှိသည်၊ မည်သည့်အဆင့်တွင်မရှိကြောင်းသဘောပေါက်လာကြသည်။ သို့သော် လက်တွေ့တွင်သမ္မတသည် ရှေ့နေချုပ်ဌာနကို တာဝန်ယူလည်ပတ် နိုင်စွမ်းမရှိပေ။ ရှေ့နေချုပ်တွင် နေ့စဉ်လုပ်ငန်းတာဝန်များစွာရှိသည်။ သမ္မတသည် ရှေ့နေချုပ်တာဝန်ကိုဝင်ဆောင်ရွက်ရန် အချိန်လည်းမရ၊ ထိုတာဝန်များကို အာရုံစိုက်နိုင်စွမ်းလည်းမရှိပေ။ ထို့ကြောင့် ရှေ့နေချုပ်ဌာန၏ အနေအထား မှာလျော့တိလျော့ရဲ ဖြစ်လာရတော့သည်။ တဘက်တွင် တရားစွဲဆိုရေးတာဝန်ကိုဆောင်ရွက်ရသော ရှေ့နေချုပ်တွင် လက်တွေ့အာဏာ မရှိပေ။ အခြားတဘက်၌ လက်တွေ့တွင်အာဏာရှိနေသော သမ္မတသည် ရှေ့နေချုပ်တာဝန်များကို အာရုံစိုက်ထမ်းဆောင်နိုင်သော အနေအထားမရှိပေ။ ထို့ကြောင့် နိုင်ငံတော်အတွင်း ရှေ့နေချုပ်၏လုပ်ငန်းလည်ပတ်မှု ပျက်ပြားလာသည့် အကျိုးဆက်ဖြစ်လာရ တော့သည်။ တရားဥပဒေ စိုးမိုးရေးအတွက် တိုင်းပြည်တွင် မရှိမဖြစ်လိုအပ်သော ဤဌာနအတွင်း ဟာကွက်တခုကြီးထွားလာတော့သည်။

ပုလိပ်ဌာနတွင်လည်း အဆိုပါအတိုင်းဖြစ်ခဲ့ရသည်။ တရားဥပဒေစိုးမိုးမှုရှိရေးအတွက် စံပြပုလိပ်ဌာနအတွင်း နောက်ဆုံးအဆုံးအဖြတ်ပေးရသော အထွေထွေညွှန်ကြားရေးမှူးတွင်လက်တွေ့အာဏာမရှိတော့ပေ။ ၄င်းအားထောက်အကူပြုရသည့် လက်ထောက်ညွှန်ကြားရေးမှူးများသည်လည်း ဌာန၏အဓိကတာဝန် ထမ်းဆောင်ရသူများမဟုတ်တော့ပေ။ ပုလိပ်ဌာန၏ အမှန်တကယ် အဆုံးအဖြတ်ပေးရသော လုပ်ငန်းစဉ်တွင်လည်း ဟာကွက်

တရပ် ကြီးထွားလာတော့သည်။ သို့ဖြစ်၍ တရားဥပဒေစိုးမိုးရေးကိုဖေါ်ဆောင်သည့် အခြားဌာနတခုဖြစ်သော ပုလိပ်ဌာနတွင်လည်း လုပ်ငန်းလည်ပတ်မှုချောမွေ့စေသည့် ဦးဆောင်မှုကဏ္ဍ ပျောက်ဆုံးလာတော့သည်။

## ၁၉၇၈ ခုနှစ် အခြေခံဥပဒေနှင့် ဥပဒေကင်းမဲ့မှု

ဥပဒေကို အကောင်အထည်လိုက်လံဖေါ်ပေးရသော အရေးကြီးသည့်ဌာနများဖြစ်သော ရှေ့နေချုပ်ဌာနနှင့် ပုလိပ်ဌာန တို့၏လက်တွေ့အားဖြင့် ဦးဆောင်မှုပျောက်လာသည့်အခါ ဖြစ်နိုင်သောအကျိုးဆက်မှာ ဥပဒေကင်းမဲ့ခြင်း ဖြစ်ပေမည်။ သီရိလင်္ကာနိုင်ငံတဝှမ်းတွင် ဤအကျိုးဆက်စိမ့်ဝင်မှု ဖြစ်ပေါ်လာနေသည်။ ပုလိပ်ဌာနနှင့် ရှေ့နေချုပ်တို့က လုပ်ငန်းစဉ်တချို့၌ တာဝန်ထမ်းဆောင်လျက်ရှိနေကြသော်လည်း ၄င်းတို့တွင်လက်တွေ့အာဏာမရှိသည့်အတွက် ဥပဒေအကောင်အထည်ဖေါ်မှုကို အမြဲဒုက္ခပေးတတ်သော အခြေခံပြဿနာများကို တင်ပြနိုင်ကြခြင်းမရှိပေ။

ဤသည်မှာ ၁၉၇၈ ခုနှစ်အခြေခံဥပဒေ၏ တိုက်ရိုက် အကျိုးသက်ရောက်မှုဖြစ်သည်။ ကောင်းမွန်သော အခြေခံဥပဒေအောက်၌ပင် အခြေခံဥပဒေကို အကောင်အထည်မဖေါ်ကြသည့်သူများကြောင့် အခြေအနေဆိုးများဖြစ်ပေါ် တတ်သည်။ ၁၉၇၈ ခု အခြေခံဥပဒေအဆောက်အအုံအတွင်း ဥပဒေမဲ့ဖြစ်နေမှုကို အကောင်းဆုံးသူများသည်ပင်လျှင် ကာကွယ်ဆောင်ရွက်နိုင်ခြင်း မရှိပေ။ ဤသည်မှာ ၄င်းတို့သည် ၄င်းတို့၏တာဝန်များကို မှန်ကန်စွာ ထမ်းဆောင်ရန်အလို့ငှာ ဖြစ်နိုင်မည်မဟုတ်ကြောင်း မြင်ကြသည်။ ထိုကြောင့် ထိုတာဝန်များယူလိုခြင်း မရှိ၍ ဖြစ်ဟန်တူသည်။

၁၉၇၈ ခုနှစ် အခြေခံဥပဒေသည် ဥပဒေစိုးမိုးရေးကိုထိန်းသိမ်းရန် မရှိမဖြစ်လိုအပ်သည့်ဌာနများကို ရှုတ်ထွေးစေသော အဓိပ္ပါယ်မဲ့သည့် အခြေခံဥပဒေသာဖြစ်သည်။ ၁၉၄၈ အခြေခံဥပဒေကတော့ ၁၉၇၈ အခြေခံဥပဒေနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ ၁၉၄၈ ခုအခြေခံဥပဒေသည် လစ်ဘရယ်ဒီမိုကရေစီစနစ်အတွက် အခြေခံအဆောက်အအုံကို အကန့်အသတ်များဖြင့် ပြဋ္ဌာန်းပေးခဲ့သည်။ အနာဂတ်ဖွံ့ဖြိုးရေးအတွက် အလုံအလောက်မဟုတ်သော်လည်း တရားဥပဒေ စိုးမိုးရေးကိုအခြေပြုသည့်လူ့အဖွဲ့အစည်းအတွက် ယုတ္တိဗေဒဆိုင်ရာနှင့် အခြေခံဥပဒေဆိုင်ရာ ဆောက်အအုံကို ပြဋ္ဌာန်းပေးသည့် အခြေခံအုတ်မြစ်ကို ၁၉၄၈ ခုနှစ်အခြေခံဥပဒေက ချပေးခဲ့သည်။ တရားဥပဒေစိုးမိုးရေးအတွက် မရှိမဖြစ်လိုအပ်သော အဆောက်အအုံကို ပြဋ္ဌာန်းပေးသည့် ၁၉၄၈ ခုနှစ်နှင့် ၁၉၇၂ ခုနှစ်အခြေခံဥပဒေများကို ဖယ်ရှားလိုက်ကြသည့် ၁၉၇၈ ခုနှစ်အခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းသူများသည် ချို့ယွင်းချက်တစုံတရာရှိနေသော နာရီတလုံးကို ပြင်ရန်အတွက် နာရီတလုံးလုံးကို ဖျက်ဆီးပစ်လိုက်သော နာရီပြင်သမားနှင့်တူနေပေသည်။

၁၉၇၈ ခုနှစ်မှ အခြေခံဥပဒေ ဆိုင်ရာအကြပ်အတည်းများပေါ်လာခဲ့သည်။ တိုင်းပြည်အတွင်း ကမောက်မဖြစ်စေသည့် ဤအခြေခံဥပဒေပြဋ္ဌာန်းပြီးသည့်နောက်မှ အထက်တွင်ဖေါ်ပြသော ဟာကွက်များဖြစ်ပေါ်လာခြင်းမဟုတ်ပေ။ ဤအခြေခံဥပဒေကသာ အဆိုပါအဖြစ်အပျက်များကို မလွဲမသွေ ဖြစ်ပေါ်စေခဲ့ခြင်းဖြစ်သည်။

ဤအခြေခံဥပဒေအောက်တွင် တရားဥပဒေပြန်လည်စိုးမိုးရေး ပြောဆိုရန်မှာ မဖြစ်နိုင်ပေ။ တရားဥပဒေ စိုးမိုးရေးကိုဖေါ်ဆောင်ရာတွင် အလွန်အရေးပါသောအဆိုပါ ဌာန ၂ ခုအား အမှန်တကယ်အာဏာများပေးထားသည့် အခြေခံဥပဒေကို အလျှင်အမြန်ဖန်တီးရန်သာလိုအပ် ပါသည်။ အဆိုပါဌာနများ၏ အာဏာတလွဲအသုံးချမှုကို သင့်တင့်လျောက်ပသော ကန့်သတ်မှုများဖြင့် တားဆီးနိုင်ပါသည်။ သို့သော် အာဏာအလွဲသုံးသည်ဖြစ်စေ၊ အလွဲမသုံးသည်ဖြစ်စေ ထိုဌာနများတွင် ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို အမှန်တကယ် ဆောင်ရွက်နိုင်ခြေရှိစေရန် လိုအပ်သည်။

## ဥပဒေအကောင်အထည်ဖေါ်ပေးရသည့်ဌာနများအားနည်းချက်

၂၀၀၁ ခုနှစ် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင် (UNCHR)၅၇ ကြိမ်မြောက် ညီလာခံတွင် အာရှလူ့အခွင့်အရေးကော်မရှင်နှင့် ညီအစ်ကိုတော် အဖွဲ့အစည်းဖြစ်သည့် အာရှဥပဒေရေးရာအဖွဲ့ (Asian Legal Resource Center, ALRC)သည် သီရိလင်္ကာ၏ တရားစွဲဆိုခြင်းနှင့် ရာဇဝတ်မှုခင်းဆိုင်ရာ စုံစမ်းထောက်လှမ်းခြင်းစနစ်များနှင့် စပ်လျဉ်းသောအဆိုကို တင်သွင်းခဲ့ပါသည်။ ထိုညီလာခံ၌ အထက်တွင်ဖေါ်ပြသောကိစ္စရပ်များကို စတင်ဆွေးနွေး ခဲ့ကြသည်။

ထိုသို့ဆွေးနွေးခဲ့ကြပြီး မကြာမီတွင် ALRC အားသီရိလင်္ကာ အဆင့်မြင့်သံအရာရှိတဦးက ခေါ်ယူဆွေးနွေးခဲ့ပါသည်။ ထိုသံအရာရှိက ALRC ၏တင်ပြချက်ကို အလေးအနက်လေ့လာပြီး ဆက်လက်စဉ်းစားထိုက်သော အချက်များအဖြစ် ယူဆခဲ့သည်။ ALRC အနေဖြင့် မည်သည့်အစိုးရအေဂျင်စီ သို့မဟုတ် အစိုးရတွင်းမည်သည့် ပုဂ္ဂိုလ်ကအထက်ပါ အဆိုပြုတင်ပြချက်များ စဉ်းစားလိမ့်မည်ဟု ထင်ပါသလဲဟု အဆိုပါ အရာရှိကမေးခွန်းထုတ်ခဲ့ပါသည်။ ALRC ကိုယ်စားလှယ်များအနေဖြင့် အစိုးရအတွင်းမည်သည့်အုပ်စု၊ မည်သည့်အေဂျင်စီကမျှ အဆိုပါတင်ပြချက်များကို စဉ်းစားမည်ဟု မမြင်မိကြောင်း ဝန်ခံခဲ့ပါသည်။ ၎င်းတို့က သီရိလင်္ကာ အစိုးရအဖွဲ့ထဲတွင် သုတေသနအဖွဲ့များ၊ အကြံပေးအဖွဲ့များမရှိခြင်းသည် အဓိကချို့ယွင်းချက်ဖြစ်ကြောင်း ထောက်ပြကြပါသည်။ ပြည်သူများက ၎င်းတို့ဖြစ်စေခြင်သည့် မည်သည့်အကြံကိုမဆိုပေးကြသည်။ သို့သော် ထိုအကြံပေးချက်များကို ထည့်သွင်းစဉ်းစားမည့် သူက မရှိပေ။ အကြံပြုတင်ပြချက်များကို အကျိုးသင့်အကြောင်းသင့်စဉ်းစားပြီးမှ ပယ်ချကြသည်ဆိုလျှင်မူ ပိုမိုကောင်းမွန်သော အဆိုပြုချက်များ ပေးလာနိုင်စရာ အလားအလာရှိပေ သေးသည်။ သို့သော် မည်သူမျှပင်စဉ်းစားထဲမထည့်ပါက တိုးတက်မှုအလားအလာမှာ ရှိတော့မည်မဟုတ်ပေ။ ဤသို့ဆိုပါက တဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းနှင့် သော်လည်းကောင်း တစုံတခုဖြစ်ပေါ်စေရန်မျှော်လင့်ချက်မထားဘဲ အဆိုပြုတင်ပြခြင်းမှာ စိတ်ပိုင်းဆိုင်ရာဝတ္တရားကို ဆောင်ရွက်ခြင်းမျှသာဖြစ်ပေမည်။ တခုခု အကျိုးသက်ရောက်လာစေရန်မှာမူ အုပ်ချုပ်ရေးစနစ်တိုးတက် စေမည့်နည်းလမ်းများကို စဉ်းစားစီစဉ်လုပ်ဆောင် ရမည်သာ။

တရားစွဲဆိုခြင်းနှင့် ရာဇဝတ်မှုခင်းဆိုင်ရာ စုံစမ်းထောက်လှမ်းခြင်းစနစ်များ တိုးတက်လာစေရန် အဆိုပြုတင်ပြချက်များကို စိတ်ဝင်စားစွာဆောင်ရွက်ပေးမည့် တက်ကြွသည့်အ

ဖွဲ့အစည်း များကင်းမဲ့သွားခြင်းမှာလည်း အထက်ကဖော်ပြခဲ့သည့်နည်းတူ ၁၉၇၈ ခုနှစ် အခြေခံဥပဒေ၏ သက်ရောက်မှုပင်ဖြစ်သည်။

## ပုံစံပျက်ခြင်းသည် သုခဘုံပျောက်ဆုံးခြင်းမဟုတ်

၁၉၇၈ ခုနှစ်အခြေခံဥပဒေသည် အာဏာလစ်ဟာ မှုကိုဖြစ်စေခဲ့သည်။ ထိုဥပဒေပြဋ္ဌာန်းပြီးနောက်တွင် လူများစွာတို့က ထိုအခြေခံဥပဒေသည် လူတဦး၏လက်ထဲတွင်အာဏာများစုပြုံထားသည့်အပြင် စည်းမျဉ်းခံ အာဏာရှင်စနစ်ကို ဖန်တီးပေးသည့်အခြေခံဥပဒေဖြစ်ကြောင်း ဝေဖန်ပြောဆိုကြသည်။ သို့သော် အခြားသူများ၏ အစောပိုင်းက အသုံးပြုခွင့်ရနေသော အာဏာများကို ဖယ်ရှားခဲ့သော်လည်း၊ သမ္မတ လက်ထဲတွင် အဆိုပါအာဏာအားလုံး ရောက်ရှိမသွားကြောင်း အတွေ့အကြုံများမှ သက်သေပြလျှက်ရှိသည်။ သမ္မတသည် အာဏာအားလုံးကို ကိုင်တွယ်နိုင်လောက်အောင် လက်လှမ်းမမီပေ။ ထိုကြောင့်ဖြစ်ပေါ်လာသော အကျိုးဆက်မှာ အာဏာအများအပြားသုံးစွဲရန်တာဝန်သည်မည်သူတဦးတယောက်ထံတွင်မှ မရှိတော့ခြင်းဖြစ်သည်။ အုပ်ချုပ်ရေးစနစ်၏ဗဟိုချက်မတွင် ဟာကွက်ကြီးဖြစ်ခဲ့ ရသည်။ ထို့ကြောင့် ၁၉၇၈ ခုနှစ် အခြေခံဥပဒေကိုကြည့်လျှင် ၄င်းဘာကိုဖန်တီးလိုသလဲဆိုတာ သာမက ဘာကိုဖယ်ရှားလိုက်သလဲဆိုတာလည်း အရေးကြီးသည့် အချက်ဖြစ်သည်။ ၄င်းသည် ၁၉၄၈ ခုနှစ် အခြေခံဥပဒေက ဖေါ်ဆောင်ခဲ့သည့် လစ်ဘရယ်ဒီမိုကရေစီ အုပ်ချုပ်ရေးအဆောက်အအုံအား ဖယ်ရှားခဲ့သည်။

နိုင်ငံတိုင်းတွင် ၄င်းတို့၏အုပ်ချုပ်ရေးစနစ်ကို ၄င်းတို့ဆုံးဖြတ်နိုင်ခွင့်ရှိသည်ဆိုခြင်းမှာ အမှန်ပင် အကျိုးအကြောင်း ညီညွတ်မှုရှိပါသည်။ ဤသည်မှာ အုပ်ချုပ်ရေးကို မူလအခြေခံမှ ပုံစံပြောင်းလိုက်ခြင်းကို ရည်ညွှန်းပါသည်။ အကယ်၍ မူလအခြေခံအုတ်မြစ်အားဖယ်ရှားပစ်ပြီးတစုံတရာဖြင့် အစားပြန်မထိုးလျှင် ဤသည်ကို အခြားသောအုပ်ချုပ်ရေးပုံသဏ္ဍာန်တခုဟု မဆိုနိုင်တော့ပါ။ မင်းမဲ့ဝါဒဟုသာဆိုနိုင်ပါသည်။ အုပ်ချုပ်ရေးပုံသဏ္ဍာန်တခုရှိခြင်းသည် မင်းမဲ့ဝါဒထက်တော့ ပိုကောင်းပါသည်။ အုပ်ချုပ်ရေးလစ်ဟာမှုသည် အိမ်တွင်းဖြစ် ဘေးကပ်ဆိုးတခုဖြစ်၍ ချီးမွမ်းသည့်သဘော ပြောဆိုခြင်းမှာ ဆီလျော်မှုမရှိပါ။

အခြေခံဥပဒေကဖန်တီးခဲ့သော အာဏာလစ်ဟာမှုကို မပြောလျှင် ၁၉၇၈ ခုနှစ်ကတည်းက ဖြစ်ပွားခဲ့သည့် သီရိလင်္ကာ ပြည်တွင်းပဋိပက္ခကို နားလည်သဘောပေါက်နိုင်မည်မဟုတ်ပေ။ တောင်ပိုင်းရောမြောက်ပိုင်းတွင်ပါ ဖြစ်ပွားသည့်ပဋိပက္ခမှာ ၁၉၈၇ ခုအခြေခံဥပဒေကြောင့် ဖြစ်ပွားရခြင်းမဟုတ်ဘဲ ၄င်းတို့ကိုယ်တိုင်၌ သမိုင်းကြောင်းအမြစ်တွယ်မှုရှိနေခဲ့၍ဖြစ်သည်။ သို့သော်ငြားလည်း ၁၉၇၈ အခြေခံဥပေဒ၏ အထက်ဖေါ်ပြပါအကြောင်းအချက်များကြောင့် ထိုပဋိပက္ခကိုဖြေရှင်းနိုင်သည့် အနေအထား မရောက်ခဲ့ပေ။

## ကံကြမ္မာအပြောင်းအလဲ

သီရိလင်္ကာသည် အာဏာလစ်ဟာမှုကို ဆီလျော်သောအာဏာ ခွဲဝေကျင့်သုံးသည့်

စနစ်ဖြင့်အစားထိုးရန် လိုအပ်နေပေသည်။ ထိုသို့အစားထိုးရန်မှာ ၁၉၇၈ ခုနှစ် အခြေခံဥပဒေအား ပယ်ဖျက်မှသာလျှင်ဖြစ်နိုင်သည်။ ၁၉၇၈ ခု အခြေခံဥပဒေသည် နိုင်ငံတော်အားဘေးဒုက္ခဖြစ်စေခဲ့ကြောင်း သာမန်အားဖြင့် သဘောပေါက်နားလည် မိကြသော်လည်း အထက်တွင်ဖော်ပြသောအကြောင်းတရားများကို မည်သည့်နိုင်ငံရေးပါတီ၊ မည်သည့်ခေါင်းဆောင်ကမျှ ယခုအထိ အလေးထားခြင်း မရှိကြပေ။ ဤသဘောပေါက်နားလည်မှုသည်ပိုမိုပီပြင်လာသောအခါမှသာ အကျိုးဖြစ်ထွန်းစေသည့် အစိုးရပုံစံတရပ် ပြတ်ပြတ်သားသားဖေါ်ဆောင်ရေးအဆင့်ကို တမျိုးသားလုံး၏ တူညီသည့်သဘောထားတရပ် ရရှိလာမည်ဖြစ်သည်။ ဤသည်မှာ ဘေးဒုက္ခမှလွတ်မြောက်ရေးဖြစ်၍ ကျွန်ုပ်တို့ခန့်မှန်းသည်ထက် ပိုစောစွာ အစိုးရပုံစံသစ်တရပ်ပေါ်ပေါက်လာမည့် အလားအလာရှိပေသည်။ အခြားကိစ္စရပ်အနက် ပြည်တွင်းပဋိပက္ခ၏ အကျိုးအကြောင်းနှင့် လျှော်ညီသောအဖြေရရန်မှာ အခြေခံဥပဒေအား ပြတ်ပြတ်သားသား ပြောင်းလဲပစ်ရေးအပေါ် တွင် မူတည်ပါသည်။ အခြေခံဥပဒေပြောင်းလဲသည့် အချိန်အထိ ဥပဒေအကောင်အထည်ဖေါ်ရေးစနစ်သည် မကြာသေးမီက တရားရုံးချုပ်အမှုတခုတွင် တရားသူကြီးသုံးဦးတို့ ပြောဆိုခဲ့သည့်အနေအထားမျိုး၌ ရှိကောင်းရှိနေဦးမည်သာ။ ၄င်း တို့ပြောခဲ့သည်မှာ–

> ဒီနိုင်ငံရဲ့ သာမန်နိုင်ငံသားတွေကို အကာအကွယ်ပေးရမည့် ပုလိပ်များဟာ ဥပဒေချိုးဖေါက်သူတွေဖြစ် လာနေတာဖြင့် ဝမ်းနည်းစရာကောင်းတဲ့အချက်တွေပါ၊ လုံခြုံရေးအစောင့်များဟာ သူတို့ကိုယ်သူတို့ ကာကွယ်ဖို့လား ဆိုတာမေးရတော့မှာဖြစ်ပါတယ်။

(Asian Legal Resource Center နှင့် Human Rights SOLIDARTY တို့ပူးတွဲထုတ်ဝေသော ပြည်ပြည်ဆိုင်ရာ ပြည်သူရေးရာနှင့်နိုင်ငံရေးအခွင့်အရေးစာချုပ် အပိုဒ် ၂ စာစောင် ၂၀၀၂ ခုနှစ် ဖေဖေါ်ဝါရီလ အတွဲ ၁ အမှတ် ၁ မှ Basil Fernando ရေးသားသည့် *Behold the Throne of Anarchy: The Sri Lankan Constitution and failure of law enforcement agencies* ကို ဘာသာပြန်ဖေါ်ပြခြင်းဖြစ်ပါသည်။)

**အခြေခံဥပဒေရေးရာ**

# အခြေခံဥပဒေရေးရာသတင်းအတိုအထွာများ

မှတ်တမ်းနှင့် သုတေသနဌာန
မြန်မာနိုင်ငံရှေ့နေများကောင်စီ

## ဖီဂျီအစိုးရအသစ် ဖွဲ့စည်းအုပ်ချုပ်ပုံနှင့်မညီ

တောင်ပိစိဖိတ်ကျွန်းနိုင်ငံတစ်ခုဖြစ်သော ဖီဂျီနိုင်ငံတွင် တရားရုံးချုပ်က လက်ရှိအစိုးရသစ်တွင် ယခင်အစိုးရ၏ပါတီအား ထည့်သွင်းဖွဲ့စည်းရန် ဖေဖော်ဝါရီလ ၁၅ ရက်နေ့က ဆုံးဖြတ်လိုက်ပါသည်။ ထိုဆုံးဖြတ်ချက်အပေါ် ၂၀၀၁ ခုနှစ် စက်တင်ဘာလတွင်းကကျင်းပခဲ့သည့်ရွေးကောက်ပွဲတွင်အနိုင်ရရာမှ ဝန်ကြီးချုပ်ဖြစ်လာသော လိုက်စီနီယာ–ကာရာစီ (Laisenia Qarase) က ၎င်း၏ဖီဂျီဌာနေလူမျိုးများပါတီအစိုးရတွင် ဝန်ကြီးချုပ်ဟောင်း မဟန်ဒရာ–ချောင်ဒရီ (Mahendra Chaudhry) ၏ ဖီဂျီအလုပ်သမားပါတီပါဝင်ခြင်းသည် တိုင်းပြည်အတွက် ကောင်းမွန်မှုမရှိကြောင်း၊ ချောင်ဒရီအနေဖြင့် အတိုက်အခံအဖြစ်သာရှိသင့်ကြောင်းဆိုကာ ငြင်းဆန်ခဲ့သည်။

၂၀၀၁ခုနှစ် စက်တင်ဘာလအတွင်းကကျင်းပခဲ့သောရွေးကောက်ပွဲသည် ၂၀၀၀ ခုနှစ် မေလအတွင်းက စီးပွားရေးသမား ဂျော့–စပိတ် (Gorge Speight) ၏အာဏာသိမ်းမှုအပြီး ပထမဆုံးအကြိမ်ကျင်းပသောရွေးကောက်ပွဲဖြစ်သည်။ ထိုရွေးကောက်ပွဲတွင် ပါတီမန်အမတ်နေရာ ၇၁ နေရာအနက် အစိုးရဟောင်း၏ အလုပ်သမားပါတီက နေရာ ၂၇ နေရာရရှိခဲ့ပြီး လိုက်စီနီယာ–ကာရာစီ၏ ဖီဂျီဌာနေလူမျိုးများပါတီက ၃၁ နေရာဖြင့်အနိုင်ရရှိကာ ၎င်းပါတီတစ်ခုတည်းဖြင့် အစိုးရဖွဲ့ခဲ့ပါသည်။ ဖီဂျီနိုင်ငံတွင် ဖီဂျီဌာနေလူမျိုး ၅၁ ရာခိုင်နှုန်းနှင့် အိန္ဒိယအနွယ်ဝင် တိုင်းရင်းသား ၄၄ ရာခိုင်နှုန်းခန့်နေထိုင်လျက်ရှိရာ လူဦးရေအချိုးအစားသိပ်မကွာလှသော ထိုလူမျိုးစုနှစ်ခုအကြား အာဏာခွဲခြမ်းခွင်လျာထိန်းညှိနိုင်ရန် ၁၉၉၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပုံဖော်ရေးဆွဲထားကြခြင်းဖြစ်သည်။

ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင်တော့ နိုင်ငံတကာတရားသူကြီး ၅ ဦးပါဝင်သည့် ဖီဂျီနိုင်ငံအယူခံရုံးက ၂၀၀၁ ခုနှစ် ရွေးကောက်ပွဲအပြီးဖွဲ့စည်းသောအစိုးရသည့် ဖီဂျီနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိကြောင်း၊ ၂၀၀၀ ခုနှစ် အာဏာသိမ်းပြီးနောက် ဖြုတ်ချခြင်းခံလိုက်ရသည့် ဖီဂျီအလုပ်သမားပါတီသည် အစိုးရအဖွဲ့တွင် ပါရှိနေသင့်ကြောင်း၊ လိုက်စီနီယာသည် ၎င်းပါတီတစ်ခုတည်းဖြင့် အစိုးဖွဲ့ရန် အမတ်နေရာ ၁၀ ရာခိုင်နှုန်းကျော်လိုအပ်နေသေးကြောင်း ထပ်မံဆုံးဖြတ်လိုက်ပါသည်။

## သတ်သေသူအား ကူညီခွင့် အခွင့်အရေး

ဩစတြေးလျနိုင်ငံတွင် ကင်ဆာရောဂါနှင့် နာတာရှည်ရောဂါစွဲကပ်နေသော အသက် ၇၀ အရွယ် အမျိုးသမီးတစ်ဦးသည် သူမအား ညင်သာသောနည်းဖြင့် ဘဝအဆုံးသတ်ရေးအတွက် တစ်ဦးဦးအား ကူညီခွင့်ပြုရန် တရားရုံးသို့ အယူခံတင်သွင်းခဲ့ပါသည်။ ကိုယ်အလေးချိန် ၂၇ ကီလိုသာကျန်ပြီး သွားအကုန်လုံးနီးပါး မကျန်တော့သော နန်စီ–ကရစ် (Nancy Crick)သည် စားသမျှပြန်လည်အန်ထွက်ပြီး အိမ်သာနှင့်သာ တစ်ညတစ်ညအချိန်ကုန်ဆုံးနေရသူဖြစ်သည်။ ဩစတြေးလျနိုင်ငံရှိ မြောက်ပိုင်းပြည်နယ်၌ မိမိကိုယ်ကိုသတ်သေခြင်းတွင် ကူညီပေးသူများအားခွင့်ပြုသည့်ဥပဒေကို ကမ္ဘာပေါ်တွင် ပထမဦးဆုံးအနေဖြင့် ၁၉၉၆ ခုနှစ်က ပြဋ္ဌာန်းပေးခဲ့သည်။ သို့ရာတွင် လူနာ ၄ ဦး သတ်သေမှုအပြီး ၁၉၉၇ ခုနှစ်တွင် ပြည်ထောင်စုအစိုးရက ဗီတိုအာဏာဖြင့် ထိုဥပဒေအား ပယ်ဖျက်လိုက်သည်။

မိမိကိုယ်ကိုသတ်သေခြင်းသည် ထိုနိုင်ငံတွင် တရားဝင်ဖြစ်သည်။ သို့သော် သတ်သေသူများအားကူညီပေးခြင်းဖြင့် အကူအညီပေးသူသည် တစ်သက်တစ်ကျွန်းအထိ ပြစ်ဒဏ်ကျခံရနိုင်သည်။ တောင်ဖက် ဗစ်တိုးရီးယားပြည်နယ်တွင် ခုခံအားကျဆင်းရောဂါခံစားနေရသည့်လူတစ်ဦးသတ်သေရာတွင် အကူအညီပေးခဲ့သည့် အမျိုးသားတစ်ဦးအား ၂၀၀၂ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် တစ်သက်တကျွန်းချမှတ်လိုက်ရာ ၎င်းသည် ဩစတြေးလျနိုင်ငံတွင် သတ်သေသူကိုကူညီသဖြင့် ပထမဦးဆုံး တသက်တကျွန်းချခံရသူဖြစ်သည်။

လူ့အခွင့်အရေးလှုပ်ရှားသူများက လူတစ်ယောက်သည် ၎င်း၏ကြမ္မာအား ၎င်းဖာသာစီမံခွင့်ရှိသည်ဟူသည့်မူအရ ၎င်း၏ဆန္ဒပြည့်ဝစေရန် အကူအညီပေးသင့်သည်ဟူသောရှုထောင့်မှ သူမအားထောက်ခံကြပြီး တရားဝင်အကူအညီပေးခွင့်ကိုလည်း ဥပဒေပြဋ္ဌာန်းပေးရန် တောင်းဆိုလှုပ်ရှားမှုများရှိပါသည်။

## ခမာနီတရားစီရင်ရေး ခုံရုံးထူထောင်မှုဆွေးနွေးရန် ကုလသမဂ္ဂအား အချိန် ၃ လပေး

ကမ္ဘောဒီးယားအစိုးရနှင့် ကုလသမဂ္ဂတို့အကြား ခမာနီခေါင်းဆောင်ဟောင်းများအားစစ်ဆေးရန် ခုံရုံးထူထောင်ရေးကိစ္စဆွေးနွေးမှုအား ကုလသမဂ္ဂဖက်မှ ဖေဖော်ဝါရီလ

၈ ရက်နေ့တွင် ရပ်ဆိုင်းလိုက်ပါသည်။ အထူးခုံရုံးထူထောင်ရေးနှင့်ပတ်သက်၍ ကမ္ဘောဒီးယား၏မူဝါဒသည် လွတ်လပ်ခြင်းနှင့် ဘက်လိုက်မှုမရှိခြင်းတို့အား အာမခံနိုင်ဟူသောအကြောင်းပြချက်ဖြင့် ဆွေးနွေးရေးရပ်ဆိုင်းခြင်းဖြစ်ကြောင်း ကုလသမဂ္ဂဖက်ကဆိုသည်။ အချို့သုံးသပ်သူများက အကယ်၍ ကုလသမဂ္ဂမပါပဲ ဤအမှုစစ်ဆေးပါက အ စိုးရအနေဖြင့် ၎င်းတို့ရွေးချယ်ထားသည့် ခေါင်းဆောင်ဟောင်း တရားခံများကိုသာ စစ်ဆေးလိမ့်မည်ဖြစ်ပြီး လက်ရှိအစိုးရအဖွဲ့တွင်ပါဝင်နေသည့် ခမာနီခေါင်းဆောင်အချို့နှင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးထားသော အခြားခမာနီထိပ်တန်းခေါင်းဆောင်များကို ချန်ထားလိမ့်မည်ဟု သုံးသပ်ကြပါသည်။ ထိန်းသိမ်းခြင်းခံထားရသည့် တာမွတ် (Ta Mok) နှင့် ဒချ်ဟုလူသိများသော ကဲန်-ကစ်-အူး (Kang Kek Ieu) နှစ်ဦးတို့ဖြင့် တရားစီရင်ရေးကို စတင်ရန်ရှိပါသည်။ ၎င်းတို့နှစ်ဦးအား ၁၉၉၉ ခုနှစ်ကတည်းက ဖမ်းဆီးထိန်းသိမ်းထားရှိရာ တည်ဆဲဥပဒေအရ ၎င်းတို့အား ၃ နှစ်သာလျှင် ထိန်းသိမ်းခွင့်ရှိသည်။ အသက် ၇၅ နှစ်အရွယ်ရှိ တချိန်က သားသတ်သမားဟုကျော်ကြားခဲ့သည့် တာမွတ်နှင့် အသက် ၆၀ အရွယ်ရှိ ၁၉၇၅-၁၉၇၉ ခုနှစ်များအတွင်း လူတစ်သောင်းခြောက်ထောင်ခန့်အား အကြီးအကျယ်ဒုက္ခရောက်စေခဲ့သည့် တောက်တလန်းထောင်၏ တာဝန်ရှိသူ ကဲန်-ကစ်-အူး သည် မတ်လ ၆ ရက်နေ့နှင့် မေလတို့တွင် ထောင်သက်တမ်း ၃ နှစ်စီ အသီးသီးပြည့်တော့မည်ဖြစ်သည်။

တာမွတ်အား အစိုးရတရားလိုဖက်မှ လူသားမျိုးနွယ်အပေါ်ဆန့်ကျင်ကျူးလွန်သည့်အမှုဖြင့် စွဲချက်တင်လိုက်ပြီဖြစ်ရာ အစိုးရအနေဖြင့် ၎င်းအားဆက်လက်ထိန်းသိမ်းခွင့်ရှိသွားပြီဖြစ်သည်။ လက်ရှိဝန်ကြီးချုပ်ဟွန်ဆန်းက တရားခံများအား တရားမစွဲပဲ လွတ်ပေးလိမ့်မည်မဟုတ်ကြောင်း၊ ၎င်းတို့အား ၃ နှစ်ထက်ပို၍ ထိန်းသိမ်းထားနိုင်သည့် ဥပဒေအသစ်တစ်ရပ် ပြဌာန်းမည်ဖြစ်ကြောင်း၊ အကယ်၍ ကုလသမဂ္ဂက ခမာနီတရားစီရင်ရေးကိစ္စတွင် ကပ်သတ်နေပါက မိတ်ဆွေနိုင်ငံများထံမှ တရားသူကြီးများအား အကူအညီတောင်းခံမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအတွက် ဆုံးဖြတ်ချက်အားပြင်ဆင်ရန် နောက်မကျသေးကြောင်းလည်း ၎င်းကဆိုသည်။

ကမ္ဘောဒီးယားအစိုးရအနေဖြင့် ၁၉၉၆ ခုနှစ်အတွင်းက လွတ်ငြိမ်းချမ်းသာခွင့်ပေးထားသည့် နိုင်ငံခြားရေးဝန်ကြီးဟောင်း အဲင်-စရီ (Ieng Sary) နှင့် ဝန်ကြီးချုပ်ဟောင်း (Khieu Saphan) တို့အပါအဝင် ခမာနီခေါင်းဆောင်ဟောင်း ၁၀ ဦးခန့်အား တရားစွဲဆိုခြင်းမပြုလိုပေ။ ဝန်ကြီးချုပ်က အကယ်၍ ၎င်းတို့အား တရားစွဲခြင်းဖြင့် ကမ္ဘောဒီးယားတဝှမ်းရှိ ခမာလူမျိုးများက လက်နက်ကိုင်ဆန့်ကျင်ခြင်းဖြင့် ပြည်တွင်းစစ်ပြန်လည်ဖြစ်လာနိုင်သည်ဟု ဆိုဖူးပါသည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ထုတ်ပြန်ကြေညာသည့် ခုံရုံးထူထောင်ရေးဆွေးနွေးပွဲမှထွက်ခွာသည့် ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်အပေါ် ပြင်သစ်၊ အမေရိကန်ပြည်ထောင်စု၊ ဂျာမဏီ၊ ဩစတြေးလျနှင့် ဂျပန်တို့က ပြန်လည်စဉ်းစားရန် တိုက်တွန်းထားကြသည်။ ဝန်ကြီးချုပ်ဟွန်ဆန်းကလည်း ကုလသမဂ္ဂအား ခုံရုံးထူထောင်ရေးဆွေးနွေးမှု ပြန်လည်ပြုလုပ်ရန် ၃ လ အချိန်ပေးမည်ဖြစ်ပြီး အကယ်၍ ၃ လ အတွင်းပြန်လည်မဝင်ရောက်လာပါက ၎င်းတို့ဘာသာ စတင်စစ်ဆေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ပြောဆိုလိုက်ပါသည်။

## မီလိုဆေးဗစ် တစ်သက်တကျွန်းကျခံရဖွယ်ရှိ

၁၉၉၀ ခုနှစ်များအတွင်း ခရိုအေးရှ၊ ဗောစနီးယားနှင့် ကိုဆိုဗိုဒေသများတွင် ဆာဗ်စစ်တပ်များ၏ ဆာဗ်မဟုတ်သော တိုင်းရင်းသားများအပေါ်ကျူးလွန်ခဲ့သည့်ပြစ်မှုများအတွက် တာဝန်ရှိသည်ဟုစွပ်စွဲခံရသည့် ယူဂိုစလားဗီးယား သမ္မတဟောင်း စလိုဗိုတန်–မီလိုဆေးဗစ်အား ယူဂိုစလားဗီးယားဆိုင်ရာ နိုင်ငံတကာရာဇဝတ်အထူးခုံရုံး (International Criminal Tribunal for former Yugoslavia – ICTY) ၌ ဖေဖော်ဝါရီလ ၁၂ ရက်နေ့က စတင်ရုံးတင် စစ်ဆေးခဲ့ပါသည်။ ထိုဘော်လကန်ဒေသစစ်ပွဲများကြောင့် လူထောင်ပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရပြီး လူတစ်သန်းကျော် ကစဉ့်ကလျားဖြစ်သွားခဲ့ရသည်။ တရားရုံးက ၎င်းအား လူအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်အမှုများဖြင့်စွဲစွပ်ထားရာ ၎င်းက နိုင်ငံတွင်းအကြမ်းဖက်မှုများမှ ကာကွယ်ရန်နှင့် စည်းလုံးညီညွတ်မှုအား ထိန်းသိမ်းရန်ဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။ ဥပဒေပညာရပ်ကိုဆည်းပူးခဲ့သော်လည်း ဥပဒေနှင့်အညီ ကျင့်ကြံခြင်းမရှိခဲ့သည့် မီလိုဆေးဗစ်က ၎င်းအတွက်ရှေ့နေခေါ်ရန်ငြင်းဆိုခဲ့ပြီး ၎င်းကိုယ်တိုင်သာ တရားရုံးရှေ့တွင် ခုခံ ပြောဆိုခဲ့သည်။

ဘော်လကန်စစ်ပွဲများတွက် တာဝန်ရှိသူ စစ်တရားခံဟူသောစွပ်စွဲချက်ကို မီလိုဆေးဗစ်က တရားရုံးတော်တွင် ထပ်တလဲလဲငြင်းဆိုခဲ့ပြီး ဤတရားခွင်သည် တရားမျှတမှုမရှိကြောင်းနှင့် ၎င်းအပါအဝင်၊ ၎င်း၏တိုင်းပြည်နှင့် လူမျိုးများအား အကြီးအကျယ်ဂုဏ်သိက္ခာထိခိုက်စေမည့်ကိစ္စရပ်အားရင်ဆိုင်ရန် ဤတရားရုံးသို့ပို့ဆောင်ခြင်းခံခဲ့ရကြောင်းလည်းဆိုပါသည်။

၎င်းက ၁၉၉၉ ခုနှစ်အတွင်း ယူဂိုစလားဗီးယားကို ဗုံးကျဲတိုက်ခိုက်ခဲ့သည့် နေတိုး (Nato) မဟာမိတ်အဖွဲ့နှင့် အနောက်ဥရောပနိုင်ငံများသာလျှင် အမှန်တကယ် စစ်တရားခံများဖြစ်ကြောင်း၊ ၎င်းတို့မှာ တစ်ကမ္ဘာလုံးအား ထိန်းချုပ်လိုသူများသာဖြစ်ကြောင်း တရားရုံးတော်မှနေ၍ စွပ်စွဲလိုက်ပါသည်။ ၎င်းကဆက်လက်၍ ယူဂိုစလားဗီးယားအား ၁၉၉၉ ခုနှစ်က နေတိုး (Nato) မဟာမိတ်အဖွဲ့ဝင်ရောက် တိုက်ခိုက်ခဲ့မှုအပေါ် အမေရိကန်သမ္မတဟောင်း ဘီလ်–ကလင်တန်အပါအဝင်၊ နိုင်ငံခြားရေးဝန်ကြီးဟောင်း မက်ဒလိုင်း–အော်ဗရိုက်၊ လက်ရှိ အင်္ဂလန်နိုင်ငံဝန်ကြီးချုပ် တိုနီ–ဗလဲ၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ကိုဖီ–အာနန်၊ အီတလီနှင့် ဂျာမဏီမှခေါင်းဆောင်များအား ဆင့်ခေါ်မည်ဖြစ်ကြောင်းလည်းဆိုပါသည်။

ဥပဒေပညာရှင်များက ဆာဗ်စစ်တပ်များကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် မီလိုဆေးဗစ်အပေါ် တိုက်ရိုက်တရားစွဲဆိုရန် ရှုပ်ထွေးနိုင်သည်ဟုထောက်ပြကြပါသည်။ သို့သော် မီလိုဆေးဗစ်အား ဘောစနီးယားစစ်ပွဲ (၁၉၉၂–၁၉၉၅)၊ ခရိုအေးရှစစ်ပွဲ (၁၉၉၁–၁၉၉၅)၊ ကိုဆိုဗိုစစ်ပွဲ (၁၉၉၈–၁၉၉၉) များအတွင်း နှိပ်စက်မှု၊ သတ်ဖြတ်မှုများနှင့် အခြား ရက်စက်စွာကျူးလွန်ခဲ့သည့်အမှုများနှင့်ပတ်သက်၍ ဖဲချက် စွပ်စွဲထားရာ ၎င်း၏အမှုသည် နှစ်နှစ်ခန့်ကြာနိုင်ပြီး ပြစ်မှုထင်ရှားပါက တသက်တကျွန်းအထိ ကျခံရရန်ရှိပါသည်။

## အရှေ့တီမောတွင် ကျူးလွန်ခဲ့သူများအား ပထမဦးဆုံးအကြိမ် တရားစွဲ

၁၉၉၉ ခုနှစ်အတွင်းက အရှေ့တီမော၌ အင်ဒိုနီးရှားနိုင်ငံလက်အောက်မှ လွတ်လပ်ရေးယူရေး၊ မယူရေးအတွက် ဆန္ဒမဲပေးကြရာတွင် လွတ်လပ်ရေးယူသည့်ဖက်မှ ထောက်ခံမဲပေးသည့်ပြည်သူများအပေါ် ဆန့်ကျင်ကျူးလွန်မှုများတွင် တာဝန်ရှိသည်ဟု စွပ်စွဲထားခြင်းခံရသည့် ပုဂ္ဂိုလ် ၁၈ ဦးအနက် ၇ ဦးအား လူအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြင့် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် အင်ဒိုနီးရှားတရားရုံးက စွဲချက်တင်လိုက်ပါသည်။ ၎င်းတို့မှ အချို့အား မတ်လ ၁၄ ရက်နေ့တွင် ဖေဖေါ်ဝါရီလအတွင်းကမှထူထောင်ထားသည့် လူ့အခွင့်အရေးအထူးခုံရုံးတွင် စတင်ရုံးတင်စစ်ဆေးခဲ့ရာ ဤသည်မှာ အရှေ့တီမောတွင်လူ့အခွင့်အရေးချိုးဖောက်ခဲ့သည့်အရာရှိများအား အင်ဒိုနီးရှားအစိုးရ၏ ပထမဦးဆုံးအကြိမ် တရားရုံးတင်စစ်ဆေးခြင်းဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်း၏ ဖိအားပေးမှုကလည်း တရားရုံးတင်စစ်ဆေးရေးကို တွန်းအားဖြစ်စေခဲ့သည်။

ထိုအရာရှိများအား အကြမ်းဖက်မှုများအတွက် တာဝန်ရှိသူများအဖြစ်လည်းကောင်း၊ အကြမ်းဖက်မှုကိုထိန်းသိမ်းရန် တာဝန်ပျက်ကွက်မှုဖြင့်လည်းကောင်း၊ အကြမ်းဖက်မှုများကိုကျူးလွန်ခဲ့ကြသည့် လွတ်လပ်ရေးရယူရေးကို မထောက်ခံသောအုပ်စုများ၏ နိုင်ငံအဝှမ်းလူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အကြမ်းဖက်မှုများ၏နောက်ကွယ်တွင် ပါဝင်နေမှုဖြင့်လည်းကောင်း စွပ်စွဲထားသည်။

စွပ်စွဲခံထားရသော လူ ၁၈ ဦးထဲတွင် အရပ်ဖက်အရာရှိများ၊ ရဲဖက်အရာရှိများအပြင်၊ စစ်ဖက်အရာရှိအချို့ပါဝင်သော်လည်း အခြားစစ်ဖက်ထိပ်တန်းအရာရှိများနှင့် ထိုအချိန်က အရှေ့တီမောတွင် အဓိကတာဝန်ရှိသူတစ်ဦးဖြစ်သော စစ်တပ်အကြီးအကဲ ဗိုလ်ချုပ်ကြီးဝရန်တိုတို့ မပါဝင်သဖြင့် လူ့အခွင့်အရေးရှေ့နေများက မေးခွန်းများထုတ်ကြပါသည်။

၁၉၉၉ ခုနှစ်အကြမ်းဖက်မှုများအတွင်း ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှစ်ကျောင်းအား တိုက်ခိုက်မှုအပါအဝင်၊ နိုင်ငံတဝှမ်းလုံး၌ သေဆုံးသူအနည်းဆုံး ၁၀၀၀ ကျော်ရှိကြောင်း ကုလသမဂ္ဂကခန့်မှန်းပါသည်။ ၎င်းတို့အား တရားစွဲခြင်းမှာ မျှတမှုမရှိကြောင်းနှင့် အမေရိကန်နှင့် ဩစတြေးလျနိုင်ငံတို့၏ ဖိအားပေးမှုကြောင့်သာလျှင် တရားစွဲဆိုခြင်းဖြစ်ကြောင်းဖြင့် ကန့်ကွက်သူများလည်းရှိပါသည်။ တရားခံရှေ့နေများက စွပ်စွဲခံရသူတို့မှာ ၎င်းတို့အားပေးအပ်ထားသည့်တာဝန်များအရ လုပ်ရခြင်းသာဖြစ်ကြောင်းဆိုပါသည်။ မည်သို့ပင်ဖြစ်စေ ၎င်းတို့သည် အပြစ်ရှိကြောင်းထင်ရှားပါက ထောင်ဒဏ် ၁၀ နှစ်မှ တသက်တကျွန်းအထိကျခံရနိုင်ပါသည်။